

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂု ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

tw(12)? trw(8) 2002 rw 7 wi pwixwa0on 1375 cEp? wec;vjynaus 7 &u ? umoyaw;? (ar 2 ? 2013)







မြန်မာအစိုးရက နှစ်ပေါင်း ၇၀နီးပါး ပြင်ဆင်မှု မပြုလုပ်ခဲ့သော သေမင်းတမန်ရထားလမ်းကို ကမ္ဘာလှည့်များအား ဆွဲဆောင်နိုင်ရန် ပြန်လည်ပြုပြင်သွားမည်ဖြစ်သည်။ သေမင်းတမန်ရထားလမ်း ဖြတ်သန်းသွားသော ကွေးမြစ်တံတားပေါ်တွင် ကမ္ဘာလှည့်ခရီးသွားများကို မေ ၂၄ရက်ကတွေ့ရစဉ်။သတင်းဆောင်းပါး-စာ(၃၄)သို့ ဓာတ်ပုံ - AFP

## အပူဒဏ်ကြောင့် ငါးနှင့်ကြက်များသေဆုံး

**အောင်သစ်လွင်**

**ရန်ကုန်၊မေ-၂၉**

အပူရှိန်မြင့်မားနေသောကြောင့် ရေတာရှည်နှင့် မြင်းခြံမြို့တို့တွင် မွေးမြူရေးငါးနှင့်ကြက်အချို့သေဆုံးမှုများရှိနေကြောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ငါးမွေးကန်များတွင် မေတတိယပတ်မှစတင်၍ တစ်ပိဿာခန့်ရှိ ငါးကြီးများ နေ့စဉ်သေဆုံးနေပြီး တစ်နေ့လျှင် ပိဿာ ၃၀ ခန့်အထိရှိရာ ငွေကြေးအနေဖြင့် နေ့စဉ်ကျပ်တစ်သိန်းခွဲခန့် ဆုံးရှုံးမှုရှိကြောင်း ဒေသခံငါးမွေးမြူရေးလုပ်ငန်းရှင်ဦးအောင်စိုးကပြောသည်။

အလယ်ပိုင်းဒေသ မြင်းခြံမြို့ရှိကြက်ခြံအချို့တွင်လည်း အပူချိန်မြင့်တက်၍ ရုတ်တရက်သေဆုံးသောရောဂါ (Heat Stroke) ဖြင့် ကြက်အချို့သေဆုံးမှုဖြစ်နေပြီး နေ့လယ်ဘက်တွင် ကြက်ခြံများပေါ်သို့ရေမောင်းတင်၍ အပူဒဏ်သက်သာရန် ပြုလုပ်ပေးနေရကြောင်း ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ဦးအုန်းလှိုင်ကပြောသည်။

**စာ(၈)သို့**

## ကျောင်းကောင်စီများ ပြန်လည်ဖွဲ့ စည်းမည်

**နေလင်းထွန်း**

**ရန်ကုန် မေ-၂၅**

အခြေခံပညာကျောင်းများတွင် ခေတ်စနစ်နှင့်အညီ ဒီမိုကရေစီ ဆိုင်ရာ အတွေးအခေါ်၊ အပြုအမူ၊ အလေ့အကျင့်များရရှိစေရန် ကျောင်းကောင်စီများကို ဇူလိုင်လအတွင်း အပြီးဖွဲ့စည်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

စာသင်ခန်းနှင့်ကျောင်းဝင်းတွင်း ဒီမိုကရေစီလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျောင်းကောင်စီများ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကျောင်းကောင်စီအတွင်းရေးမှူးနှင့် အသင်းခေါင်းဆောင်များကို ကျောင်းသား၊ ကျောင်းသူများ၏ သဘောဆန္ဒနှင့် ရွေးချယ်သွားမည်ဖြစ်သည်။

**သတင်းအပြည့်အစုံစာ(၁၅)သို့**

## ဗျူဟာအခင်းအကျင်းများနဲ့ ဖုန်းဈေးကွက်လုပ်ပွဲ

မြန်မာနိုင်ငံတွင် လာမည့် ဇွန်လ ၂၇ရက်၌ဆန်ခါတင်ရွေးချယ်ထားသော မိုဘိုင်းဖုန်းကုမ္ပဏီ ၁၂ခုထဲမှ နှစ်ခုကို လုပ်ပိုင်ခွင့်အတွက် ရွေးချယ်တော့မည်ဖြစ်ပါသည်။

ထူးခြားမှုတစ်ခုမှာ မကြီးမားလှသော ဆဲလ်ဖုန်းကုမ္ပဏီတစ်ခုဖြစ်သည့် Digicel Group Ltd သည်လည်း ကုမ္ပဏီကြီးများနှင့် အပြိုင်လေလံဆွဲနိုင်မည့် ဆန်ခါတင်စာရင်းတွင်ပါဝင်လာခြင်းဖြစ်သည်။

ကမ္ဘာ့ဆဲလ်ဖုန်း သုံးစွဲသူအရေအတွက်စာရင်းတွင် အဆင့် ၆၅ သာ ပေါက်နေသည့်ကုမ္ပဏီငယ်တစ်ခုအတွက် ကုမ္ပဏီကြီးများနှင့်အပြိုင် လေလံဆွဲနိုင်မည့် ဆန်ခါတင်စာရင်းတွင် ပါဝင်နိုင်စေရန် Digicel သည် ၂၀၀၉ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို လေ့လာခဲ့ပြီး ၂၀၁၂ နှစ်ဆန်းကပင် စတင်ဝင်ရောက်ခဲ့သည်။

Digicel၏ ဗျူဟာမှာ ရင်းဝင်ရောက်လိုသည့် နိုင်ငံအတွင်း ကြိုတင်ရင်းနှီးမှုရယူခြင်းဖြစ်သည်။ Digicelသည် မြန်မာနိုင်ငံထဲသို့ စောလျင်စွာခြေစုံပစ်ဝင်ရောက်ရာတွင် ဝန်ထမ်းများကို ငှားရမ်းနေခဲ့ရုံသာမကပြည်တွင်းအားကစားပွဲများကို ရန်ပုံငွေထောက်ပံ့ခြင်း၊

**စာ(၈)သို့**



ဘောလုံးပွဲစဉ်တစ်ခုတွင် အမှတ်တံဆိပ်မြှင့်တင်ရေးပြုလုပ်နေသော Digicel


5 သူ့နာမည် မနှင်းဆီ

15 နိုင်ငံ့အနာဂတ်နှင့် ပညာရေးအသုံးစရိတ် ၅ဒသမ၈

9 တိုးမြှင့်လာသည့် ကျန်းမာရေးဘတ်ဂျက်နှင့် ရှေ့အလားအလာ


## အင်းလေးကန်စပ်တွင် မြေဖို့သော ဟိုတယ်ကို တားမြစ်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က အင်းလေးကန်စပ်တွင် ကန်မြေဖို့နေခြင်းအားရပ်ဆိုင်းထားရန်ဟိုတယ်တစ်လုံးကိုမေ ၂၅ရက်တွင် ရုံးတွင်းအကြောင်းကြားစာပို့ကာ တားမြစ်ခဲ့ကြောင်း ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

**စာ(၂)သို့**




7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013



*လှည်းတန်းခုံးကျော်တံတားအား တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လှည်းတန်းခုံးကျော်တံတားအတွက် တိုင်းဒေသကြီးအစိုးရ အကြွေးဆပ်ရမည်

**မင်းဟိန်းကျော်**

**ရန်ကုန်၊**

**ဧပြီ-၂**

ရန်ကုန်မြို့ရှိ လှည်းတန်းခုံးကျော်တံတားသည် ကုမ္ပဏီတစ်ခု၏ ငွေကြေးအကူအညီရယူတည်ဆောက်ခြင်းဖြစ်ပြီး မော်တော်ယာဉ် တင်သွင်းခွင့်မှ ရရှိသော အခွန်ငွေများဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောသည်။

ဧပြီလ ၂၇ ရက်က ပြုလုပ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများတွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

“အခုမော်တော်ယာဉ်တင်သွင်း ခွင့်တွေပေးလို့ ယာဉ်ကြောကျပ်တည်းမှုဖြစ်လာတယ်။ အဲဒါကြောင့် လမ်းပိတ်ဆို့မှုတွေ လျှော့ကျဖို့ ခုံးကျော်တံတားတွေ တည်ဆောက်နေပါတယ်။ လှည်းတန်းခုံးကျော်တံတားအတွက် ကုန်ကျတဲ့ငွေတွေကိုမော်တော်ယာဉ်တင်သွင်းခွင့်ကရတဲ့ အခွန်ငွေတွေနဲ့ ပြန်ပေးဆပ်ရမှာ ဖြစ်ပါတယ်” ဟု ဦးအောင်ခင်ကပြောသည်။

ရန်ကုန်မြို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် သဘောတူစာချုပ် ချုပ်ဆို၍ ရေရှည်အစီအစဉ်များလုပ်ဆောင်နေပြီး လမ်းပိတ်ဆို့မှုလျှော့နည်းစေရန်အတွက် လတ်တလော အသုံးပြုနိုင်မည့် ရေတိုအစီအစဉ်များ အသုံးပြုနေကြောင်း ဝန်ကြီးက ပြောသည်။

“ယာဉ်စည်းကမ်းလိုက်နာရေး ကို တင်းတင်းကျပ်ကျပ် လုပ်နေတယ်။ အရင်က ယာဉ်ထိန်းရဲရာဂဏန်းလောက်ကနေ အခုယာဉ်ထိန်းရဲ ထောင်ဂဏန်းအထိထားပြီး ယာဉ်ကြောပိတ်ဆို့မှုတွေကို ရှင်းနိုင်အောင်လမ်းဆုံတိုင်းမှာ ယာဉ်ထိန်းရဲတွေ ချထားတယ်။ ယာဉ်ကြောချောင်အောင် နည်းပေါင်းစုံ ဆောင်ရွက်နေတယ်”ဟုလမ်းပန်းဆက်သွယ်ရေးဝန်ကြီးကဆိုသည်။

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုအများဆုံး နေရာတစ်ခုဖြစ်သည့် လှည်းတန်းလမ်းဆုံတွင် ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ် မတ် ၁၁ မှ စ တင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ဧပြီ ၁၀ ရက်တွင် မော်တော်ယာဉ်များအားစတင်ဖြတ်သန်းခွင့်ပေးခဲ့ကာမြန်မာကျပ်ငွေ၁၄ဒသမ၄၈၇ ဘီလီယံ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

# အင်းလေးကန်စပ်တွင် မြေဖို့သော ဟိုတယ်ကို တားမြစ်

**အိဖြူမွန်**

**ရန်ကုန်၊ ဧပြီ-၂၅**

အင်းလေးကန်စပ်တွင် ကန်မြေဖို့နေခြင်းအား ရပ်ဆိုင်းထားရန် ရွှေဟင်္သာဟိုတယ်ကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ဧပြီ ၂၅ ရက်တွင် ရုံးတွင်းအကြောင်းကြားစာ ပို့ကာ တားမြစ်ခဲ့ကြောင်း ညောင်ရွှေမြို့နယ်အုပ်ချုပ်မှုးရေးရုံးမှ သတင်းရရှိသည်။

အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကန်ရေပြင် မကျဉ်းမြောင်းရန်အတွက် လူကြီးမင်းတို့၏ ဟိုတယ်မှ မြေဖို့ဆောင်ရွက်နေခြင်းကို ချက်ချင်းရပ်ဆိုင်းထားရန် အကြောင်းကြားပါကြောင်း ဟိုတယ်ပိုင်ရှင်ဦးလှရွှေအားလိပ်မူပြီး လွှဲစာများကိုမြို့နယ်အာဏာပိုင်များမှတစ်ဆင့် အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှုးရုံးအပါအဝင် သက်ဆိုင်သည့် ဌာနဆိုင်ရာများကို အကြောင်းကြားစာ ပို့ထားကြောင်း ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှုးရုံးမှ သတင်းရရှိသည်။

“အုပ်ချုပ်ရေးဘက်ကတိုင်စာ ပို့ထားလို့ ယာယီတားတာပါ”ဟု ညောင်ရွှေအုပ်ချုပ်ရေးမှုးက ပြောသည်။ ရွှေဟင်္သာဟိုတယ် အသစ်တည်ဆောက်ရေးအတွက် ယခုမြေဖို့နေသော နေရာသည် မိုးရာသီတွင် ကန်ရေပြင်ဖြစ်ပြီး နွေရာသီတွင် ကန်စပ်ဖြစ်ပေါ်လျက်ရှိသည်။ မြေဖို့နေခြင်းမှာ အချိန်ကြာမြင့်နေပြီး ဒေသခံအင်းစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်သည့် ဌာနဆိုင်ရာ ရှစ်ခုကို အကြောင်းကြားစာ ပေးပို့ခဲ့ပြီး နောက်တစ်ပတ်အတွင်း ထိုစာထွက်ပေါ်လာခြင်းဖြစ်သည်။

“ဟိုတယ်ခရီးဝန်ကြီး လာတုန်းက မြေမဖို့ဖို့ပြောသွားတယ်။ ဒါပေမဲ့လည်း ဖို့နေတော့ ဌာနဆိုင်ရာကနေတစ်ဆင့် အကြောင်းကြားစာပို့တာပါ။ မလိုက်နာဘူးဆိုရင် ဆန္ဒပြဖော်ထုတ်ဖို့ စိတ်ကူးထားတယ်။ သူတို့ အဲဒီလိုမျိုးလုပ်နေကြရင် အင်းသားတွေက ကန်ထိန်းသိမ်းဖို့ကြတော့ ငါတို့ကိုကျတော့ပြောနေပြီး သူတို့ထင်သလို လုပ်နေတယ်လို့ မြင်ကြလိမ့်မယ်” ဟု အင်းစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌဖြစ်သူကပြောသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ကန်မြေဖို့နေခြင်းနှင့်ပတ်သက်ပြီး ဟိုတယ်ခရီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် နှုတ်စကားဖြင့် ကန်ထိခိုက်မည့် လုပ်ရပ်များမလုပ်ကြရန် ပြောကြားခဲ့သော်လည်း ကန်မြေဖို့မှုကို ရပ်ဆိုင်းထားခြင်း မရှိကြောင်း ဒေသခံများက ပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013



# ကျပ် ၁၅၀၀ တန်ဖုန်းကိစ္စ အစိုးရသို့တိုင်ကြားမှု မရှိသေး

**နိုင်ချို၊ ဆွေမွန်၊ ကျင်းဆောင်**

**ရန်ကုန်၊မေ- ၂၉**

ကျပ်၁၅၀၀ တန်ဖုန်းဆင်းကတ်မဲ နှိုက်ရောင်းချမှုတွင် အချို့မြို့နယ်များတွင် မပြေလည်မှုများရှိသည်ဆိုသော်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ မည်သည့်တိုင်တန်းမှုများမရှိကြောင်း သတင်းရရှိသည်။

"တန်ဖိုးနည်းဆင်းမ်ကတ်မဲ နှိုက်ရောင်းချမှုနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီး အစိုးရ အဖွဲ့ကို အခုတိုင်ကြားထားတာ မရှိပါဘူး" ဟု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က ပြောသည်။

ကျပ် ၁၅၀၀ တန် မိုဘိုင်းဖုန်းဆင်းကတ်များ မဲနှိုက်ရောင်းချမှုစနစ်တွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ မရိုးမသား ပြုလုပ်မှုများရှိပါက သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း အသိပေးဖော်ပြထားသော်လည်း တိုင်ကြားမှုများ မရှိကြောင်း ဦးအောင်ခင်က ပြောသည်။



*ကျပ် ၁၅၀၀ တန်ဖုန်းဝယ်ယူခွင့်ရရှိရန် မဲနှိုက်နေစဉ်*

ဓာတ်ပုံ - ကျော်ဇင်သန်း

ရန်ကင်းမြို့နယ်ရှိ ရပ်ကွက်တစ်ခုနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိရပ်ကွက်အချို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ မသမာဘဲ မဲနှိုက်ရွေးချယ်မှုများရှိကြောင်း ရပ်ကွက်နေ လူထုထံမှ သတင်းရရှိသည်။

"၄၀ ရပ်ကွက်မှာ ဖြစ်သွားတာက သူတို့က ရွေးရမယ့် ရက်ထက်စောပြီး ရွေးလိုက်လို့ အချို့ကိစ္စတွေမှာ နားလည်မှုလွဲသွားတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ခေါ်ပြီး ပြောပြီးပါပြီ။ ပထမရွေးထားတာကို အတည်မယူဘဲ သတ်မှတ်ထားတဲ့ရက်မှာ ပြန်ရွေးခိုင်းလိုက်ပါတယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဖုန်းအလုံးရေချပေးမှုခွဲတမ်းနည်းသော မြို့နယ်များတွင် မြို့နယ်နေ လူထုအချို့၏ မကျေနပ်မှုများရှိကြောင်း အသက်(၃၅)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ရပ်ကွက်မှာ တစ်အိမ်ထောင်ကိုတစ်ယောက်ပဲလျှောက်ခွင့်ရှိတယ်။ ကျွန်မတို့မိသားစုမှာ သုံးယောက်လောက်က ဖုန်းလိုချင်တာ။ မဲနှိုက်တော့လည်း မပေါက်ဘူး"ဟု ပြောသည်။

ထိုကဲ့သို့ မပြေလည်မှုများ ရှိသော်လည်း ယနေ့အထိ ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့သို့ တိုင်ကြားမှုများမရှိသေးကြောင်း စုံစမ်းသိရှိရသည်။

## ရေရှားပါးမှု ပြဿနာ ယခင်နှစ်များထက်ပိုဆိုး

**အိဖြူမွန်၊ မင်းဟိန်းကျော်၊ ငြိမ်းချမ်း**

**ရန်ကုန်၊မေ - ၂၉**

ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်း ဒေသကြီးအတွင်းရေချို့ရှားမှု ယခင်နှစ်ကထက်ပိုခက်ခဲလာနိုင်ကြောင်း ဒေသခံများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံမှသတင်းရရှိသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ဇွဲကပင်တောင်ခြေရှိ ပီးချိုင်၊ တောင်နား၊ ပစ်ကွင်း၊ ရဲကာရွာ၊ ကမော့၊ ကသင်နှင့် သံလွင်မြစ်အနောက်ဘက်နတ်ကုန်း၊ ငှက်ပျော၊ ဓမ္မပါလကုန်း၊ လှကာကျေးရွာများရှိတွင်းရေများ၊ ကန်ရေများ လုံးဝခန်းခြောက်သွားကြောင်း၊ ဘားအံမြို့ပေါ်ရှိဇွဲကပင်ကုန်း အမှတ်(၉) ရပ်ကွက်များတွင်လည်း ရေအခက်အခဲကြုံနေရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန့်စေအွာက ပြောသည်။

"အရင်ကအဲဒီလောက်မခက်ဘူး၊ အခုက ပိုခက်တယ်။ တစ်ရွာကခန်းလို့နောက်တစ်ရွာသွားရင် နောက်တစ်ရွာကခန်း၊နောက်တစ်ရွာကူး၊ ထပ်ခန်း၊ အဲလိုကိုဖြစ်နေတာ။ တစ်ရွာနဲ့တစ်ရွာကနှစ်နာရီလောက်သွားရတော့ ဆိုင်ကယ်တို့၊ နွားလှည်းတို့နဲ့ ခပ်ကြရတယ်။ ရေလှူတဲ့အလုပ်ကို အားတဲ့အချိန်မှာလုပ်ရတော့မနိုင်ဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခင်ကထိုနေရာများတွင် မိုးရေကန်များရေခန်းလျက်ရှိသောကြောင့် အဝီစိတွင်းများတူးပေးခဲ့သော်လည်း ယခုယင်းရေတွင်းများပင်ခန်းခြောက်လာကြောင်း၊ ရေမရှိသောကျေးရွာများက ရေလာခပ်ပါက ထိုကျေးရွာပါရေတွင်းများခန်းပြီး ရေအခက်အခဲကြုံမည်ကို စိုးရိမ်ကာ ရေမခပ်ခိုင်းသည့်အဖြစ်အပျက်များရှိကြောင်း သိရသည်။

**စာမျက်နှာ(၈)သို့**

**ယနေ့ထုတ်ဂျာနယ်တွင် အထူးအချပ်ပို (၁၂) မျက်နှာပါဝင်ပြီး ဂျာနယ်အရောင်းဆိုင်များတွင် အခမဲ့ တောင်းယူနိုင်ပါသည်။**




7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

CRIME မှုခင်းသတင်း CORNER

## မင်္ဂလာကိစ္စညှိနှိုင်းစဉ် သတို့သမီးလောင်း ထိုးကြိတ်ခံရ

**သန်းဌေး**

**ရန်ကုန်၊ မေ-၂၆**

ခိုးရာလိုက်ပြေးပြီး လက်ထပ်စာချုပ်ချုပ်ဆိုထားသူနှစ်ဦးတို့ မင်္ဂလာပွဲကျင်းပရန်ညှိနှိုင်းရာမှ အဆင်မပြေဖြစ်ပြီး သတို့သမီးလောင်းအား ဝိုင်းဝန်းထိုးကြိတ်ကြသဖြင့် သတို့သားလောင်းနှင့် ရန် ပွဲတွင် ပါဝင်အားပေးသူကို ပုဒ်မခြောက်ခုဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

အလုံမြို့နယ်၊ ရောဝတီရပ် ကွက်၊ လူမှုဖူလုံရေးဝင်းအတွင်း နေထိုင်သူ အသက်(၁၉)နှစ်အရွယ် အမျိုးသမီးငယ်သည် လိုင်းတစ်ဝင်းထဲနေသူ အသက်(၂၂)နှစ် အမျိုးသားနှင့် ခိုးရာလိုက်ပြေးပြီး လက်ထပ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

မေ ၂၃ ရက် ည ၈ နာရီကျော်တွင် မင်္ဂလာဆောင်ကိစ္စအား သတို့သားလောင်းအိမ်၌ညှိနှိုင်းရာ အဆင်မပြေဖြစ်ပြီး သတို့သားလောင်းက ညစ်ညမ်းစွာဆဲဆို၍ သတို့သမီးလောင်း၏ မျက်နှာအား လက်သီးဖြင့် ထိုးသောကြောင့် လဲကျသွားသည်။ ထို့နောက် သတို့သားလောင်းက ၎င်း၏နေအိမ်ဘာရှိအတွင်းမှ ငှက်ကြီးတောင်ဓားအား ဆွဲထုတ်ပြီး ခုတ်ရန်ပြေးလာစဉ် ၎င်း၏ဖခင် နှင့် အနီးရှိလူများက ဝိုင်းဝန်းဖြန် ဖြေပေးခဲ့ကြသည်။ ထိုအချိန်တွင် သတို့သားလောင်း၏ ယောက်ဖဖြစ်သူ အသက်(၃၁)နှစ်ရှိခိုင်သင်းအောင်ကလည်း ဝါးတုတ်ဖြင့် ရိုက်ရန် ချိန်ရွယ်ပြီး ရင်ဘတ်အား ဆွဲသဖြင့် သတို့သမီးလောင်းအင်္ကျီ ရင်ဘတ်စုတ်ပြဲသွားသည်။

ထို့ကြောင့် သတို့သမီးလောင်းသည် ဘယ်ဘက်မျက်လုံး အောက်ပိုင်းနှင့် ဦးခေါင်းနာကျင်ကာ ခါးနှင့် ညာဘက်ဒူးခေါင်း ဒဏ်ရာရရှိခဲ့သောကြောင့် အလုံရဲစခန်းသို့သွား၍ သတို့သားလောင်းနှင့် ယောက်ဖတို့အား ပုဒ်မခြောက်ခုဖြင့် အမှုဖွင့်လိုက်သည်။

အလုံရဲစခန်းတွင် ပုဒ်မ ၂၉၄/၃၅၄/၃၂၃/ ၃၅၂/၅၀၆/၁၁၄ပုဒ်မ ခြောက်ခုတပ်ကာတရားခံများအားဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံရှိမှုခင်း မှတ်တမ်းများအရ သိရှိရသည်။

## ဆောက်လုပ်ရေးလုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံး

**သန်းဌေး**

**ရန်ကုန်၊ မေ-၂၅**

အလုပ်နားချိန် ဘောလုံးဝိုင်းဖွဲ့ ခတ်ကစားစဉ် ဘောလုံးလိုက်ကောက်ရာမှ လျှပ်စစ်စီးနေသော သံပြားပေါ်တက်နင်းမိ၍ ဆောက်လုပ်ရေးလုပ်သားတစ်ဦးဓာတ်လိုက်သေဆုံးသွားကြောင်း သတင်းရရှိသည်။

အမှုဖြစ်ပွားပုံမှာရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင်ပန်းရန်အလုပ်သမားဖြစ်သည့်အသက် ၂၃နှစ်ရှိမောင်ယမင်းဝင်းသည် မေ ၂၃ရက်ညနေ ၆နာရီ ၁၅ မိနစ်ခန့်က လုပ်ငန်းခွင်အတွင်း အခြားအလုပ်သမားများနှင့်အတူတူဘောလုံးအားဝိုင်းဖွဲ့ခတ်ကစားစဉ် လွင့်သွားသော ဘောလုံးအား လိုက်ကောက်ရာမှ လျှပ်စစ်စီးနေသော သံပြားပေါ်တက်နင်းမိ၍ ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်သည်။

အဆိုပါအလျားလေးပေ၊ အနံ့ပေနှစ်ဆယ်ရှိ သံပြားတွင် လျှပ်စစ်စီးဝင်နေရခြင်းမှာ သံပြားအနီးရှိ ရေစက်အားမောင်းထားသည့်ပေါက်ပြဲနေသောဝိုင်ယာကြိုးအပေါ်တွင် ဖိမိနေခြင်းကြောင့်ဖြစ်ကြောင်း အနီးရှိလူများက ပြောသည်။

အဆိုပါဖြစ်စဉ်သည် ကျောက်တံတားမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ဆိပ်ကမ်းသာအလယ်လမ်း၊ အမှတ် ၂၄၀/ ၂၄၂ရှိ Mother Land ဆောက်လုပ်ရေးကုမ္ပဏီ၏ အိမ်ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှေ့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အလောင်းအား ရန်ကုန်ဆေးရုံကြီးမှ ကျောက်တံတားရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၄/၁၃ဖြင့် အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊မဟုတ် စစ်ဆေးလျက်ရှိသည်။

## ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရန်မရှိသေးကြောင်း ဝန်ကြီးဌာနထုတ်ပြန်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၆**

ယဉ်ကျေးမှုဝန်ကြီးဌာနကမကြာမီ ဓမ္မစေတီ ခေါင်းလောင်း ဆယ်ယူရန် ပြင်ဆင်နေပြီဟု ဂျာနယ်အချို့တွင် စာရေးဆရာချစ်စံဝင်း ပြောကြားထားခြင်းမှာ မဟုတ်မှန်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

"လောလောဆယ် ဆယ်ယူဖို့ အစီအစဉ်မရှိသေးပါဘူး။ အခြားဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စတွေလည်း ရှိသေးတော့ မလုပ်ဖြစ်သေးဘူး"ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနနှင့် S.D Mark International LLP စင်ကာပူကုမ္ပဏီတို့ ပူးပေါင်းပြီး ၂၀၁၂ခုနှစ်ချက်ထရီယမ်ဟိုတယ်တွင်ဓမ္မစေတီခေါင်းလောင်းဆယ်ယူမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပေးခဲ့သော်လည်း အခြားဦးစားပေးဆောင်ရွက်ရမည့် နိုင်ငံတော် အဆင့်ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ယဉ်ကျေးမှု ဝန်ကြီးဌာနကပြင်ဆင်ထားသည်ဟု ပြောကြားချက်မှာ မဟုတ်မှန်ကြောင်း ပြောဆိုလိုက်သည်။

လွှတ်တော်တွင် ဓမ္မစေတီခေါင်းလောင်းဆယ်ယူရေးနှင့် ပတ်သက်ပြီး ဒုဝန်ကြီးက ပြောဆိုခဲ့ကြောင်း စင်ကာပူကုမ္ပဏီတစ်ခုက ကမ်းလှမ်းထားသည်လည်းရှိခဲ့ကြောင်းစာရေးဆရာချစ်စံဝင်းက ပြန်လည်ပြောဆိုခဲ့သည်။

"မမှန်တာကို ပြောတာမဟုတ်ပါဘူး။လွှတ်တော်မှာတောင် ဒုဝန်ကြီးကပြောခဲ့တယ်။ အရင်ဝန်ကြီး ဦးကျော်ဆန်းက ဆယ်မယ်လို့လည်း ပြောခဲ့တာပဲ။ ဆယ်စေချင်တဲ့ စေတနာပေါင်းပြီး ပြောခဲ့တာ"ဟု စာရေးဆရာ ချစ်စံဝင်းကပြောသည်။

နောက်ဆုံး ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲအပြီးတွင်ယဉ်ကျေးမှုဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးနေသော စင်ကာပူကုမ္ပဏီကို ခေါင်းလောင်းနစ်မြုပ်မှုနှင့်ပတ်သက်ပြီး လေ့လာခဲ့သူ စာရေးဆရာ ချစ်စံဝင်းက ကူညီပေးမည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

ဒေါပုံမြစ်ဝရေအောက်တွင် နစ်မြုပ်နေသည့် ဓမ္မစေတီခေါင်းလောင်းနှင့် ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၈၇ ခုနှစ်တွင် စတင်လေ့လာ သုတေသနပြုခဲ့ပြီး နောက် ၁၉၈၇၊ ၁၉၈၉၊ ၁၉၉၇-၁၉၉၈ ခုနှစ်များ၌ ရှာဖွေခဲ့ကြောင်းယဉ်ကျေးမှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## မိုးတိမ်တောင်ကြောင့် မေလကုန်ထိမိုးရွာနိုင်

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ-၂၅**



*ရန်ကုန်မြို့ ညနေခင်းမြင်ကွင်း* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မလေးရှားနှင့် ထိုင်းနိုင်ငံနယ်စပ်မှ ရွေ့လျားလာသော မိုးတိမ်တောင်ကြောင့် မြန်မာနိုင်ငံနေရာအနှံ့တွင် မေလကုန်အထိ မိုးရွာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မေလ ၂၄ရက်တွင် ပြောကြားသည်။

"မုတ်သုံမိုးနဲ့ ဆက်သွားမယ်လို့တော့ ပြောလို့မရသေးဘူး။ မနှစ်ကထက် မိုးရွာစောမယ်လို့တော့ ခန့်မှန်းထားတယ်" ဟု ၎င်းကပြော သည်။

မေဒုတိယပတ်မှ စတင်၍ မြန်မာနိုင်ငံတွင် အချိန်အခါမဲ့ မိုးများရွာသွန်းမှုကြောင့် ရိတ်သိမ်းချိန်ရောက်နေသောပဲစိုက်တောင်သူအချို့ အခက်အခဲကြုံတွေ့ခဲ့ရသော်လည်း နွေစပါးစိုက်တောင်သူအများစုမှာရေသွင်းချိန်ရောက်နေသောကြောင့် မိုးကိုမျှော်လင့်နေကြသည်။

"ငွေကြေးအကုန်အကျခံပြီး ရေသွင်းချင်တာတောင် ဆည်ကရေမရှိလို့ရွာမယ့်မိုးကိုပဲမျှော်နေရတာ"ဟု ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်မှ တောင်သူ ကိုမြင့်ဦးက ဆိုသည်။

ပြီးခဲ့သည့်နှစ်က မုတ်သုံလေနောက်ကျ၍ မိုးခေါင်ခဲ့သောကြောင့်မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ စိုက်ပျိုးတောင်သူများစုမှာ သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပုံမှန်နှစ်များထက် အထွက်နှုန်းလျော့နည်းခဲ့သည်ဟု ရွှေဘိုခရိုင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မေလ နောက်ဆုံးသီတင်းပတ် မိုးလေဝသ ခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာမုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိလာနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၆ ရက်မှ ၇ ရက်ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် ၄ရက်မှ ၅ ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ကြောင်း သတင်းရရှိသည်။

## မျိုးကျော့မြိုင်နှင့် အိမ်အကူ အမှုရုပ်သိမ်း

**အေးသူစံ**

**ရန်ကုန်၊ မေ-၂၅**

အဆိုတော်မျိုးကျော့မြိုင်နှင့် ၎င်း၏ အိမ်အကူတို့ အပြန်အလှန်တရားစွဲ ဆိုထားခြင်းကို ယခုလ ၄ရက်က နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ အမှုများရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

အမှုကို ရုပ်သိမ်းရန် နှစ်ဖက်လျှောက်ထားစာတွင် ယခုဖြစ်သည့်အမှုမှာ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် မူဝါဒများကို ထိခိုက်စေခြင်းမဟုတ်သည့်အမှုဖြစ်ခြင်း၊ တရားလိုနှင့် တရားခံတို့မှာ ခင်မင်ရင်းနှီးသူများဖြစ်ကြပြီး လူပုဂ္ဂိုလ်ချင်းအဆင်မပြေ၍ တရားစွဲဆိုထားသော်လည်း တစ်ဦးနှင့် တစ်ဦး ညှိနှိုင်းပြေလည်ကြပြီဖြစ်၍ဟု ပါရှိသည်။

အဆိုတော် မျိုးကျော့မြိုင်က ၎င်း၏အိမ်အကူ ကိုဟိန်းမင်းသူကို ရန်ကုန်တိုင်းဒေသကြီးကလေးသူငယ်တရားရုံးတွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၁ဖြင့် တရားစွဲဆိုခဲ့သည်။ ထို့အတူ ကိုဟိန်းမင်းသူကလည်း မရမ်းကုန်မြို့နယ်တရားရုံး တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃/၃၂၄/၅၀၆တို့ဖြင့် တရားစွဲဆိုထားပြီး တစ်နှစ်နီးပါးအကြာတွင် ရုပ်သိမ်းလိုက်ခြင်း ဖြစ်သည်။

"မတ် ၅ရက်မှာ ဟိန်းမင်းသူမိခင်က အမှုကို ရုပ်သိမ်းဖို့ မရမ်းကုန်းတရားရုံးကိုတင်တယ်။ မေ ၄ရက်မှာ မရမ်းကုန်းမြို့နယ်တရားသူကြီးကအမှုကို ပိတ်သိမ်းကြောင်း အမိန့်ချခဲ့တယ်။ ကလေးသူငယ်တရားရုံးဘက်ကိုလည်း မျိုးကျော့မြိုင်က အမှုရုပ်သိမ်းလွှာတင်တယ်။ သက်ဆိုင်ရာ ရဲစခန်း ကလည်း ကန့်ကွက်ရန်မရှိလို့ အကြောင်းပြန်တယ်"ဟုမျိုးကျော့မြိုင်၏ ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း) ကပြောသည်။

၂၀၁၂ခုနှစ် မေလက မျိုးကျော့မြိုင်၏ ဖုန်းဘီလ်ဆောင်ခိုင်းရာ ဘီလ်ဆောင်ခိုင်းသည့် ငွေများပျောက်ဆုံးမှုကြောင့် အိမ်အကူဟိန်မင်းသူကို မျိုးကျော့မြိုင်က ရိုက်နှက်ခဲ့သည်ဆိုကာ ဟိန်းမင်းသူ၏ မိခင်က မျိုးကျော့မြိုင်ကို စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းအမှု စတင်ဖြစ်ပွားစဉ်က လူမှုကွန်ရက်စာမျက်နှာများတွင် လူစိတ်ဝင်စားမှုအများဆုံး သတင်းတစ်ရပ်ဖြစ်ခဲ့သည်။ အမှုရုပ်သိမ်းမှုနှင့် ပတ်သက်၍ ကာယကံရှင်များထံ ဆက်သွယ်သော်လည်းပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။




မေရီလန်းပြည်နယ်၊ ရော့ခ်ဗေးမြို့နယ်၊ အက်ဗန်းတစ်ဆေးရုံမှာ အခြားသောဆေးရုံများနှင့် အဆောက်အအုံပုံစံကအစ မတူညီပါ။ အခြားသောဆေးရုံများတွင် ညှော့သည်တွေက လူနာတွေဆီ တိုက်ရိုက်သွားနိုင်သည်။ လူနာတွေကလည်း ဧည့်ခန်းကို လာနိုင်သည်။ မီးလန့်တာမျိုး တစ်ခုခုအရေးပေါ်လျှင် လူနာများအလွယ်တကူ ပြေးနိုင်ထွက်နိုင်အောင် အရေးပေါ်ထွက်ပေါက်တွေ ကလည်း နေရာတိုင်းဆေးအနီ သုတ်ပြထားသည်။

Adventist ဆေးရုံမှူး ဧည့်သည်များ ဧည့်ခန်းမှသာစောင့်ရသည်။ သံမဏိအလုံပိတ်တံခါးကြီးထဲမှ သော့တွဲကြီးကိုင်ထားသော သူနာပြုဆရာမ တစ်ယောက်က ထွက်ခေါ်မှသာ ဧည့်သည်များ အထဲကိုဝင်ပြီး လူနာနှင့် တွေ့ခွင့်ရသည်။ လူနာခန်းတွေ ကလည်း အားလုံးအလုံပိတ်။ မှန်ပြတင်းပေါက်အမြင့်တွေကိုပင် သံတိုင်တွေနှင့်ကာထားလိုက်သေးသည်။ အကြောင်းမှုကား Adventist ဆေးရုံမှာ စိတ်ရောဂါဝေဒနာရှင်အမျိုးမျိုးကုသသော ဆေးရုံဖြစ်သောကြောင့် ဖြစ်သည်။

ဆေးရုံဆိုပေမယ့် ခွဲစိတ်မှုများ၊ ဆေးကုသမှုများလုပ်သော ဆေးရုံမဟုတ်သဖြင့်ဆေးနံ့တော့ လှိုင်မနေပါ။ သို့သော်လည်း ဝင်လာသည့် ဧည့်သည်တစ်ယောက်ကို မျက်လုံးမျိုးစုံဖြင့် အကဲခတ်တတ်သော စိတ္တဇဝေဒနာရှင်များ၏ မျက်လုံးဒဏ်ကိုတော့ ခံနိုင်ရည်ရှိဖို့လိုသည်။ သူတို့အထဲမှာ သူနှင့်နှစ်ဆလောက်ကြီးနေသော ဆေးရုံဝတ်စုံကြီးကို ဝတ်ထားသည့် လူကောင်အသေးဆုံးလူနာတစ်ဦးကား မြန်မာပြည်သားချင်းတိုင်းရင်းသူမလေး မနှင်းဆီဖြစ်ပါသည်။

သူက ကလေးမြို့ တာဟန်းက ဖြစ်ပါသည်။ မလေးရှားဒုက္ခသည် စခန်းကနေ အမေရိကရောက်သည်မှာ နှစ်နှစ်ပဲရှိသေးသည်။

သူ့အမည်မှာ မနှင်းဆီဖြစ်သည်။ မနှင်းဆီက ကိုယ်ကောင်လေး သေးသေးသွယ်သွယ်ပါးပါးလျားလျား။ ကိုယ်အလေးချိန်ပေါင်တစ်ရာပင် မပြည့်သဖြင့် အသက် ၂၅ နှစ်ဆိုသော်လည်း ထွားထွားကျိုင်းကျိုင်းအမေရိကန်လူနာတွေကြားတွင် ကလေးပုံစံလေးဖြစ်နေ၏။ သို့သော် ဆံပင်ရှည်လေးများနှင့် ချစ်စရာတိုင်းရင်းသူလေးဖြစ်သည်။ အိမ်ထဲမှာ အစာမစားအပြင်မထွက်ဘဲ တံခါးခေါက်မေးမြန်းသူများကိုတံခါးဖွင့်မပေးဘဲ အခန်းပိတ်နေသည့်အတွက် စိတ်ဖောက်ပြန်သည်ဟု ယူဆကာ မနှင်းဆီကို အမေရိကန်ရဲများက အခန်းတံခါး ဖျက်ဖမ်းခေါ်လာပြီး အရေးပေါ်ကားနှင့် ယခုကဲ့သို့ စိတ်ရောဂါ ဆေးရုံကို ပို့ဆောင်ထားခြင်း ဖြစ် သည်။

"ကျွန်မ မရူးပါဘူး။ အားလုံးသိပါတယ်။ အခန်းတံခါးပိတ်နေတာလည်း ကျွန်မအကြောင်းနဲ့ ကျွန်မပါ။ ကျွန်မက စတိုးဆိုင်တစ်ခုမှာ တစ်နာရီ ခုနစ်ဒေါ်လာနဲ့ အလုပ်လုပ်ပါတယ်။ အိမ်ခန်းခ တစ်လ ဒေါ်လာ ၅၀၀ နဲ့ အဲဒီအခန်းကို ငှားနေတာ။ တစ်လောက ဆိုင်က လူလျှော့တော့ ကျွန်မအလုပ်ပြုတ်သွားတယ်။ ကျန်တဲ့ပိုက်ဆံကို အိမ်လခပေးပြီး ဘာဆက်လုပ်ရမှန်း မသိဘူး။ ကျွန်မ မိသားစုလည်း ဒီမှာမရှိဘူး။ အင်္ဂလိပ်လိုလည်း ကျွန်မကောင်းကောင်း မပြောတတ်ဘူး။ ပိုက်ဆံကလည်း ကုန်တော့မယ်။ စားစရာလည်းမရှိဘူး။ ဒါနဲ့စိတ်ညစ်လို့အခန်းထဲမှာပဲနေတယ်။ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး"

စိတ်ရူးပေါက်ကာ စိတ္တဇဝေဒနာရှင်များက သေနတ်တစ်လက်ကိုင်ပြီး လူတွေကို ရမ်းကားပစ်ခတ်တာတွေ မကြာမကြာကြုံနေရသော အမေရိကန်တွင်မူ မနှင်းဆီလို စိတ်ကျရောဂါရင်ဆိုင်နေရသူတွေကို အထူးသတိထားကြသည်။ ထိုသူများကြောင့် မထင်မှတ်ဘဲ အသက်များစွာ ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ကိုယ့်အကြောင်းနှင့်ကိုယ် အခန်းတံခါးပိတ်စိတ်ထိခိုက်နေသော မနှင်းဆီကို သတိပြုမိသူ အိမ်နီးနားချင်းများက ရဲကို အကြောင်းကြားခဲ့သဖြင့် ယခုလို စိတ်ရောဂါအထူးကုဆေးရုံသို့ရောက်ရှိလာခြင်းဖြစ်သည်။

"ကျွန်မကို အခန်းတံခါးဖွင့်ခိုင်းတယ်လေ။ ကျွန်မက မဖွင့်ဘူး။ အိပ်ရာထဲမှာပဲအိပ်နေတယ်။ အဲဒီမှာ အမေရိကန်ရဲကြီးတွေက တံခါးရိုက်ချိုးပြီး ကျွန်မကိုပွေ့ပြီး ဆေးရုံကိုခေါ်လာတာပဲ။ ဖိနပ်တောင်မပါဘူး။ ညဝတ်အင်္ကျီနဲ့ ခေါ်လာလို့ အခု အင်္ကျီလဲစရာမရှိတာနဲ့ ဒီဆေးရုံဝတ်စုံကြီး ဝတ်ထားရတာ"ဟု မနှင်းဆီက သေးပိန်သောလက်မောင်းများထွက်နေသည့် သူ့ဆေးရုံဝတ်စုံကြီးကို မလိုက်ပြီးပြောပါသည်။

သို့သော်မနှင်းဆီကံကောင်းသည်ဟု ဆိုရမည်။ ဆေးရုံရောက်သောအခါ ဆရာဝန်များက ဦးနှောက်ဓာတ်မှန်ရိုက်ခြင်းအပါအဝင် လိုအပ်သောဆေးစစ်မှုတွေ အရ သူ့မှာစိတ်ရောဂါမရှိကြောင်း ရဲများကို အသေအချာပြောကြားနိုင်ခဲ့သည်။ သို့သော် တစ်ပတ်လောက်အစာမစားဘဲနေခဲ့သဖြင့် အာဟာရပြတ်တောက်ပြီး သွေးအားနည်း အားပြတ်နေ၍ လိုအပ်သော ဆေးကုသမှုများပြုလုပ်ရန် ခုနစ်ရက်ခန့် ဆေးရုံတက်ကုသခံရသည်။ စိတ်ရောဂါမရှိသော်လည်း စိတ်ဓာတ်ကျရောဂါကို ခံစားနေရသဖြင့် ဆေးရုံမှ အခြားလူနာများနှင့်အတူ စိတ်ဓာတ်ကြံ့ခိုင်ရေးဆိုင်ရာ သင်တန်းများ တက်ရသည်။

"သူ့မှာစိတ်ရောဂါမရှိပါဘူး။ ဒါပေမဲ့ သွေးအားအရမ်းနည်းနေတယ်။ အစာအာဟာရပြတ်သလိုဖြစ်တော့ အရမ်းအားနည်းနေတယ်။ အခုလို ရဲကသာဆေးရုံအချိန်မီလာမပို့ရင် ဒုက္ခရောက်သွားနိုင်တယ်"ဟု မနှင်းဆီကို စောင့်ကြည့်ကုသပေးနေသည့် Adventist ဆေးရုံမှ သူနာပြုအုပ်ဆရာမကြီးက ပြောကြားခြင်းဖြစ်သည်။

အမေရိကကို ကမ္ဘာပေါ်က နတ်ပြည်ကဲ့သို့ထင်မှတ်နေသူများ ရှိသော်လည်း မနှင်းဆီကဲ့သို့ မြန်မာနိုင်ငံသားများ အမေရိကမှာ ယခုလိုလူမသိသူမသိဒုက္ခရောက်ရတာတွေရှိသည်။ ပညာတတ်သူများ၊ အလုပ်အကိုင်ရှိသူများ၊ မိဘဆွေမျိုးတောင့်ပြီး အင်္ဂလိပ်စကားပြောတတ်သူများက အမေရိကမှာ အဆင်ပြေသော်လည်း မနှင်းဆီလို တိုင်းရင်းသားအချို့မှာ ရောက်စမှာ အတော်လေးဒုက္ခရောက်ကြရသည်။

အမေရိကတွင်အလုပ်မရှိသူတွေအတွက် အစိုးရကပေးသည့် ရိက္ခာနှင့် ကျန်းမာရေး အာမခံခံစားခွင့်တွေရှိသော်လည်း ကူညီသူမရှိပါက သူတို့လျှောက်ထားရမှန်းမသိကြ။ မိသားစုတိုင်ပင်ဖော်လည်းမရှိသဖြင့် ကြုံလာသောပြဿနာတွေကိုလည်း ဖြေရှင်းရမှန်း မသိကြ။ အလုပ်လုပ်ဆေးရုံတက်ရာတွင်လည်း နေရာတကာစကားပြန်တွေထား အလုပ်လုပ်ရသဖြင့် စိတ်ရှည်နားလည်သော အလုပ်နေရာများကသာ သူတို့ကို အလုပ်ပေးကြသည်။

ယဉ်ကျေးမှု၊ လူနေစရိုက်မတူသည့်အပြင် မြန်မာပြည်က အိမ်နှင့် မိသားစုကို လွမ်းသည့် ခံစားမှုကလည်း ကြုံရသေးသည်။ ရာသီဥတုကလည်း ပြင်းထန်ပြီး ဆောင်းတွင်းတွင် နေရောင်ခြည်မမြင်ရသောရက်များ အများကြီးရှိသည်။ ထို့ကြောင့်နောက်ဆုံး ထွက်ပေါက်မရှိသူတွေက မနှင်းဆီလို စိတ်ကျဝေဒနာခံစားပြီး စိတ္တဇဆေးရုံကို ရောက်လာကြခြင်းဖြစ်သည်။

Adventist ဆေးရုံတွင် ခုနစ်ရက်ကြာ ဆေးကုအပြီး မေရီလန်းပြည်နယ်ရှိ ရွှေ့ပြောင်းလုပ်သားများကို စောင့်ရှောက်သည့် အဖွဲ့အစည်းတစ်ခုက မနှင်းဆီကို လာခေါ်ဖို့ပြင်ဆင်သည်။ အလုပ်လည်းရှာပေးပြီး တခြားကျန်းမာရေးရာကိစ္စများကိုလည်း ဆေးရုံနှင့် အတူပူးပေါင်းဆောင်ရွက်ဖို့ ကူညီပေးသွားမည်ဖြစ်သည်။

အတန်အသင့်စိုစိုပြည်ပြည် ဝဝဖြိုးဖြိုးလေးဖြစ်လာသောမနှင်းဆီကမူ ဆေးရုံဝတ်စုံကြီး ချွတ်ပြီး ရွှင်ရွှင်လန်းလန်းဖြင့် ဆေးရုံကဆင်းဖို့ အသင့်ဖြစ်နေပါပြီ။






## မျှစ်ထောင်းသုပ်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အရသာအလွန်ရှိတဲ့ ချဉ်ချဉ်စပ်စပ် လက်သုပ်လေးတစ်ခုလုပ်ထားပါတယ်။ မျှစ်ချိုကို အချောင်းလိုက်ပြုတ်၊ အမျှင်လေးတွေရအောင်ခြစ်ပြီး အဆင်သင့်ထားပါ။ ငရုတ်သီးစိမ်းနည်းနည်း လှော်ထားပါ။ ငါးပိနည်းနည်းလေးကိုလည်း မီးကင်ထားပါ။ ပြီး ရင်တော့ နှစ်ခုရောပြီး ငါးပိထောင်းထောင်းပါမယ်။ ပြီးရင် မြေပဲကိုလေးစိတ်ကွဲလေးထောင်းပါ။ နှမ်းနည်းနည်းလည်း လှော်ထားပါ။ အဆင်သင့်ဖြစ်ရင်ပြုတ်ထားတဲ့ မျှစ်နုနုလေးကို ဆုံထဲထည့်ထောင်းပါမယ်။ မျှစ်ထောင်းပြီးတဲ့အခါ သံပရာရည်လေး နည်းနည်းညှစ်ပါ။ ငါးပိထောင်းထည့်၊ နှမ်းလှော်နဲ့ မြေပဲထည့်၊ ဆားနည်းနည်းထည့်ပြီးရင် သုပ်လိုက်လို့ ရပါပြီ။

မျှစ်ကို ချဉ်ချဉ်စပ်စပ်သုပ်ထားတာကြောင့် ထမင်းဝိုင်းမှာ ခံတွင်းမြိန်မယ့် အရန်ဟင်းတစ်ခွက်ပါပဲ။

7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# လမ်းမပေါ်မှာ တန်ဖိုးမဲ့ပျောက်ဆုံးရသော အသက်များ

**မင်းသန်းထိုက် (ဒေးဒရဲ)**

နိဗ္ဗာန်ယာဉ်မှာ တပ်ဆင်ထားသည့် ဟွန်းစပီကာဆီမှ ထွက်အန်ကျလာတဲ့ ဆရာတော်ကြီး တစ်ပါးရဲ့ ဓမ္မသံဝေဂတရားတော်က ဒေါ်မြ(အမည်လွှဲ) ၏ရင်ကို အေးမြအောင်မစွမ်းဆောင်နိုင်ပါ။ သုသာန်နှင့်နီးလာလေလေ ရင်ထဲမှာ ဆို့တက်လာလေလေ ဖြစ်ရသည်။ ဆိုက်ကားပေါ်တွင် ထိုင်လျက် နောက်ဘက်မှ တစ်ယောက်က သိုင်းပွေ့ထားသည့်တိုင် ခန္ဓာကိုယ်ကလည်း ပြိုချင်ချင်။ တစ်ကိုယ်လုံးမှာရှိသမျှ အားအင်တွေအကုန်လုံး နုတ်ယူခံထားရသလို နုံးချည့်နေ၏။ ဖြစ်နိုင်လျှင် လတ်တလောဖြစ်နေသည့် အခြေအနေတွေထဲက ခဏဖြစ်ဖြစ် ရှောင်ထွက်သွားလိုက်ချင်သည်။ ယခုကြုံနေရသည့် ဒုက္ခတွေကို ဒေါ်မြ ဘယ်လိုမှ မခံစားနိုင်တော့။

လွန်ခဲ့သည့် လေးရက်ကပင် ပြုံးပြုံးရွှင်ရွှင်ရှိနေသေးသည်။ အမေနှင့်အစ်မကို စနောက်နေသေးသည်။ သူ့ရဲ့ ပထမဆုံးရတဲ့ လစာနဲ့ အမေနှင့်အစ်မကို ကန်တော့ချင်လို့တဲ့။ အစ်မလုပ်သူကို စျေးလွှတ်ပြီး ထဘီနှင့်ပိတ်စတွေ ဝယ်ခိုင်းနေသေးသည်။ ခုတော့ မကြာခင်မှာ သင်္ဂြိုဟ်စက်ထဲ ထည့်ရတော့မတဲ့။ အိပ်မက်တွေ မက်နေတာများလား။ အိပ်မက်ပဲဖြစ်လိုက်ပါတော့သားလေးရယ်။ ဒေါ်မြရင်ထဲမှာ သောကပရိဒေဝမီးတွေ တောက်လောင်နေသည်။ အဖြစ်မှန်ကို လက်ခံ၍မရ။ မယုံကြည်နိုင်။

အစ်မဖြစ်သူ မူလတန်းပြဆရာမလေး မကြည်ပြာ (အမည်လွှဲ)ကရော။ အစ်မ ဆိုပေမင့် မိခင်နှင့်မခြား ပြုစုစောင့်ရှောက်ခဲ့ရသည့် တစ်ဦးတည်းသော မောင်ကလေး။ ပြေးကြည့်မှ သည်မောင်နှမနှစ်ယောက်တည်းရှိသည်။ မောင်နှမနှစ်ယောက်က ကိုးနှစ်ကွာတော့ အစ်မကြီးအမိရာဆိုသလို ချစ်လိုက်ရတာ။ အဖေက မောင်လေး ခြောက်လသားကတည်းက လူ့လောကကို စွန့်ခွာသွားတာဆိုတော့ ဖတဆိုးလေးမို့ အသနားပါပိုရသေးသည်။ မောင်လေးအပေါ် အချစ်လျော့မှာစိုးလို့ ပျိုရွယ်သူတို့၏ သဘာဝ ဟိုဟိုသည်သည်ပင် စိတ်မကစားခဲ့။ ခုတော့ဖြင့် အရွယ်တော်တစ်ဆိတ်ဟိုင်းမှ မောင်လေးက သေခွဲခွဲခဲ့လေပြီ။

လွန်ခဲ့သည့် လေးရက်။ လစာထုတ်ပြီး နောက်တစ်နေ့။ ဌာနတစ်ခုမှာ အလုပ်ဝင်ပြီး ပထမဆုံးရတဲ့လခမှာပဲ လစာနှစ်သောင်းတိုးတော့ မောင်ချစ်လွင် (အမည်လွှဲ) ပျော်သွားသည်။ မောင်ချစ်လွင်သာမဟုတ်ပါ။ အမေဒေါ်မြနှင့် အစ်မကြည်ပြာတို့လည်း ပျော်ကြပါသည်။ ပြေးကြည့်မှ သည်သားအမိ သုံးယောက်သာရှိသည်မဟုတ်လား။ သူတို့မိသားစုကို ဖခင်ကြီးစွန့်ခွာသွားကတည်းက သည်အမေနှင့်သည်အစ်မက ရှိသမျှမေတ္တာတွေ သူ့အပေါ်မှာ ပုံကာချစ်ခဲ့သည်။ အစ်မကြည်ပြာကသာ ကျောင်းဆရာမလုပ်ရင်း အဝေးသင်ဖြင့် ဘွဲ့ယူခဲ့သော်လည်း မောင်ချစ်လွင်ကိုတော့ နေ့တက္ကသိုလ်ရောက်အောင်ပို့ခဲ့သည်။ ထို့ကြောင့် မောင်ချစ်လွင်အလုပ်ရတော့ အမေနှင့်အစ်မလည်း ပျော်ကြသည်ပေါ့။ လိမ္မာတဲ့မောင်ချစ်လွင်က ရသည့်လစာအမေ့ကို အကုန်အပ်သည်။ နောက်တစ်နေ့မှာမှ သူငယ်ချင်းတွေကို ကျွေးချင်လို့ဟုဆိုကာ ငွေနှစ်သောင်း ပြန်တောင်းသွားခဲ့သည်။

**တဒင်္ဂအပျော်အပါးအတွက် ဘဝနှင့် လောင်းကြေးထပ်နေကြသည်မှာ တန်ရဲ့လားဟု စဉ်းစားကြစေချင်သည်။ တချို့ အသက်မသေသော်လည်း တစ်သက်လုံး ဒုက္ခိတဘဝ ရောက်သွားကြသည်။ ကိုယ့်အနာဂတ်လည်း ပျက်စီးရသလို ကိုယ့်မိသားစုမှာလည်း ဒုက္ခဖြစ်ကြရသည်။**

အိမ်ကနေ ညနေ ၄ နာရီလောက် ကျော့နေအောင်ဝတ်စားပြီး စီးနေကျ တရုတ်လော်ဂျားဆိုင်ကယ်လေးစီးကာ မောင်ချစ်လွင် ထွက်သွားသည်။ တစ်သက်နှင့် တစ်ကိုယ် ရန်လည်းမဖြစ်ဖူး၊ ကျောင်းသားဘဝတုန်းကတောင် တစ်ခါမှ အိမ်ကို တိုင်စာအပို့မခံရတဲ့ကလေး၊ ယုတ်စွအဆုံး ကျောင်းအုပ်ကြီးရုံးခန်းတောင် ယောင်လို့ မရောက်ဖူးတဲ့ ကလေးဆိုတော့လည်း အမေနှင့်အစ်မက စိတ်ချသည်။ သိပ်မိုးမချုပ်စေနဲ့လို့တောင်မမှာလိုက်မိ။ ည ၁၀ နာရီလောက်ရှိလို့ ပြန်ရောက်မလာတော့ အမေက စိုးရိမ်စိတ်နဲ့ “သားငယ်လေး မိုးချုပ်လိုက်တာ” လို့ဆိုတာတောင် အစ်မကြည်ပြာက “အမေရယ် သူလည်း လူငယ်ဆိုတော့ တစ်ခါတစ်ရံ သူငယ်ချင်းတွေနဲ့ သောက်စားပြီး သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ အိပ်ချင်အိပ်မှာပေါ့။ စိတ်ပူမနေပါနဲ့။ စိတ်ချလက်ချသာအိပ်ပါ” ဟု ဆိုသေးသည်။

နောက်တစ်နေ့မနက် မိုးလင်းလို့ ရဲသားတစ်ယောက်ရောက်လာပြီး မောင်ချစ်လွင်ဆိုင်ကယ်မှောက်လို့ ဆေးရုံရောက်နေတဲ့အကြောင်း လာအကြောင်းကြားတော့ ဒေါ်မြရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ ဆုတောင်းလိုက်ရတာ ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့ဟု။ သို့သော်ဆုတောင်းက မပြည့်ပါ။ သားအမိနှစ်ယောက် မျက်စိပျက်၊ မျက်နှာပျက်နှင့် ဆေးရုံကိုရောက်သွားကြတော့ မောင်ချစ်လွင်၏ အလောင်းက ရင်ခွဲရုံက ဆီးကြိုနေသည်။

**စာမျက်နှာ(၂၆)သို့**






# မြို့ပတ်ရထားများတွင် အထူးတွဲခြောက်တွဲ ထပ်မံထည့်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ- ၂၇**

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားများတွင် အထူးတွဲခြောက်တွဲကို ထပ်မံထည့်သွင်းသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လက်ရှိက တွဲဆိုင်းငါးတွဲပဲ ထည့်ရသေးတယ်။ နောက်ထပ် ခြောက်တွဲထပ်ထည့်ပြီး ၁၁ တွဲထိ တိုးသွားမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မေ ၁၇ ရက်မှစတင်ထည့်သွင်းထားသော အထူးတွဲငါးတွဲတွင် နေ့စဉ်စီးနင်းသော ခရီးသည် ဦးရေ ၁,၈၀၀ ကျော်ရှိပြီး တစ်ဦး ၂၀၀ ကျပ်ဖြစ်သဖြင့် ယခင်မြို့ပတ်ရထားမှ ရရှိသော ဝင်ငွေထက် နေ့စဉ်ကျပ်လေးသိန်းခန့် ပိုမိုရရှိလာသည်။

မြို့ပတ်ရထားများတွင် ရိုးရိုးတွဲ စီးနင်းခမှာ ၁၀၀ ကျပ်ဖြစ်ပြီး အထူးတွဲ စီးနင်းခမှာ ၂၀၀ကျပ်ဖြစ်သည်။ နိုင်ငံခြားသားခရီးသွားများ၏ မြို့ပတ်ရထား စီးနင်းခမှာ တစ်ဒေါ်လာဖြစ်သည်။ နေ့စဉ်မြို့ပတ် ရထားစီးနင်းသော ခရီးသည်မှာ ၉၀,၀၀၀ခန့်ရှိသည်။



*မြို့ပတ်ရထားအထူးတန်းတွဲတွင် စီးနင်းလိုက်ပါကြသူများ* ဓာတ်ပုံ-SST

# မိုးဇလပြောရေးဆိုခွင့်ရှိသူများ ပြည်နယ်နှင့် တိုင်းအားလုံးတွင် ခန့်ထားမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ- ၂၇**

မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ခန့်အပ်သွားမည်ဖြစ်ကြောင်း မိုး/ဇလဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအများစု၌ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုကြုံတွေ့နေရပြီး ပိုမိုတိကျသောမိုးလေဝသသတင်းအချက်အလက်များကို ကျေးလက်ဒေသများအထိရောက်လာအောင် ပေးပို့နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့်ဆင့်တာဝန်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ရာသီဥတု ဆိုးရွားမှုက နှစ်တိုင်းဒုက္ခပေးတယ်။ မိုးလေဝသဆိုင်ရာ ကျွမ်းကျင်သူတွေ ကိုယ်တိုင် အနီးကပ်ရှိနေမယ်ဆိုရင်တော့ ကြိုတင်ကာကွယ်မှု လုပ်နိုင်မှာပါ" ဟု ဖျာပုံမြို့နယ်မှ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်က ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံ အများစုအထွက်နှုန်းလျော့နည်းခဲ့ရပြီး ၂၀၁၂ခုနှစ် မတ်လအတွင်းထုတ်ပြန်သောစာရင်းများအရ ၂၀၁၁ခုနှစ်စထွက်နှုန်းထက် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ခုနစ်ရာခိုင်နှုန်းလျော့နည်းခဲ့ရကြောင်း လယ်/ဆည်ဝန်ကြီးဌာနစိုက်ပျိုးရေးနှင့် စီမံကိန်းဌာန ဦးစီးအရာရှိဒေါ်စန်းစန်းလွင်ကပြောသည်။

# အစိုးရ၏ စာရွက်စာတမ်းအတု ပြုလုပ်သူများ ထောင်ခုနစ်နှစ်ကျနိုင်

**အေးသူစံ**

**ရန်ကုန်၊**

**မေ- ၂၇**

နိုင်ငံတော်သမ္မတရုံးအပါအဝင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စာရွက်စာတမ်းများကို တုပပြုလုပ်ဖြန့်ဝေပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ အရ အနည်းဆုံး ထောင်ဒဏ်ခုနစ်နှစ် ချမှတ်နိုင်ကြောင်း ဥပဒေပညာရှင်များက မေ ၂၄ ရက်တွင် ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း လက်ပံတောင်းတောင်သပိတ်စခန်း ဖြိုခွင်းမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ရဲမှူးနှစ်ဦးအား ရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်း နိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာအတုပြုလုပ်ကာ အွန်လိုင်းစာမျက်နှာများတွင် ဖြန့်ဝေခဲ့ခြင်းကြောင့် အစိုးရပိုင်းမှ တာဝန်ရှိသူများ ဖြေရှင်းခဲ့ရသည်။


အစိုးရဌာနဆိုင်ရာများ၊ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ပတ်သက်သည့် အချက်အလက်များကို ယခုကဲ့သို့တုပကာ သတင်းမှားများ ဖြန့်ဝေမှုသည် ရာဇဝတ်မှုထိုက်သည့် ပြစ်ဒဏ်ကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ အရ စာရွက်စာတမ်းအတုပြုလုပ်မှုဖြစ်ပြီး ပြုလုပ်သူ တရားခံအား ဝရမ်းမပါဘဲ ဖမ်းနိုင်ကာ အာမခံပေး၍ မရကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ပြောသည်။

"လိမ်လည်ချင်လို့စာရွက်စာတမ်းအတုပြုလုပ်တာက ပစ္စည်းဖြစ်ဖြစ်၊ ငွေဖြစ်ဖြစ်လိုချင်လို့ လုပ်တာပဲလို့ ဖြေတွေးလို့ရတယ်။ ခုလို နိုင်ငံရဲ့ အမြင့်ဆုံး ပုဂ္ဂိုလ်က ထုတ်တဲ့အမိန့်ကို အတုပြုလုပ်တာကတော့ လုံးဝလက်ခံနိုင်စရာမရှိပါဘူး" ဟု ၎င်းက ပြောသည်။

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာရွက်ပုံစံကို တုပဖြန့်ဝေမှုသည် လူမှုကွန်ရက်အသုံးပြုသူအချို့က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အရေးယူနိုင်သည့် ခိုင်မာသော ဥပဒေပုဒ်မရှိသော်လည်း တရားခံကို ဖော်ထုတ်နိုင်ရန်မှာ လွယ်ကူမည်မဟုတ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးစိန်ဝင်း (မြင်းခြံ) ကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.8 ▪ MAY 2 , 2013



## ၂၀၁၃ မေလ ၁ မှ ၇ ရက်အထိ မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပြီး လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့်သာယာပါမယ်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ် မှ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၄ ပေခန့် ရှိနိုင်ပါတယ်။

### နေ့အပူချိန်များ အခြေအနေ

တစ်ပြည်လုံးတွင် နေ့အပူချိန်များ လျော့လာနိုင်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၀-၃၃ ဒီဂရီစင်တီဂရိတ်ခန့်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၃၄-၃၆ ဒီဂရီစင်တီဂရိတ်ခန့် ကျန်တစ်ပြည်လုံးတွင် ၃၇-၄၁ ဒီဂရီစင်တီဂရိတ်ခန့်အထိ မြင့်တက်နေနိုင်ပါတယ်။

### ခရမ်းလွန်ရောင်ခြည် ကျရောက်နိုင်မှု အခြေအနေ

uv index တန်ဖိုးများ နေ့ ၁၁ နာရီမှ ၁ နာရီအတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့မှာ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း ၇-၈ အထိ မြင့်တက်နိုင်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့တွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၈-၉ အထိ မြင့်တက်နိုင်။ ကျန် မြန်မာနိုင်ငံဒေသအားလုံးတွင် အညွှန်းကိန်း ၁၀-၁၁ အထိ ရှိနိုင်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်မှုအခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးတိမ်တောင်ဖြစ်နိုင်ခြေများ မြင့်မားနေနိုင်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့တွင် မိုးတိမ်တောင်ဖြစ်ရန် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။ အထူးသဖြင့် ညနေပိုင်းအချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းတို့ကို ပိုမိုသတိထားဖို့ လိုပါတယ်။

### မိုးရွာသွန်းနိုင်မှု အခြေအနေ

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်။ ရွာရန် ရာနှုန်း ၆၀ ခန့်ရှိနိုင်ပါတယ်။ ကျန်ဒေသများတွင် သာယာပါ့မယ်။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်လာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

မျက်နှာဖုံးမှ

## ဗျူဟာအခင်းအကျင်းများနဲ့ ဖုန်းဈေးကွက်လုပ်ပွဲ

ဆဲလ်တာဝါတိုင်စိုက်ထူမည့်ဒေသများအတွက် မြေနေရာငှားရမ်းရေး အကြိုညှိနှိုင်းမှုများ ပြုလုပ်နေပြီး လက်ကားရောင်းချမည့်စီးပွားဖက်များနှင့်လည်း သဘောတူညီချက်များ လက်မှတ်ရေးထိုးနေပြီဖြစ်ကြောင်း စင်ကာပူမှလာသော ရိုက်တာ သတင်းတွင် ဖော်ပြသည်။

Digicel Group Ltd ၏ စီးပွားရေးဗျူဟာ အလုပ်ဖြစ်၊မဖြစ်မသိရသေးသော်လည်း ကာရီဘီယန်နှင့် ပစိဖိတ်ကျွန်းစုတစ်ဝိုက်ပြင်ပတွင်လူသိနည်းသောDigicel သည် သာမန်အားဖြင့် သတိနှင့်ရင်းနှီးမြှုပ်နှံလေ့ရှိသည့် ဆက်သွယ်ရေးလုပ်ငန်းလောကကို အတော်လေး လှုပ်ခါသွားစေခဲ့သည်။

ကုမ္ပဏီကြီးများသည် Digicel ကို လျှော့မတွက်သင့်ကြောင်း အာရှဆက်သွယ်ရေးလုပ်ငန်းများတွင် ၂၅ နှစ်ကျော် အကြံပေး လုပ်ကိုင်နေသည့်ဟောင်ကောင်အခြေစိုက် စီးပွားရေး အကြံပေး ရော်ဂျာဘာလိုက မှတ်ချက်ချပြောဆိုသည်။

Digicelကုမ္ပဏီသည် ဈေးကွက်များကို ကြိုတင်ဝင်ရောက်ရင်းနှီးသည့်နည်းအားဖြင့် ဒေသခံများကို ၎င်းတို့၏ ကုမ္ပဏီအမည်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်လေ့ရှိရာ မြန်မာနိုင်ငံတွင်လည်း မြန်မာအစိုးရက တင်ဒါခေါ်ယူရန်ပြင်ဆင်နေစဉ်မှာပင် Digicel က မြန်မာပြည်တွင်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံနေခဲ့သည်။

စီးပွားရေးလောကအတွင်း အောင်မြင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ဝင်ရောက်သော်လည်း အလုပ်မဖြစ်ခဲ့လျှင်မူ ပြန်လည်ဆုတ်ခွာသောသာဓက ရှိခဲ့ဖူးသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် Digicel ကုမ္ပဏီလိုင်စင်ရခဲ့စဉ်က ကုမ္ပဏီတစ်ခုတည်းထားရန်အကြံပြုချက်ကိုကမ္ဘောဒီးယားအစိုးရက လက်မခံဘဲ လိုင်စင်နှစ်ခုချပေးခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအရတွက်ခြေမကိုက်သောကြောင့် ရှုံးပြီး လိုင်စင်ကိုပြန်အပ်ခဲ့ဖူးသည်။

သို့သော် မြန်မာနိုင်ငံတွင်မူ ကမ္ဘာ့မိုဘိုင်းဖုန်းအနည်းဆုံးနိုင်ငံဖြစ်နေသဖြင့် သန်း၆၀ သောလူထုဈေးကွက်က ဆဲလ်ဖုန်းဈေးကွက်များအတွက် အလားအလာကြီးမားသော ဈေးကွက်ဖြစ်နေသည်။ တစ်ပြည်လုံးအတိုင်းအတာအားဖြင့် ၄ ရာခိုင်နှုန်းသာရှိသော မိုဘိုင်းဖုန်းကို မြန်မာအစိုးရက လာမည့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုနေသည်။

လက်ရှိဆန်ခါတင်ကုမ္ပဏီ ၁၂ခု စာရင်းတွင် Digicelအပါအဝင် Vodafonel China Mobile Ldt Telenor ASA တို့နှင့် အခြားကုမ္ပဏီကြီးများပါဝင်သော်လည်း အချို့ကုမ္ပဏီကြီးများဖြစ်သည့် တောင်ကိုရီးယား SK Telecom Co Ltd နှင့် အီဂျစ်မှ Orascom telecom Holding SAEတို့မှာမူ ဆန်ခါတင်စာရင်းတွင် မပါဝင်ခဲ့ကြပေ။

Digicelကုမ္ပဏီသည် အမေရိကန်သူဌေးကြီး ဂျော့ချ်ဆိုးရော့စ်ပိုင်သည့်Quantum Strategic Partners နှင့် မြန်မာပိုင် Yoma Stategic Holdings တို့နှင့် ပူးပေါင်းပြီး လိုင်စင် လျှောက်ထားခဲ့သည်။

မျက်နှာဖုံးမှ

## အပူဒဏ်ကြောင့် မွေးမြူရေး ငါးနှင့်ကြက်အချို့ သေဆုံး

“ဒီရက်ပိုင်း တရုတ်က ကြက်တုပ်ကွေး ကောလာဟလကြောင့် ကြက်သားဈေးရော၊ ကြက်ဥဈေးပါကျတယ်။ မီးမလာလို့ရေမောင်းတင်ရပြန်တော့လည်း ကုန်ကျစရိတ်တွေ ပိုများတယ်။ ၂၀၁၀ တုန်းကလို တစ်ခြံလုံး ဆုံးရှုံးမှုမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်” ဟု ၎င်းကဆိုသည်။

၂၀၁၀ ပြည့်နှစ်က အိမ်နီးချင်း နိုင်ငံများမှ ပျံ့နှံ့လာသော ကြက်ငှက်တုပ်ကွေးရောဂါ ပိုင်းရပ်စ် $H_5N_1$ ကို မြင်းခြံမြို့ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် စတင်တွေ့ရှိခဲ့သောကြောင့် အဆိုပါခြံမှ ကြက်များအားလုံးကို မြေမြှုပ် ရှင်းလင်းပစ်ရသော ဖြစ်စဉ်ရှိခဲ့ဖူးသည်။

“အပူချိန် အရမ်းမြင့်လာပြီဆိုရင် လျှော့ချနိုင်တဲ့ နည်းလမ်းကတော့ ပတ်ဝန်းကျင်ကနေ ဖန်တီးပေးရမှာပါ။ အရိပ်ရဖို့နဲ့ လေဝင်လေထွက်ကောင်းအောင် ဂရုစိုက်နိုင်ပါမှ ဆုံးရှုံးမှုနည်းမှာပါ”ဟု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြင်းခြံမြို့နယ် ဦးစီးအရာရှိကပြောသည်။

စာမျက်နှာ( ၃)မှ

### ရေရှားပါးမှု ပြဿနာ ယခင်နှစ်များထက်ပိုဆိုး

ကရင်ပြည်နယ်ရှိ ကျေးရွာများနည်းတူ ဘားအံမြို့အချို့ရပ်ကွက်များရှိရေတွင်းများလည်း ရေခန်းကာ ရေအခက်ခဲကြုံတွေ့နေရကြောင်း၊ ဘားအံ့မြို့အနီးအနားရှိ ကွက်ထဗလိန်ကျေးရွာတွင်လည်း ရေရှားပါးမှုများ စတင်ကြုံတွေ့နေရကာ ရေလှူသော်လည်း မနိုင်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်က ပြောသည်။

ရခိုင်ပြည်နယ်မြေပုံမြို့နယ်ရှိ ဂီရိမုန်တိုင်းသင့်ရွာများအနက် ကုက္ကိုင်၊ အုန်းချောင်း၊ အောင်ပင်လယ်ပြင်၊ ပြိန်တောချေ၊ အင့်ရွာသစ်၊ အင့်ရွာဟောင်း၊ နတ်ချောင်း၊ ကံသာရွာသစ်(ခေါင်းဖြူရွာ)၊ ကံသာရွာဟောင်း၊ ဒဂုံနှင့် ဝက်ခေါင်းကျေးရွာတို့တွင်လည်း ရေရှားမှုကြောင့် ကျေးရွာဒေသခံများမှ ဝေသုံးစွဲနေရပြီး ဆပ်တဲကျေးရွာတွင် ခပ်စရာပင်ရေမရှိကြောင်း ဒေသခံများကပြောသည်။

ရေချိုအနည်းငယ်ကျန်ရှိနေသော ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်အိမ်ထောင်လျှင်ရေအိုးသုံးအိုးနှင့်လေးအိုးကြားသုံးစွဲရန် ခွဲတမ်းချထားပေးကြောင်း၊ ခိုးယူသုံးစွဲမှုများမဖြစ်ပေါ်စေရန်နှင့် ကျွဲနွားများရေမသောက်စေရန် ခြံများခတ်ကာ လုံခြုံရေးယူရကြောင်း၊ ကုက္ကိုင်ကျေးရွာမှ ကိုထွန်းခိုင်က ပြောသည်။

“ရေမရ။ ရေတွင်းခြောက်နေတယ်။ သောက်ဖို့၊ သုံးဖို့ ခပ်စရာရေကိုမရှိ၊ အရမ်းကိုဒုက္ခရောက်နေတယ်” ဟုဆပ်တဲရွာမှ ကျေးရွာဒေသခံတစ်ဦးကပြောသည်။

ရှမ်းပြည်နယ်ကွန်းဟိန်းမြို့နယ်ရှိကျေးရွာများတွင်လည်း ရေအခက်ခဲကြုံနေရပြီး စိမ့်စမ်းတွင်းများမှရေတစ်ပုံးရရန်ပင် တစ်ရက်ခန့်စောင့်ဆိုင်းရကြောင်း၊ စိမ့်စမ်းတွင်းခန်းခြောက်သော တောင်ပေါ်ဒေသများတွင်နေထိုင်သူများသည် ရေတွင်းတူးရန်ခက်ခဲသောကြောင့် ၇မိုင်နှင့် ၁၀မိုင်ခန့်ဝေးသောနေရာများကို သွားရောက်ကာရေခပ်ယူရကြောင်း၊ ရေလှူသည့် အလှူရှင်များနည်းပါးနေသောကြောင့် အလှူရှင်များလိုအပ်ကြောင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနုဝါကပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ ကျောက်မဲမြို့နှင့် နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် ရေတွင်းများ ခန်းခြောက်မှု၊ ရေထွက်ပေါက်များခန်းခြောက်မှုများနှင့် ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

“အရင်နှစ်တွေက ရေတွင်းတွေပဲ ခန်းတာ။ ဒီနှစ်က ရေထွက်ပေါက်တွေပါခန်းတယ်”ဟုနောင်ချိုမြို့ဒေသခံ ကိုချစ်ထွေးက ပြောသည်။ မန္တလေးတိုင်းဒေသခံကြီးအတွင်းရှိနွားထိုးကြီး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦးမြို့နယ်များတွင် သောက်သုံးရေအရေးပေါ်လိုအပ်နေကြောင်း သတင်းရရှိသည်။ ပြီးခဲ့သည့်နှစ် မိုးနှောင်းကာလတွင်မိုးရွာသွန်းမှုနည်းပါးခဲ့သောကြောင့် ကန်အတွင်းသို့ မိုးရေအဝင်နည်းခဲ့ပြီး ယခင်နှစ်များက ဧပြီလကုန်အထိ ကန်ရေရှိသော်လည်း အခုနှစ်တွင်မတ်လအတွင်း၌ပင် ခန်းခြောက်နေကြောင်း ကျောက်ပန်းတောင်းမြို့ ရေပေးဝေရေးအသင်းမှ ဒေသခံတစ်ဦးကပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းကျေးရွာ ၂၀ခန့်၊ ပုဂံညောင်ဦးမြို့နယ်အတွင်းကျေးရွာ ၃၀ခန့်သည် သောက်သုံးရေ အရေးပေါ်လိုအပ်နေကြောင်းဒေသခံများထံက သတင်းရရှိသည်။

ကွန်ပျူတာမှ ပြဿနာဖြေရှင်းနည်း



မဖြစ်မနေ ကြုံတွေ့နေကြ 2013 ခုနှစ်အတွက်
ကွန်ပျူတာမှ ပြဿနာများဖြေရှင်းနည်း
Professional Solution GUIDE ညာဏ်ကြွယ်
Window တင်သူတိုင်း မဖြစ်မနေသိထားသင့်သည့်အချက်များ။ Window XP, 7, 8 တို့ကို Install ပြုလုပ်နည်း။ Activate ပြုလုပ်နည်း။ Bios & Coms Setup, Backup & Restore, လုပ်နည်း။ Start Menu ကို လုပ်ဆောင်ချက်များ ပြန်ဆန်လာစေရန် Register Editor တွင် ပြင်ဆင်နည်း။ Window တွင်ပါရှိသော Dick Defragment ကိုအသုံးပြုနည်း။ ပုံမှန်အတိုင်း ဝိတ်မရတဲ့ Computer ကို Tesk Manager အသုံးပြု၍ ဝိတ်နည်း။ Scandisk ပြုလုပ်နည်း။

PgMaker →Indesign Cs6



PageMaker 7.0 မှသည်
Adobe Indesign Cs 6 ဆီသို့
ညာဏ်ကြွယ်
CS, CS2, CS3, CS4, CS5, CS6
တစီတရိက်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များပြန်တီးရာမှာ အသုံးများနေတဲ့ PageMaker 7.0 အစား ပိုမိုကောင်းမွန်သည့် Adobe Indesign Cs6 အသုံးပြုနည်း။ Indesign Cs6 နှင့် Tool box မှာ ပါဝင်တဲ့ gap tool, Type tool, Type on path tool, Scale Tool, frame tool စသည်တို့ အသုံးပြုပုံ Fitting, Display performance အသုံးပြုနည်း စသည်တို့ကို PageMaker နှင့် Indesign နှိုင်းယှဉ်တင်ပြထားပါသည်။

ဖုန်းဖြင့် အင်တာနက် အသုံးပြုသူများ အတွက်



ညာဏ်ကြွယ်
Website လိပ်စာများ
နှင့်
Application များ
ဖုန်းဖြင့် အင်တာနက် အသုံးပြုသူများအတွက်
အင်တာနက်လိပ်စာများ အလွယ်ဆုံး ရှာဖွေနိုင်စေရန် . . . .
Application များလွယ်ကူစွာ အသုံးပြုတတ်စေရန် . . . .
အိတ်ဆောင်တယ်လီဖုန်းဆိုဒ်စာအုပ်သေးအဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီ။

မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

# Health

7Day News Journal
Vol.12, No.8 • MAY 2 , 2013

## တိုးမြှင့်လာသည့် ကျန်းမာရေးဘတ်ဂျက်နှင့် ရွှေ့ အလားအလာ

**ဝတ်ရည်အောင်**

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အစိုးရ၏ရသုံးခန့်မှန်းခြေငွေစာရင်းဘတ်ဂျက်အရကျန်းမာရေးဝန်ကြီးဌာနအား ယခင်နှစ်ကထက် ကျပ်သန်းပေါင်း တစ်သိန်းသုံးသောင်းကျော် တိုးမြှင့် သုံးစွဲရန်လျာထားခဲ့သည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် ကျပ်သန်းပေါင်းလေးသိန်းကျော်ရာခိုင်နှုန်းအားဖြင့် ၃ဒသမ ၂၁ ရာခိုင်နှုန်းဖြစ်လာသည်။ ယခင်အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ် တစ်ရာခိုင်နှုန်းရှိပြီး အစိုးရသစ် လက်ထက်တွင် ၂ဒသမ ၂ရာခိုင်နှုန်းအထိတိုးမြှင့်သွား၍ ယခုနှစ်တွင် ဆက်လက်မြှင့်တက်လာခြင်းဖြစ်သည်။

ယခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် ၁၄ဒသမ ၄၃ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံးဖြစ်သည်။

ထိုသို့တိုးမြှင့်လိုက်သည့် ဘတ် ဂျက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကို လျှော့ချရန် ကျေးလက်ဒေသများတွင် ဆေးရုံ၊ ဆေးခန်းများ ဦးစားပေးတည်ဆောက်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီအဖွဲ့ဝင် ဒေါက်တာနေလင်းက ပြောသည်။

ဆေးရုံဆေးခန်းများတွင် လိုအပ်လျက်ရှိသည့် ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ ပိုမိုဖြည့်တင်းဆောင်ရွက်ရန်နှင့် ဆေးရုံများကိုပြန်လည်ပြုပြင်ရန်အတွက်လည်း ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာနေလင်းက ဆက်လက်ပြောကြားသည်။

သွားလာရန်ခက်ခဲသည့်နေရာများတွင် လိုအပ်ချက်ကြောင့် ဆေးရုံ၊ ဆေးခန်းများထပ်မံဆောက်လုပ်သင့်သည်ဟုအဆိုပါပညာရှင်များက ပြောကြားပြီး မလိုအပ်သည့် တည်ဆောက်မှုများကြောင့်လူနာများအတွက် အသုံးပြုသင့်သည့်နေရာများတွင် လစ်လပ်သွားမည်ကိုစိုးရိမ်မှုများရှိနေကြသည်။

"ဆေးရုံ ဘယ်နှရုံတည်ဆောက်ပြီးပြီဆိုတဲ့ မြင်ကောင်းအောင်စာရင်းတွေထဲပြတဲ့ခေတ်လည်းမဟုတ်တော့ပါဘူး။ လက်ရှိရှိနေတဲ့ဆေးရုံတွေကို သန့်ရှင်းအောင်ပြန်ပြုပြင်တာမျိုးတွေကပိုကောင်းတာပေါ့"ဟု အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အငြိမ်းစားယူထားသည့် ဝန်ထမ်းတစ်ဦးက မှတ်ချက်ပြုပြောကြား သည်။

အစိုးရသစ်တာဝန်ယူပြီး ၂နှစ်ကျော်အတွင်း ပထမဆုံး သိသာမြင်သာသည့် ကျန်းမာရေးအသုံးစရိတ်အား ပြည်သူလူထုသို့စတင်အသိပေးပြီးနောက်ယခုနှစ်ဇန်နဝါရီလတွင် နောက်ထပ်အပြောင်းအလဲတစ်ခု ပြုလုပ်ခဲ့သည်။

ပြည်သူ့ဆေးရုံများရှိ အရေးပေါ်ဌာနသို့ရောက်ရှိလာသည့်လူနာတိုင်းအတွက်ဆေးဝါးအခမဲ့ကုသမှုပေးနိုင်ရန်၊ လိုအပ်သည့်ဆေးဝါးဖြည့်တင်းပေးရန် ဆေးရုံအလိုက် ငွေကြေးချထားပေးမှုအားနှစ်ပေါင်းများစွာအတွင်း ပြန်လည်စတင် ဆောင်ရွက်ခဲ့ပြီး အချို့သောဆေးရုံများတွင်အရေးပေါ်ဌာနအတွက်သာမက မွေးလူနာများ ကုသရန်အတွက်ပင် ဆေးဝါးများ အခမဲ့ရရှိနိုင်ရန် ဆောင်ရွက်ပေးခဲ့ သည်။

ယခု ဘဏ္ဍာရေးနှစ်တွင်လည်းတိုးမြှင့်ထားသည့် ဘတ်ဂျက်ငွေသည် အရေးပေါ်ဌာနများသို့ရောက်ရှိလာသည့် ပြင်ပလူနာများ ဆေးဝါးအခမဲ့ရရှိနိုင်စေရန်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်သုံးစွဲမှု အစီအစဉ်အား ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးကြည်မြင့်က ပြောသည်။

"အခုအချိန်မှာ ဘတ်ဂျက်တိုးထားတဲ့အတွက် အခြေခံနဲ့မရှိမဖြစ်ဆေးဝါးတွေကို ဆေးရုံတွေမှာထားပေးလာနိုင်တဲ့အပြင်လိုအပ်တဲ့ဝန်ထမ်းအင်အားတွေလည်း တိုးချဲ့ခန့်ထားနိုင်တော့မယ်'ဟု ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသက်ခင်က အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့ သည်။

**စာမျက်နှာ(၁၀)သို့**

## ဒီချုပ်နှင့် KOICA ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်မည်

**ဟေမာနင်း**

ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားကျန်းမာရေးကွန်ရက်နှင့်ပူးပေါင်းကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တစ်ခု ကိုလာမည့် ဇွန်၊ ဇူလိုင်လတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ စောင့်ရှောက်မှု အစီအစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုရီးယားသမ္မတနိုင်ငံလွှတ်တော်အမတ်တစ်ဦးတို့ တွေ့ဆုံဆွေးနွေးပြီးနောက် စီစဉ်ခြင်းဖြစ် သည်။

KOICAမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်ကေသီခိုင်က " ဒီအစီအစဉ်ကို အန်အယ်လ်ဒီကလူတွေတောင်းဆိုထားတဲ့ဒဂုံဆိပ်ကမ်းမြို့နယ်မှာ အရင်ဆောင်ရွက်သွားမယ်" ဟု မေ ၂၆ရက်တွင် ပြောသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် အမျိုးသမီးများနှင့် ပတ်သက်သောရောဂါများကို အဓိကထား ကုသပေးသွားမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံမှ သားဖွား၊ မီးယပ်အထူးကုဆရာဝန်များလာရောက်ကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီအစီအစဉ်ကို ဒဂုံဆိပ်ကမ်းမြို့နယ်မှာ တစ်ပတ်လောက်ပြုလုပ်မှာပါ။ အခြားနေရာတွေမှာ တစ်နေရာကို တစ်ပတ်စီလောက်လုပ်ဆောင်သွားမှာပါ။ အခြားဘယ်နေရာတွေကို သွားရောက်ကုသပေးမယ်ဆိုတာက သေချာမည့်နှိုင်းရသေးဘူး" ဟုယင်းကပြောသည်။

အဆိုပါ ကျန်မားရေးစောင့်ရှောက်မှုအစီအစဉ်ကိုအခြေခံလူတန်းစားများသည့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဦးစွာပြုလုပ်ခြင်းဖြစ်ကြောင်း အန်အယ်လ်ဒီ အမျိုးသားကျန်းမာရေးကွန်ရက်မှဒေါက်တာတင်မျိုးဝင်းက ပြောသည်။

## သတိပေးချက်ထုတ်ပြန်ထားသည့်ဆေးဝါးများ အရောင်းသွက်ဆေးဝါးများဖြစ်နေ



**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၂၇**

မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးအရည်အသွေးအာမခံချက်မရှိသည့် အနောက်တိုင်းဆေးဝါးခြောက်မျိုးအား ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးကြေညာလိုက်ပြီး ထိုဆေးများသည်ဈေးကွက်အတွင်းအရောင်းသွက်သည့်ဆေးဝါးများဖြစ်ကြောင်း သတင်းရရှိသည်။

အစာအိမ်ရောဂါအတွက် အသုံးပြုသည့် ဆေးဝါး၊ အစာစားချင်စိတ်လှုံ့ဆော်ပေးရန်အတွက် အသုံးပြုသည့် ဆေးဝါးများနှင့် သွေးပေါင်ကျစေရန် အသုံးပြုသည့် ဆေးဝါးအချို့အပြင် ဆေးခြောက်မျိုးစလုံးသည် ဈေးကွက်အတွင်းရောင်းအားကောင်းသည့်ဆေးများဖြစ်ကြောင်း တောင်ဒဂုံမြို့နယ်အတွင်းမှ ဆေးဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

"အခုအချိန်ထိ ဈေးကွက်ထဲမှာလည်းရှိနေတုန်းပဲ။ မင်္ဂလာဈေး၊ ဗိုလ်ချုပ်ဈေးလိုနေရာတွေမှာလည်း ကြိုက်သလောက်ဝယ်လို့ရနေတုန်းပဲ"ဟု အဆိုပါဆိုင်ပိုင်ရှင်က ပြောသည်။

"တကယ်တော့ မှတ်ပုံတင်မထားတဲ့ ဆေးဝါးတွေကတော့ အများကြီးဝင်နေတာပဲ။ မှတ်ပုံတင်ထားလားဆိုတာလည်းဆေးဆိုင်တွေကသိကြတဲ့အခါသိရဲ့နဲ့ရောင်းတဲ့သူတွေလည်း ရှိကြတယ်"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။ ထိုသတိပေးနှိုးဆော်ထားသည့် ဆေးဝါးများမှာ Cypro2 Tablet, Nifedipine Tablet (100),Rantidine HCL Capsule(Saneryisi), Diphenhydramine HCL Injection20mg/ml, Aminophylline Tabletနှင့် Aldactone Tablet (Spironolactonel p25mg)တို့ဖြစ်ကြသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတုံ၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချပါက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

## ကွယ်ကဘောဆေးခန်း ပုဂ္ဂလိကဆေးရုံအဖြစ် ဖွင့်လှစ်မည်

**အိမွန်ကျော်**

**ရန်ကုန်၊ မေ-၂၆**

အင်းစိန်မြို့နယ် အာလိန်ငါးဆင့်ဘုရားအနီးရှိ ကွယ်ကဘော (Kweh Ka Baw) ဆေးခန်းကို အထွေထွေရောဂါကုဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဦးနှောက်အာရုံကြောအထူးကုဒေါက်တာစောဆိုင်မွန်သာ ဦးစီး၍ ဦးနှောက်နှင့် အာရုံကြောရောဂါများ အထူးကုသပေးနေသော အဆိုပါ ဆေးခန်းကိုကုတင်တစ်ရာ ဝန်းကျင်ဆံ့ အထွေထွေရောဂါကု ဆေးရုံအဖြစ် အဆင့်မြှင့်၍ ဖွင့်လှစ်မည်ဖြစ် သည်။

ထို့အပြင် နေရာကိုလည်း ယခင်နေရာမှ အင်းစိန်ဆေးရုံအနီး မင်းကြီးလမ်းတွင် ရွှေ့ပြောင်းဖွင့်လှစ်သွားမည်ဟု ဆေးခန်းမန်နေဂျာ ဦးစောအီစက်က ပြောသည်။

ဆေးရုံကြီးတည်ဆောက်ပြီးစီးသွားပါက ၂၄ နာရီ မပြတ်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆေးရုံတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ကွယ်ဘဘော (Kweh Ka Baw)ဆေးခန်းကို ၁၉၉၇ ခုနှစ်တွင် ဝန်ထမ်းအင်အား ၂၀ ခန့်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။




7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# မကူးစက်နိုင်သည့် ရောဂါများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းမည်

ရဲနောင်

**ရန်ကုန်၊ မေ-၂၇**

ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများ စီမံထိန်းချုပ်ရေးအတွက် သတင်းအချက်အလက်များ စတင်ပြုစုမည်ဟု ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများဆိုင်ရာ အာဆီယံကွန်ရက်(ASE-AN Non-communicable Disease Network)က သတင်းထုတ်ပြန်သည်။

သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ နာတာရှည်ရောဂါများကြောင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် သေဆုံးမှုနှုန်းမြင့်မားနေခြင်းကို ထိန်းချုပ်ရန်အတွက် ယင်းကွန်ရက်ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါဖြစ်ပွားမှုသုံးဆယ်ရာခိုင်နှုန်းမှာ ယခုနှစ်များအတွင်း ငါးဆယ်ရာခိုင်နှုန်းအထိ တိုးပွားလာသည်ကို ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောသည်။

အရှေ့တောင်အာရှဒေသတွင် ယင်းရောဂါများဖြစ်ပွားမှုနှုန်း တိုးလာသောကြောင့်နှစ်စဉ်လူဦးရေ ၂ဒသမ၅သန်းခန့်သေဆုံးလျက်ရှိသည်။ ထို့အပြင်သေဆုံးမှုစုစုပေါင်း၏ ၆၀ရာခိုင်နှုန်းမှာ ယင်းရောဂါများကြောင့်ဖြစ်သည်။

"ဆေးခန်းကိုလာတဲ့ လူနာတွေကို ကြည့်ရင်သွေးတိုးနဲ့ နှလုံးရောဂါဖြစ်တဲ့ လူအများဆုံးပဲ။ အခြားရောဂါတွေနဲ့ယှဉ်ရင် တစ်ဝက်လောက်ရှိတယ်"ဟု ရန်ကုန် မြို့ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိအထွေထွေရောဂါကုဆရာဝန် တစ်ဦးက ပြောသည်။

ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များကို စားသုံးမှုမရှိခြင်းတို့မှာ အဆိုပါရောဂါဖြစ်ပွားရန် အဓိကအကြောင်းအရာများဖြစ်ပြီး၊ ထိုအပြုအမူများကို ပြုပြင်နိုင်လျှင် ဖြစ်ပွားမှုနှုန်း ၈၀ရာခိုင်နှုန်း ကာကွယ်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်။

ကမ္ဘာပေါ်တွင် သေဆုံးသူသုံးဦးတိုင်းတွင် နှစ်ဦးသည် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများကြောင့်ဖြစ်သည်။




# သရက်သီးစားခြင်းဖြင့် သွေးတွင်းသကြားဓာတ်နှင့် ကင်ဆာရောဂါအန္တရာယ်ကို လျှော့ချနိုင်

**အိုကလာဟိုးမား၊မေ-၂၅**

သရက်သီးများသည် အဝလွန်နေသူများတွင် သွေးအတွင်း သကြားဓာတ် လျော့ကျစေနိုင်ပြီး ရောင်ရမ်းခြင်းများကို လျော့ပါးစေနိုင်ကြောင်း အမေရိကန်သုတေသီများက ဆိုသည်။



အိုကလာဟိုးမားပြည်နယ် တက္ကသိုလ်တွဲဖက်ပါမောက္ခအက်ဒရာလင်လူးကပ်စ်က ခန္ဓာကိုယ်သိပ်သည်းဆ ၃၀နှင့် အထက်ရှိသော အဝလွန်သူများတွင် နေ့စဉ်သရက်သီး စားသုံးခြင်း၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့သည်။ ၎င်းတို့၏ ကျန်းမာရေး အချက်အလက်များနှင့်ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပြောင်းလဲမှုကို လေ့လာကြသည်။

အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးကိုးဦးသည် လေ့လာမှုတွင် ပါဝင်ခဲ့၍ ၎င်းတို့အားနေ့စဉ် လတ်ဆတ်သော သရက်သီး ၃ ဒသမ ၅ အောင်စ (သို့မဟုတ်) ၁၀၀ ဂရမ်နှင့်ညီမျှ၍ အအေးခတ်ဖြင့် အခြောက်ခံထားသော သရက်သီး ၁၀ ဂရမ် ကို သီတင်းပတ် တစ်ဆယ့်နှစ်ပတ် စားသုံးစေခဲ့သည်။

ယင်းနောက်ပိုင်းလေ့လာမှုအရ အမျိုးသားရော၊ အမျိုးသမီးများတွင်ပါ သွေးတွင်းသကြားဓာတ်သိသိသာသာ လျော့ကျခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံတွင် အပြောင်းအလဲမရှိသော်လည်း အမျိုးသမီးများတွင် ခန္ဓာကိုယ်သိပ်သည်းဆ တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

ယင်းမှာ သရက်သီးတွင် ပါဝင်သော ပိုလီဖီနောလစ်ဒြပ်ပေါင်းကြောင့် ဖြစ်နိုင်ပြီး ယင်းဒြပ်ပေါင်းများကို ပဲပိစပ်၊ လက်ဖက်ရည်စိမ်းနှင့် စပျစ်သီးများတွင်လည်း တွေ့ရှိရကြောင်း သုတေသီများက ပြောသည်။

—Ref: UPI

စာမျက်နှာ(၉)မှ

## တိုးမြင့်လာသည့် ကျန်းမာရေး ဘတ်ဂျက်နှင့် ရှေ့အလားအလာ

ထို့အပြင် ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ဆေးကျောင်းအောင်၍ အလုပ်သင်ဆရာဝန်ဖြစ်ပြီး ဆရာဝန်များအား လိုအပ်ချက်အရ ဦးစွာအလုပ်ခန့်ပြီး နောက်မှ လိုအပ်သော သင်တန်းများတက်ရေးနှင့် ကျေးလက်နှင့် မြို့ပြ ကျန်းမာရေး မကွာဟစေရေးအတွက် ဆေးရုံဆေးခန်း အဆင့်ဆင့်တိုးချဲ့ရေးနှင့် ဆရာဝန်၊ သူနာပြု ခန့်အပ်ပေးနိုင်ရန် လွှတ်တော်မှ နည်းလမ်းတစ်ခုခုနှင့် ချမှတ်ပြီး ဆုံးဖြတ်ဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးသူရ ရွှေမန်းကပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ထိုအစီအစဉ်သည် လူနာနှင့် ဆရာဝန် မမျှတခြင်းကြောင့် ဖြစ်ပွားနေသည့် ဆေးကုသချိန်မလုံလောက်ခြင်း၊တိုင်ပင်ဆွေးနွေးမှုအတွက် အချိန်မပေးနိုင်သည့်အတွက် မှားယွင်းကုသမှုများဖြစ်ပွားနေခြင်းစသည့်ပြဿနာများမှတစ်ဆင့် လူနာနှင့် ဆရာဝန်ကြားတွင် မပြေလည်မှု အဖုအထစ်များအား ဖြေရှင်းနိုင်မည့်အပြင် ယခင်က ချမှတ်ထားသည့် မူဝါဒကြောင့် ဆေးရုံများတွင် ဆရာဝန်လိုအပ်နေသော်လည်း အပြင်တွင် ဆေးကုသနိုင်သော ဆရာဝန်များမှာ တာဝန်ထမ်းဆောင်ခွင့်ရရန် ဝင်ရောက်ဖြေဆိုရသည့် စာမေးပွဲများအား အချိန်များစွာ စောင့်စားနေရခြင်း ပြဿနာများလည်း ပြေလည်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

"ဘတ်ဂျက်တိုးလိုက်မှုအတွက် ပြည်သူတွေဘက်က ရလာနိုင်တဲ့ အခွင့်အရေးတွေကိုလည်း အစိုးရဘက်က ပွင့်လင်းမြင်သာမှုရှိအောင်လုပ်စေချင်တယ်။ မဟုတ်တဲ့အခါ ဆေးရုံရောက်လာသူတွေက ဘတ်ဂျက်တိုးထားတာဒီပစ္စည်းတွေ ထပ်ဝယ်နေရသေးလားဆိုပြီး စောဒကတွေ များလာရင် ဝန်ထမ်းတွေဘက်မှာလည်း စိတ်ပိုင်းဆိုင်ရာပြဿနာတွေများလာနိုင်တယ်"ဟုဒေါက်တာကျော်စွာဦးက ပြောသည်။

ယခု ပြည်နယ်နှင့် တိုင်း ဒေသကြီးများတွင် ဆေးရုံ၊ ဆေးခန်းပေါင်း ၉၄၀ ကျော်ရှိပြီး ကျန်းမာရေးဌာနပေါင်းထောင်နှင့်ချီ၍ တည်ဆောက်ပြီးစီးခဲ့ပြီး ဘတ်ဂျက်လိုငွေပြမှု လျှော့ချနိုင်ရန် နေပြည်တော်တွင် တည်ဆောက်လျက်နေသည့် ကျပ် ၁၁,၉၂၇ သန်း ကုန်ကျမည့် ဆေးရုံလေးရုံ တည်ဆောက်မှု ရပ်ဆိုင်းရန် ယခုနှစ်ဖေဖော်ဝါရီလအတွင်း ပြည်ထောင် စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ကန့်ကွက်သူများသဖြင့် အဆိုပါစီမံကိန်းရပ်ဆိုင်းခဲ့သည်။

"အပေါ်ပေါ်တည်ဆောက်မှုတွေထက် လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဦးစားပေး ဖြည့်တင်းပေးမှုတွေ လုပ်နိုင်အောင်လွှတ်တော်ဘက်ကလည်း ကြိုးစားသွားမှာပါ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ပြောသည်။

# Regional

7 DAY NEWS JOURNAL

Vol.12, No.8 • MAY 2 , 2013


# မကွေးတိုင်းဒေသကြီးတွင် အပူဒဏ်ကြောင့် သေဆုံးသူ မရှိဟုဆို

**ဝတ်ရည်အောင်**

**ရန်ကုန်၊**

**မေ-၂၇**

အပူရှိန်ကို ပြင်းထန်စွာ ခံစားနေရသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မကွေးတိုင်းဒေသကြီးအတွင်းတွင် အပူဒဏ်ကြောင့် ယခုနှစ်အတွင်း ဖျားနာခြင်း၊ နေလောင်ခြင်း၊ အပူဖုထွက်ခြင်းများ ခံစားကြရသော်လည်း အသက်သေဆုံးမှုမရှိကြောင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်တက်မှုပြင်းထန်သော်လည်း လွန်ခဲ့သည့် ၂ နှစ်ကျော် အပူရှိန်ပြင်းထန်ခဲ့သည့် နွေရာသီကဲ့သို့ အပူဒဏ်ကြောင့် အသက်သေဆုံးမှုများမရှိကြောင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဌေးက ပြောသည်။

"ဒီနှစ်တော့ အရက်ဆိုင်တွေပိတ်ထားဖို့ဆိုတဲ့အထိ သတိပေးချက်တွေတော့ မထုတ်ရဘူး။ အပူဒဏ်သတိပေးနှိုးဆော်ချက်တွေတော့ ထုတ်ပြီး သတိပေးထားတာပဲရှိတယ်"ဟု အဆိုပါကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

မကွေးနှင့် ရေနံချောင်းပြည်သူ့ဆေးရုံကြီးများတွင်လည်း အပူဒဏ်ကြောင့်ဖြစ်ပွားသည့် ရောဂါများဖြင့် တက်ရောက်ကုသသည့် လူနာမရှိသေးကြောင်း ပြောကြားသည်။

မန္တလေးမြို့တွင် ရာသီဥတုပိုမိုပူပြင်းလာသည့်အတွက် အပူဒဏ်ကြောင့်တိရစ္ဆာန်များသေဆုံးမှု မရှိစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြိုတင်ကာကွယ်မှုများ စတင်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အပူချိန်သည် ကချင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်ကလည်း ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခင်နှစ်များက မြစ်ကမ်းဆိပ်နေရာများ၌ နေ့အပူရှိန်ပြင်းသည့်အချိန် ရေချိုး၊ ရေကူးခြင်းများကြောင့် အသက်ဆုံးရှုံးမှုများ မဖြစ်ပွားစေရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြည့်ရသည်များလည်းရှိခဲ့ကြောင်းဒေါက်တာဇော်ဌေးက ပြောကြားသည်။

အပူပြင်းထန်သည့် အချိန်တွင် အပူဒဏ်ကြောင့် ဦးနှောက်သွေးကြောပြတ်၍ အသက်ဆုံးရှုံးနိုင်သကဲ့သို့ နေပူဒဏ်ကြောင့် အားအင်ကုန်ခန်းမော ပန်းခြင်း၊ အော့အန်မူးဝေခြင်း၊ ရေရှားပါးမှုနှင့် မသန့်ရှင်းသော အစားအစာများကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားခြင်း၊ ခေါင်းကိုက်ခြင်း ဝေဒနာများခံစားကြရနိုင်ပြီး အပူရှိန်ပြင်းထန်သည့် အပူပိုင်းဒေသများတွင် နေထိုင်သူများ ပိုမိုသတိပြုနေထိုင်ကြရန် ဆေးပညာရှင်များက ပြောကြားသည်။

# မီးလောင်ပေါက်ကွဲသည့်စက်ရုံ အာမခံလျော်ကြေး ရှစ်လအကြာရရှိ

**မိုးညို၊ ဆွေမွန်**

**ရန်ကုန်၊ မေ-**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ အစိုးရပိုင်စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ မီးလောင်ပေါက်ကွဲမှုအတွက်မြန်မာ့အာမခံလုပ်ငန်းက ကျပ်သိန်း ၃,၅၀၀ ကျော်ခန့် လျော်ကြေးပေးအပ်သည်။

ယမန်နှစ် ဩဂုတ်လ ၂ရက်နေ့လယ် ၁ နာရီခန့်တွင် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ယင်းစက်ရုံ၌ စက်လည်ပတ်နေသည့် ပင်မအဆောက်အအုံမှ အပူချိန်မြင့်မားခြင်းကြောင့် ဖိအားမထိန်းနိုင်၍ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှစ်လအကြာတွင် ယခုလိုလျော်ကြေးငွေပေးအပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုတွင် ပါဝင်ခဲ့သည့် အဆောက်အအုံ ရှစ်လုံး၊ စက်ပစ္စည်းနှင့် ကုန်ပစ္စည်းများအတွက် အာမခံငွေကျပ်သိန်း ၉,၀၀၀ ကျော်ခန့် ထားရှိခဲ့ပြီး တစ်နှစ်လျှင် ပရီမီယံကြေး သိန်း ၈၀ ကျော် ပေးသွင်းရကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရှိရသည်။

"ချက်ချင်းမပေးနိုင်ဘူး။ ရှစ်လကြာမှ ပေးနိုင်တယ်ဆိုတာက အစိုးရအဖွဲ့က စုံစမ်းစစ်ဆေးမှုတွေလည်း လုပ်ရသေးတယ်။ လျော်ကြေး ပေးနိုင်ဖို့အတွက် ကွင်းဆင်း စစ်ဆေးနေတာတွေလည်းရှိတယ်။ ဒါကြောင့်ကြာနေတာပါ"ဟုမြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းကပြောသည်။

အကျုံးဝင်လျော်ကြေး အဆောက်အအုံရှစ်လုံးအတွက် သိန်း ၂၀၀ ကျော်နှင့် စက်ပစ္စည်းများအတွက်ကျပ်သိန်း၃,၃၀၀ ကျော်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။



*ဟိုင်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ မီးလောင်ပေါက်ကွဲစဉ်*

ဓာတ်ပုံ -မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ (ဖေ့စ်ဘုတ်ခ်)

# ချင်းတွင်းမြစ်ရေစီးကြောင်း ပြောင်းလဲမှုကြောင့် နွေစပါးစိုက်ဧက လျော့နည်းလာ

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၂၇**

ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်း စံပြကျေးရွာတွင် မြစ်ရေတင်စီမံကိန်းမှ ရေသွင်းစနစ်ဖြင့် နှစ်စဉ်နွေစပါးစိုက်ပျိုးလေ့ရှိရာ ယခုနှစ်၌ ချင်းတွင်းမြစ်ရေစီးကြောင်း ပြောင်းလဲမှုကြောင့်နွေစပါးစိုက်ဧကသိသိသာသာလျော့နည်းလာပြီး အခြားအစားထိုး သီးနှံများ ပြောင်းလဲစိုက်ပျိုးသူ ပိုမိုများပြားလာကြောင်း အဆိုပါဒေသခံများ ပြောကြားသည်။

"ချင်းတွင်းမြစ်ရေတင် စီမံကိန်းက အလှည့်ကျရေပေးဝေနေပေမယ့် ရေမပေးဝေနိုင်တဲ့ စိုက်ခင်းတွေကို နွေစပါးအစား အခြားအစားထိုးသီးနှံတွေဖြစ်တဲ့ ပဲတီစိမ်း၊ နှမ်း၊ ပြောင်းဖူးစတဲ့ သီးနှံတွေကို မြေအောက်ရေတွင်းကရေနဲ့ စိုက်ပျိုးနေကြတယ်"ဟု အမြင့်မြို့ဟောင်း စံပြကျေးရွာ ချင်းတွင်းမြစ်ရေတင်စီမံကိန်း ရေပေးဝေဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေစီးကြောင်း ပြောင်းလဲမှုအပေါ် မူတည်၍ ရရှိသော ရေဖြင့် အမြင့်စံပြကျေးရွာအနီး ချင်းတွင်းမြစ်ရေတင် စီမံကိန်းမှ နေ့ရောညပါ ရေပေးဝေလျက်ရှိရာ နွေစပါးစိုက်ခင်းများတွင် အပူရှိန်မြင့်တက်မှုကြောင့် စိုက်ခင်းများ ရေပေးဝေမှု ယခင်နှစ်များကထက် ပိုမိုပေးသွင်းနေရကြောင်း အဆိုပါ ဒေသခံတောင်သူများ ပြောပြချက်အရ သိရှိရသည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# အညာတွင် မိုးနည်းသည့်ဒဏ်ခံနိုင်သော နှမ်းမျိုးစိတ်များ ရွေးချယ်စိုက်ပျိုးလာ

**ဆန်းညွန့်**

**ရေနံချောင်း၊ မေ-၂၅**

ယမန်နှစ်က မိုးခေါင်မိုးနည်းခဲ့၍ နှမ်းအပျက်အစီး ရှိခဲ့သဖြင့် ယခုနှစ်တွင် မိုးခေါင်မှုဒဏ်ခံ နှမ်းမျိုးရင်းများကို ကြိုတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း နှမ်းစိုက်တောင်သူများက ပြောကြားသည်။

"ဒီနှစ် စိုက်ပျိုးရာသီမှာ မျိုးစိတ်ရွေးချယ်လာကြတယ်။ မေလနောက်ဆုံးပတ်မှာ မိုးရွာတဲ့အခါ နှမ်း၊ မြေပဲ၊ ပဲစင်းငုံကိုစိုက်တယ်။ တောင်သူတွေဟာ ရှေ့အစဉ်အလာအရ ကောက်ပဲသီးနှံကို မြေအစိုဓာတ်သုံးလက်မ၊ ထွန်သွားမြုပ်မှအပင်ပေါက်တယ်။ ဒီနှစ်တော့ မြေအခြောက်ကို ရွေးစိုက်တဲ့အခါ မိုးလည်းရွာရော စိုက်ပြီးသားဖြစ်တဲ့အပြင် အပင်ပေါက်စောတယ်"ဟုစွယ်ပေါက္ကံကျေးရွာတောင်သူတစ်ဦးကပြောသည်။


*မုံရွာပွဲရုံတစ်ခုတွင် နှမ်းများသန့်စင်နေစဉ်* ဓာတ်ပုံ - အားမာန်

"နှမ်းမျိုးစိတ်တွေကတော့ အနီ၊ အဖြူ၊ အနက်၊ နှမ်းစမုံ၊ နှမ်းဝါဆိုပြီးရှိတယ်။ မနှစ်က နှမ်းပင်တွေ သုံးပေအမြင့် ရှိနေပြီး အပွင့်တွေလည်း ဖြိုင်နေတာ။ အသီးတချို့ကသီးနေတာ။ ဒါပေမဲ့ မိုးမရွာတော့အပင်သေရော။ နှမ်းစမုံ၊ နှမ်းဝါတွေက အထွက်မဆိုးဘူး။ ရာသီဒဏ်ခံတယ် ဒါကြောင့် စိုက်ပျိုးသူများတယ်" ဟု ကံမကျေးရွာအုပ်စုမှတောင်သူတစ်ဦးကပြောသည်။

# ပါရမီ သွေးအလှူရှင်အသင်း တစ်နှစ်ကျော် အတွင်း ၁,၈၅၅ ပုလင်း လှူဒါန်းနိုင်ခဲ့

**မိုးကျော်**

**မကွေး၊ မေ- ၂၇**

မကွေးမြို့ ပါရမီ သွေးလှူရှင်အသင်းမှသွေးလိုအပ်သောလူနာများအခမဲ့သွေးလှူဒါန်းမှုပြုလုပ်ခဲ့ရာ တစ်နှစ်နှင့် ခုနစ်လအတွင်း သွေးပုလင်းပေါင်း ၁၈၅၅ပုလင်း လှူဒါန်းနိုင်ခဲ့ကြောင်း အသင်းဝင် ဦးကျော်စွာက ပြောသည်။

"အရင်တုန်းက သွေးတစ်ပုလင်းကို အပြင်မှာဝယ်ရင် ကျပ်သုံးသောင်းဝန်းကျင် ပေးရတယ်" ဟု အသင်းဝင် ဦးကျော်စွာက ပြောသည်။ မကွေးတိုင်းဆေးရုံကြီးနှင့် ဆေးရုံများတွင် သွေးလိုအပ်သည့်လူနာရှင်များ သွေးရှာဖွေရာတွင်အခက်အခဲများ ရှိနေသည်ကို နှစ်စဉ် မန်းရွှေစက်တော် သာသနာ့နယ်မြေ ဝါဆို၊ ဝါကပ်၊ သံဃာတော်များအား ပစ္စည်းလေးပါး ဒါယိကာအဖြစ်လှူဒါန်းနေသော ပါရမီအသင်းလူကြီးများမှ သိရှိပြီး အခမဲ့ သွေးလှူဒါန်းသွားနိုင်ရန်ပါရမီအသင်းကို မတည်ငွေ ၄၉၀,၀၀၀ကျပ်ဖြင့် ဦးဆောင်စတင်တည်ထောင်ခဲ့ သည်။

မကွေးမြို့တွင် သွေးလိုအပ်သောလူနာရှင်များ ပါရမီ သွေးလှူ အသင်း ဖုန်းနံပါတ် ၀၉-၄၀၁၅၅၇၉၁၅သို့ ဆက်သွယ်တောင်းခံနိုင်ကြောင်းသတင်းရရှိသည်။

# နွေလယ်မိုးကြောင့် ကြက်သွန်ဖြူစိုက်ခင်းများ ပျက်စီး

**အိမွန်ကျော်**

**ရန်ကုန်၊**

**မေ-၂၇**

သင်္ကြန်မတိုင်မီက ရှမ်းပြည်နယ်တွင် ရွာသွန်းသော မိုးကြောင့် ကြက်သွန်ဖြူအခင်းများ ပျက်စီးကာ အထွက်နှုန်းလျော့နည်းနေကြောင်း ကြက်သွန်ဖြူဈေးကွက်မှ သတင်းရရှိသည်။

ကြက်သွန်ဖြူစိုက်ပျိုးသော တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုး ဒေသများတွင် ယခင်နှစ်က ဈေးကောင်းမရသောကြောင့် တောင်သူများ စိုက်ပျိုးမှု လျော့နည်းလာခြင်း၊ ထိုသို့ဈေးကောင်းမရ၍ မြေသြဇာမထည့်နိုင်ခြင်းတို့ကြောင့် အထွက်နှုန်း လျော့နည်းလာခြင်းဖြစ်သည်ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် သင်္ကြန်နောက်ပိုင်းတွင် ကြက်သွန်ဖြူ ဈေးနှုန်းများ နေ့စဉ် တစ်ရာကျပ်၊ နှစ်ရာကျပ်မြင့်တက်လျက်ရှိပြီး ဈေးငြိမ်၍ ပုံမှန်အနေအထားရှိသည်မှာ နှစ်ရက်ခန့်ရှိပြီဟု မေ ၂၇ ရက်တွင် ကုန်သည်တစ်ဦးက ပြောသည်။

စိုက်ပျိုးမြေကေ တိုးချဲ့ခြင်းနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် ကြက်သွန်နီအထွက်နှုန်းမှာ ယခင်နှစ်ထက် မြင့်တက်လာပြီး ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ တန် ၇၀၀၀ ကျော်ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သုံး သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးခင်ဟန်က ပြောသည်။

# မြိုင်မြို့နယ်ကန်နီကျေးရွာတွင် ဇမ္ဗူလင်း စာကြည့်တိုက် ဆောက်လုပ်လှူဒါန်း

**စိုင်းသာအောင်**

**မြိုင်၊ မေ-၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြိုင်မြို့နယ်ကန်နီကျေးရွာတွင်ဇမ္ဗူလင်း စာကြည့်တိုက်ကို မေ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။ဇမ္ဗူလင်းစာကြည့်တိုက်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းအကွက် ၃၅၃ မင်းသားရပ်နေ ဦးစိန်မြင့်+ဒေါ်ဇာနည်ဆွေ(ဇမ္ဗူလင်းကျောက်မျက်ကုမ္ပဏီ) က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

# ကြက်စာပြောင်းဖူးစျေး တစ်တင်း ကျပ် ၁,၀၀၀ ကျော်အထိ စျေးကျဆင်း

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၂၈**

မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသတွင် စီးပွားဖြစ် စိုက်ပျိုးသော ကြက်စာပြောင်းဖူး(စီပီပြောင်းဖူး)စိုက်ခင်းများ ရိတ်သိမ်းချိန်ကာလ မေ စတုတ္ထပတ်အတွင်းကြက်စာပြောင်းဖူးတစ်တင်းလျှင် ကျပ်တစ်ထောင်ခန့် ဈေးကျဆင်းလာသဖြင့် ဈေးကွက်အနေအထား စောင့်ကြည့်သော တောင်သူ ပိုမိုများပြားလာကြောင်း မုံရွာမြို့တောင်ကျွန်းထဲဒေသခံတောင်သူများ ပြောကြားချက်အရ သိရှိရသည်။

"ကြက်စာဈေးက ဒီရက်ပိုင်း တစ်တင်းတစ်ထောင်အထိ ဈေးကျနေလို့ လောလောဆယ် မရောင်းနိုင်သေးဘူး။ ဈေးကွက်အနေအထား စောင့်ကြည့်နေတုန်းပါ။ ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းကကြက်စာ ပြောင်းဖူးတစ်တင်း ၈၈၀၀ ဈေးကနေ အခုတစ်တင်း ၇၈၀၀ ဈေးပဲ ရှိတော့တယ်။ ဈေးကွက်အနေအထားအရတက်ဈေးကို စောင့်နေကြတာ များတယ်။ မဖြစ်မနေ လယ်ယာအသုံးစရိတ်လိုတဲ့သူတွေလောက်သာ ရောင်းတာများတယ်" ဟု မုံရွာမြို့နယ် ညောင်ဖြူပင် ကျေးရွာ ဒေသခံ ကြက်စာပြောင်းဖူးစိုက်တောင်သူ ဦးနုက မေလ ၂၈ ရက်တွင် ပြောသည်။

"ကြက်စာပြောင်းဖူးက အခု ၇၇၀၀ ဈေးဆိုတော့ ပုံမှန်လို့ ပြောလို့ရတယ်။ ဘာကြောင့်လည်းဆိုတော့ သင်္ကြန်မတိုင်မီ ရက်တုန်းက ကြက်စာဈေးက အမြင့်ဆုံးကျပ် ၈၈၀၀ အထိ ဖြစ်သွားတာက ပစ္စည်းနည်းနည်း ပြတ်သွားလို့ တက်သွားတဲ့ ဈေးပါ။ အခုသင်္ကြန်ပြီးကတည်းက ကြက်စာပြောင်းတွေ ကျွန်းပေါ်ကနေ စသွင်းနေပြီဆိုတော့ ဈေးကပြန်ကျသွားတာဖြစ်ပါတယ်။ အိပ်စ်ပို့ရော ပြည်တွင်းဝယ်လိုအားကလည်း ပုံမှန်အတိုင်းပါပဲ" ဟု မုံရွာမြို့ဒေသခံ ကုန်သည်ကြီးတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ရာသီဥတုဒဏ်နှင့်စိုက်ပျိုးစရိတ်သက်သက်ပြီး ဈေးကွက်တွင် အရောင်းသွက်သည့်ကြက်စာပြောင်းဖူး စိုက်ခင်းများကို ချင်းတွင်းမြစ်ရေဝင်ဒေသတွင် စိုက်ပျိုးမှုများပြားလာကြောင်း ချင်းတွင်းမြစ် ရေဝင်ဒေသခံ တောင်သူများ ပြောကြားချက်အရ သိရှိရသည်။

# မုံရွာမြို့နယ်ဒေသအချို့ မြေအောက်ရေလျော့နည်းလာ

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၂၈**

မုံရွာမြို့တောင်ဘက် ချင်းတွင်းမြစ် သက်ရင့်ကျွန်းပေါ်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး မြေအောက်ရေတွင်းများတွင် ယခုနှစ်နွေရာသီ အပူချိန်မြင့်တက်မှုကြောင့် ရေတွင်းများတွင် ရေပြတ်လပ်နေကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားခဲ့သည်။

"အရင်တုန်းက ပေ ၂၀ လောက်ရှိတဲ့ ရေတွင်းတွေနဲ့ သုံးတာ ရေပြတ်ကုန်လို့ ပေ ၇၀ ဝန်းကျင် အဝီစိပိုက်ရိုက်တွင်းတွေ ပြောင်းသုံးခဲ့တာ ဆယ်နှစ်လောက်ရှိပြီ။ ဒီနှစ်ကျွန်းပေါ်က ပေ ၇၀ ဝန်းကျင် အဝီစိပိုက်ရိုက်တွင်းတွေ ရေပြတ်တာတွေ ရှိလာတယ်။ ဒီနှစ်ကျွန်းပေါ်က အဝီစိပိုက်ရိုက်တွင်းတူးတဲ့ သူတော်တော်များများက ပေ ၈၀ ကနေ ၁၀၀ ကျော်အထိ နက်နက်တူးမှ ရေပေါ်ပေါ်ထွက်တယ်" ဟု မုံရွာမြို့ တောင်ဘက်ချင်းတွင်းမြစ်သက်ရင့်ကျွန်းပေါ်ဒေသ ဘုမ္မနိုးကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။


*မြေအောက်ရေနည်းလာသဖြင့် ခြောက်သွေ့နေသည်ကို တွေ့ရစဉ်* ဓာတ်ပုံ - မျိုးမင်းဦး

ချင်းတွင်းမြစ်သက်ရင့်ကျွန်းများပေါ်တွင်စိုက်ပျိုးရေးလုပ်ငန်းသုံးမြေအောက် ရေတွင်းများ တူးဖော်ရာတွင် မြေအောက်ကျောက်လွှာတွေ့ရှိမှု နည်းပါးသဖြင့် ရေတွင်းတူးဖော်ချိန် တစ်ရက်တည်းနှင့် အပြီး တူးဖော်နိုင်သည့်အတွက် ပိုက်အရွယ်အစားအလိုက် ကျပ်သုံးသောင်းခွဲမှ လေးသောင်းခွဲအထိ ရေတွင်းတူးဖော်ခ နှုန်းထားများရှိကြောင်း သိရသည်။

မုံရွာမြို့ပေါ်တွင် မြေအောက်ကျောက်လွှာများကြောင့် ရေတွင်းတူးဖော်ချိန် နှစ်ရက်မှ သုံးရက်အထိကြာမြင့်ပြီး ပိုက်အရွယ်အစားအရ ကျပ်ခုနစ်သောင်းမှ ကျပ်တစ်သိန်းခွဲအထိ အသီးသီးရှိကြောင်း သိရှိရသည်။

ယခုနှစ်များအတွင်း မုံရွာမြို့နယ်တွင် အဝီစိပိုက်ရိုက်ရေတွင်းများအား မြေအောက်ပေ ၇၀ ခန့်သာ တူးဖော်ခဲ့ရာမှ ယခုနှစ်အတွင်း ပိုက်ရိုက်အဝီစိရေတွင်းများတွင် ရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း မြေအောက်ပေ ၈၀ မှ ပေ ၁၀၀ ကျော်အထိ တူးဖော်ခဲ့ရကြောင်း မုံရွာမြို့နယ်အတွင်း မြေအောက်ရေတွင်း တူးဖော်သူများ ပြောကြားချက်အရ သိရှိရသည်။

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# ကိုယ့်အားကိုယ့်ကိုး မူးမြစ်တံတား မေလကုန်ပြီးမည်

စိုင်းသာအောင်

**ဒီပဲယင်း၊မေ-၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၊ မူးကမ်းကြီးဒေသကိုယ့်အားကိုယ့်ကိုး မူးမြစ်ကူးတံတားကြီး မေလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မူးကမ်းကြီးဒေသကိုယ့်အားကိုယ့်ကိုးမူးမြစ်ကူးတံတားကြီး တည်ဆောက်ရေးနာယက၊တံတားဦးကျောင်းဆရာတော်ဘဒ္ဒန္တလက္ခကာက “တံတားကြီးကို ၂၀၁၀၊ ဇူလိုင် ၁၅ရက်က စတင်တည်ထောင်ခဲ့တာ အခုသုံးနှစ်ထဲရောက်လာပါပြီ။ ယခုတံတား ၁၄ဘီး မြောက်အာစီကွန်ကရစ်ခင်းနေပါပြီ။ မူလခန့်မှန်းထားတာက ကျပ်သိန်းပေါင်း ၁၂,၀၀၀ ပါ။ ဒီတံတားကြီးကို ဒေသခံတောင်သူလယ်သမားတွေက ဆရာစံတံတားလို့ နာမည်ပေးလိုကြပါတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးအရှည်ဆုံးကိုယ့်အားကိုယ့်ကိုး တံတားကြီးပါ” ဟုမိန့်ကြားသည်။

တံတားကြီးတည်ဆောက်ရေးအတွက် ဒေါက်တာအရှင်ဆေကိန္ဒ၊ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်အရှင်ဇဝန၊ ရွှေဆံနွယ်ဆရာတော်တို့ကလည်း မတည်ငွေများထည့်ဝင်လှူဒါန်း ခဲ့ကြောင်းသိရသည်။

# ဘူးသီးတောင်–မောင်တောကားလမ်း လမ်းတံတား အသုံးပြုခများ စတင်ကောက်ခံ

မောင်ကံ

**မောင်တော၊ မေ-၂၆**

လမ်းတံတား အသုံးပြုခများ ကောက်ခံခြင်း မရှိသည့် ဘူးသီးတောင်- မောင်တာကားလမ်းတွင် လမ်းတံတားအသုံးပြုခများကို ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကောက်ခံနေကြောင်း သတင်းရရှိသည်။

လမ်းတံတား အသုံးပြုခများကို မောင်တော သုံးမိုင်လမ်းဆုံတွင် ဂိတ်ဖွင့်ကောက်ခံနေသည်။

ဟိုင်းလပ်ကားတစ်စီးလျှင် အသွားအပြန်ကျပ်၅၀၀၊ကုန်တင်ကား၊ ဝါးတင်ကားတစ်စီးလျှင် အသွား ကျပ် ၅၀၀၊ အပြန် ၅၀၀ ကျပ်နှုန်းဖြင့် ကောက်ခံနေကာ ဆိုင်ကယ်တက္ကစီတစ်စီးလျှင် အသွားအပြန်- ၁၀၀ ကျပ်နှုန်းဖြင့် ကောက်ခံနေကြောင်း ဟိုင်းလပ်ယာဉ်မောင်းသူတစ်ဦးက ပြောသည်။

ဘူးသီးတောင်-မောင်တော လမ်းတံတား အသုံးပြုခများကောက်ခံနေခြင်းနှင့်အတူ မောင်တော-ကြိမ်ချောင်း-အောင်သပြေ-ဇန္ဒုလလမ်းတွင်လမ်းတံတားအသုံးပြုခများကို စတင်ကောက်ခံနေကြောင်း သိရသည်။

ဘူးသီးတောင်-မောင်တောကားလမ်းအပါအဝင် မောင်တောခရိုင်ပြည်သူ့ဆောင်လုပ်ရေး လုပ်ငန်း၏ ကြီးကြပ်မှုအောက်တွင်ရှိသည့် လမ်းပိုင်းများတွင် ယခင်က လမ်းတံတား အသုံးပြုခကောက်ခံခြင်းများ မရှိခဲ့ပေ။

ယခုဘဏ္ဍာနှစ်တွင် လမ်းတံတားများ အသုံးပြုခကောက်ခံရေး လုပ်ငန်းများ လေလံပေးရာ၌ ဘူးသီးတောင်-မောင်တောလမ်းပိုင်းနှင့်မောင်တော-ကြိမ်ချောင်း-အောင်သပြေ-ဇန္ဒုလလမ်းပိုင်းများ ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

လမ်းတံတား အသုံးပြုခများ စတင်ကောက်ခံနေသော်လည်း ခရီးသည်များ ပေးဆောင်ရသည့် ကားခများ ဈေးတက်ခြင်း မရှိကြောင်း စုံစမ်းသိရသည်။

စာမျက်နှာ (၁၅)

## ပညာရေးအသုံးစရိတ် တိုးသော်လည်း လုံလောက်မှုမရှိသေး မှ

ကျွန်တော်တို့အရင်က ရတာထက် လေးဆကနေ ငါးဆလောက်ရနေပါပြီ။ နိုင်ငံတော်ဆီက ထပ်တိုးတောင်းဖို့ထက် ပေးတဲ့ပိုက်ဆံကို ဟန်ချက်ညီအောင် သုံးတတ်ဖို့နဲ့ အလေအလွင့်နည်းအောင် သုံးဖို့တာဝန်ရှိပါတယ်”ဟု ဦးအေးကြူက နှီးနှောဖလှယ်ပွဲတက်ရောက်လာသော ဆရာ၊ ဆရာမများအားပြောသည်။

ပညာရေးဝန်ကြီးဌာနသည် တိုးမြှင့်ရရှိမည့် အသုံးစရိတ်များကို အခြေခံပညာရေးကဏ္ဍအတွက် ဟောင်းနွမ်း ယိုယွင်းနေသော ကျောင်းဆောင်များပြုပြင်ခြင်း၊ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း ပညာရေး ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်း၊ အိုင်စီတီသင်ထောက်ကူ ပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ စာကြည့်တိုက်များ အသက်ဝင် လာစေရန် ထောက်ပံ့ပေးခြင်းတို့အတွက် အဓိက သုံးစွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခင်ပညာသင်နှစ်တွင် အခြေခံပညာကဏ္ဍအနေဖြင့် ကင်းထောက်လူငယ်များဖွဲ့စည်းခြင်း၊ ဘက်စုံလူရည်ချွန်များရွေးချယ်ခြင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ပညာရေးဝန်ထမ်းများအား ရာထူးအဆင့်နှင့် လစာများတိုးမြှင့်သတ်မှတ်ပေးခြင်း၊ မူလတန်းကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ ပံ့ပိုးပေးခြင်းစသည့်ပြုပြင်ပြောင်းလဲ မှုများ ဆောင် ရွက်ခဲ့သည်။

လာမည့် ပညာသင်နှစ်များတွင် လက်ရှိ ၁၁ တန်း ပညာရေးစနစ်ကို ၁၂တန်းသို့ တိုးမြှင့်သတ်မှတ်ရန်၊ ကျောင်းဝင်သက်ကို ၅ နှစ်အစား ၆ နှစ်သို့ တိုးမြှင့်သတ်မှတ်ရန်၊ နေ့စားလပေးပညာရေးဝန်ထမ်းများခန့်အပ်သွားရန်၊ သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒေသခံဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏လုပ်အားပေးဖြင့်ဆောင်ရွက်ရန်စသည့်အစီအစဉ်များ ရှိနေသည်။

ပညာရေးကဏ္ဍအတွက် အအသုံးစရိတ်များ တိုးမြှင့်ရရှိ၍ ပြု ပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေ ချိန်တွင် အထွေ ထွေအသုံးစရိတ်အခက်အခဲက အခြေခံပညာကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေ သည်။


“ကျောင်းသားထောင်ဂဏန်းအတွက် အထက်ကပေးတဲ့ အသုံးစရိတ်ကလည်း မလုံလောက်ဘူး။ ကျောင်းသားတွေဆီကလည်း မကောက်ရဘူး ဆိုတော့ တော်တော်အခက်အခဲဖြစ်နေတယ်။ ကျောင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေအတွက် ဘယ်လိုမှ အဆင်မပြေပါဘူး” အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးက ဆိုသည်။

ORIENT CLINIC အရှေ့တိုင်း ဆေးခန်း









လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း Ph : 01 226917, 01 227285

ပိတ်ရက်မရှိ

Vol.12, No.8 • MAY 2 , 2013

# ပညာရေးအသုံးစရိတ် တိုးသော်လည်း လုံလောက်မှုမရှိသေး

**နေလင်းထွန်း**

လာမည့်ဘဏ္ဍာနှစ်တွင်း အစိုးရက အသုံးစရိတ် ကျပ်ဘီလျံ ၂၃၀၀ နီးပါး တိုးမြှင့်သုံးစွဲရန် ရည်မှန်းထားရာတွင် တိုင်းပြည်၏ အဓိကရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သော ပညာရေးအတွက်လည်း အသုံးစရိတ်တိုးမြှင့်ရရှိမည်ဖြစ်သည်။

ယခင်နှစ်က အစိုးရ၏ အသုံးစရိတ်မှ ပညာရေးကဏ္ဍအတွက် ၄ ဒသမ ၁၃ ရာခိုင်နှုန်းဖြင့် ကျပ်သန်းပေါင်း ခြောက်သိန်းကျော် သုံးစွဲခွင့်ရရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် ၅ ဒသမ ၈၄ ရာခိုင်နှုန်းဖြင့် ကျပ်သန်းပေါင်း ကိုးသိန်းကျော် သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

ဘက်ပေါင်းစုံ၌ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်နေသော မြန်မာ့ပညာရေးအတွက် အသုံးစရိတ် ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းကျော်မြှင့်တက်သွားခြင်း ဖြစ်သော်လည်း နိမ့်ကျနေသော ပညာရေးကို အဆင့်မြှင့်တင်ရန် လုံလောက်သော ပမာဏမဟုတ်သေးကြောင်း ဝေဖန်သုံးသပ်မှုများ ရှိနေသည်။

“ပညာရေးမှာ အသုံးစရိတ်နည်းပါးနေလို့ တိုင်းပြည်ရဲ့လူ့စွမ်းအားအရင်းအမြစ် နိမ့်ကျနေတယ်။ ဆရာ၊ ဆရာမတွေ အရည်အသွေးမြှင့်တင်ဖို့နဲ့ ဆရာကောင်းကောင်း မွေးထုတ်ပေးနိုင်ဖို့ လိုအပ်နေတယ်။ အခုက ဒီလောက် အသုံးစရိတ်ပေးတာကိုပဲ ဝမ်းသာစရာဖြစ်နေတယ်။ သူငယ်တန်းကနေ အဋ္ဌမတန်းထိ သင်ကြားတဲ့ဆရာ၊ ဆရာမတွေနဲ့ နဝမတန်းကနေ ဒသမတန်း သင်ကြားတဲ့ဆရာ၊ ဆရာမတွေ မွေးထုတ်ပေးတဲ့ နေရာတွေမှာ ဘယ်လောက်ရင်းနှီး မြှုပ်နှံလဲကြည့်ဖို့လိုတယ်။ ဒါမှ ပညာအရည်အသွေး အဆင့်အတန်းမြင့်လာမှာပါ။ အခု အသုံးစရိတ်က မလုံလောက်သေးပါဘူး”ဟု ရန်ကုန်ပညာရေးတက္ကသိုလ်၊ အငြိမ်းစား ဒုတိယပါမောက္ခချုပ် ဦးမျိုးတင့်က ပြောသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ပညာသင်နှစ်များ တိုးမြှင့်ခဲ့ခြင်းကြောင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်အပ်ခြင်း၊ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းမှုကို အရှိန်မြှင့်ဆောင်ရွက်ခြင်းတို့ပြုလုပ်နေသော်လည်း ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့် သုတေသနလုပ်ငန်းများ ကျယ်ပြန့်စေခြင်းတို့တွင် အားနည်းချက်များ ကြီးမားနေဆဲဖြစ်ကြောင်း ပညာရေးလေ့လာသူများ ထောက်ပြကြသည်။

“ပညာရေးအသုံးစရိတ် တိုးလိုက်တဲ့အတွက် ပမာဏကြီးကြီးမားမား ပြောင်းလဲလာတာတော့ မရှိပါဘူး။ ပညာသင်နှစ်တိုးလာတဲ့အတွက် ကျောင်းဆောင်သစ်တွေ ဆောက်တယ်။ သင်ကြားမှုအရည်အသွေးမြှင့်တင်ဖို့၊ သင်ထောက်ကူပစ္စည်းတွေ၊ စာအုပ်စာတမ်းတွေအတွက်က အသုံးစရိတ်သိပ်မရသေးဘူး။ နိုင်ငံတကာနဲ့ ချိတ်ဆက်မှုများလာတဲ့အတွက် နိုင်ငံခြားပညာတော်သင်စေလွှတ်တာများလာတာတော့တွေ့တယ်။ အဆင့်မြင့်ပညာမှာ ထူးခြားတာတော့ သိပ်မမြင်ဘူး”ဟု ပညာရေးဝန်ကြီးဌာနလက်အောက်ရှိတက္ကသိုလ်တစ်ခု၏ စီမံ၊ ဘဏ္ဍာဌာန မှ အရာရှိတစ်ဦးက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာကဏ္ဍအတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်သောစနစ်အား ပြုပြင်ပြောင်းလဲရန်၊ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာနများဖွဲ့စည်းသွား ရန်၊ အရည်းအသွေးအာမခံမှုစနစ်(Quality Assurance)တည်ထောင်ရန်၊ စက်မှုနှင့် သက်မွေးပညာရပ်သင်တန်းများ ပို့ချသွားရန်၊ ပညာရေးဝန်ဆောင်မှုသည့် အစီအစဉ်များ ချမှတ်ထားပြီး မည်သည့်အချိန်တွင် အကောင်အထည်ဖော်မည်ကိုဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေး အောက်ကျ၊ နောက်ကျကျန်ခဲ့ချိန်တွင်ပြုပြင်ပြောင်းလဲစရာများပြားလွန်းနေကြောင်း ပညာရေးအသုံးစရိတ်သည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် ရာခိုင်နှုန်းနည်းပါးနေသော်လည်း စစ်အစိုးရလက်ထက်ပညာရေးအသုံးစရိတ်နှင့် နှိုင်းယှဉ်လျှင် လေးဆ၊ ငါးဆခန့်မြင့်တက်လာခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအေးကြူကအမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲတွင် ပြောသည်။

“တိုင်းပြည်က အောက်ကျ၊ နောက်ကျကန်ခဲ့တယ်။ ဘယ်လိုပြောပြောဒါကတော့ အငြင်းမထွက်ဘူး။ တစ်ပြည်လုံး ပြင်စရာနည်းတာမဟုတ်ဘူး။ ပညာရေးတင်ပြင်စရာနည်းတာမဟုတ်ဘူး။ ပညာရေးအသုံးစရိတ်မှာ ကျွန်တော်တို့က ငါးရာခိုင်နှုန်းပါ။ အလွယ်ပြောရင် ဒီကနေ့ ဒေါ်လာတစ်ဘီလီယံရပါတယ်။ ကျွန်တော် ညွှန်ချုပ် ခုနစ်နှစ်၊ ရှစ်နှစ်ကျော်ကာလမှာ တစ်ပြည်လုံးရဲ့ပညာရေးအသုံးစရိတ်က ဒေါ်လာသန်း ၂၅၀နဲ့ ၂၀၀ကြား၊ အဲလောက်နဲ့ ဖြတ်ကျော်ခဲ့ရတာပါ”ဟု ဒုတိယဝန်ကြီးကဆိုသည်။

အိမ်နီးချင်းနိုင်ငံများနည်းတူ ပညာရေးအသုံးစရိတ် ၂၀ရာခိုင်နှုန်းခန့်ရရှိပါက မြန်မာနိုင်ငံ၏ ပညာရေးအဆင့်မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများ အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ရှိသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

“ဒီနေ့ဒေါ်လာသန်းတစ်ထောင်က ငါးရာခိုင်နှုန်းဆိုရင် ၂၀ ရာခိုင်နှုန်းဖြစ်ဖို့ လေးနဲ့မြှောက်၊ ဒေါ်လာသန်းလေးထောင်လောက်ရှိမှ။ ပတ်ဝန်းကျင် အာဆီယံနိုင်ငံတွေက ပညာရေးအသုံးစရိတ် ၂၀ ရာခိုင်နှုန်းဝန်းကျင်မှာ ရှိနေတာဖြစ်ပါတယ်။ အဲဒါဆိုရင် ၁၂တန်းလိုအရေးကိစ္စ၊ ECCD (ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး)ကို သုံးနှစ်အရွယ်ကစတင်ဖို့၊ အခမဲ့ပညာရေး၊ စာသင်ခန်း၊ ပရိဘောဂ၊ ဆရာခန့်ထားရေး၊ ဆရာအတက် သင်တိုးချဲ့ရေး အကုန်စွယ်စုံ ဒီအသုံးစရိတ်လောက်ရလာရင် သူ့ဘာသာနောက်က လိုက်လာမှာဖြစ်ပါတယ်။

**စာမျက်နှာ (၁၄) သို့**

# ကျောင်းကောင်စီများ ပြန်လည်ဖွဲ့စည်းမည်

**နေလင်းထွန်း**

**ရန်ကုန်**

**မေ-၂၅**

အခြေခံပညာကျောင်းများတွင် ခေတ်စနစ်နှင့်အညီ ဒီမိုကရေစီဆိုင်ရာ အတွေးအခေါ်၊ အပြုအမူ၊ အလေ့အကျင့်များ ရရှိစေရန် ကျောင်းကောင်စီများကို ဇူလိုင်လအတွင်း အပြီးဖွဲ့စည်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



*အခြေခံပညာ စာသင်ကျောင်းတစ်ခုတွင် မူလတန်းကျောင်းသားငယ်များကို စာသင်ကြားနေစဉ်* ဓါတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

စာသင်ခန်းနှင့် ကျောင်းဝင်းတွင်း ဒီမိုကရေစီလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျောင်းကောင်စီများကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကျောင်းကောင်စီအတွင်းရေးမှူးနှင့် အသင်းခေါင်းဆောင်များကို ကျောင်းသား၊ ကျောင်းသူများ၏ သဘောဆန္ဒနှင့် ရွေးချယ်သွားရမည်ဖြစ်သည်။

“ကျောင်းကောင်စီမှာ အတွင်းရေးမှူးတို့ အသင်း (၅)သင်းခေါင်းဆောင်တို့ ကျောင်းသားကိုယ်စားလှယ်တွေရှိလာမယ်။ ဒီစနစ်ကိုပြန်ပြီးတော့ အားဖြည့်တာပါ။ အရင်ကလည်း ရှိခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီအသင်းတွေရဲ့ လှုပ်ရှားမှုက သိပ်ပြီးအသက်မဝင်ခဲ့ဘူး။ အခုက ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အတွက် အားကောင်းလာအောင် ဆောင်ရွက်တာပါ” ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းကောင်စီကိုဖွဲ့စည်းမည်ဖြစ်သလို အလောင်းဘုရား၊ ဘုရင့်နောင်၊ ကျန်စစ်သား၊ ဗန္ဓုလနှင့် အနော်ရထာ အသင်း(၅)သင်းကို အားကောင်းမောင်းသန်ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့တုန်းကတော့ အသင်းလေးသင်းရှိခဲ့တယ်။ အခုက အနော်ရထာအသင်း ထပ်တိုးတာပေါ့။ အသင်းတွေက ဖွဲ့ထားပေမယ့် လှုပ်ရှားမှုတွေ သိပ်မလုပ်ဖြစ်ခဲ့ဘူး။ အသင်းဝင်ပြီး နာမည်ကပ်ထားရုံ သပ်သပ်ပဲရှိခဲ့တာပါ။ အခု လှုပ်ရှားမှုကောင်းကောင်းနဲ့ ဖွဲ့စည်းဆောင်ရွက်မယ်ဆိုရင် ဝမ်းသာစရာပါ။ အသင်းအဖွဲ့နဲ့ လုပ်ကိုင်တဲ့ဓလေ့လေးတွေ ပြန်ရလာတာပေါ့” ဟု အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ဆိုသည်။

အခြေခံပညာကျောင်းများတွင် ယခင်က အသင်းလေးသင်းဖွဲ့စည်း၍ ကျောင်းသန့်ရှင်းရေး၊ အားကစားလှုပ်ရှားမှုတို့တွင် အပြိုင်အဆိုင်ဖြင့် လှုပ်ရှားဆောင်ရွက်မှု ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် စာမေးပွဲစနစ်အခြေခံသော ပညာရေးစနစ်ကြောင့် အသင်းဖွဲ့စည်းမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများ အားနည်းသွားခဲ့ကြခြင်းဖြစ်သည်။

# အမေရိကန်တွင် တစ်နှစ်ကြာ သင်ယူခွင့်ရမည့် ပညာသင်ဆုလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်**

**မေ-၂၆**

အမေရိကန်အစိုးရမှ နှစ်စဉ်ပေးအပ်နေသောHuber H.umphery Fellowship ပညာသင်ဆုအတွက်ဇူလိုင်လ ၃ရက်နောက်ဆုံးထားရမည်ဖြစ်ကြောင်း ၎င်းသံရုံးကကြေညာထားသည်။

၂၀၁၄-၂၀၁၅ခုနှစ်အတွက် အမေရိကန်နိုင်ငံတွင် တစ်နှစ်အကြာသွားရောက်လေ့လာသင်ယူရမည့် အဆိုပါအစီအစဉ်အားနိုင်ငံအတွက် စွမ်းဆောင်နိုင်မည့်အလားအလာရှိသူများနှင့် ပုဂ္ဂလိက(သို့မဟုတ်)အစိုးရအဖွဲ့အစည်းများမှအများပြည်သူဝန်ဆောင်မှု စိတ်အားထက်သန်သူများကို ရွေးချယ်သွားမည်ဖြစ်သည်။

ပညာသင်ဆု အစီအစဉ်လျှောက်ထားလိုသူများသည် တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားခြင်း၊ အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ ဆက်တိုက် ငါးနှစ် ရှိထားခြင်း၊ ခေါင်းဆောင်မှုအရည်အချင်းနှင့် အများပြည်သူအကျိုးပြုမှု မှတ်တမ်းကောင်းများကို ပြသနိုင်ခြင်း၊ ရွေးချယ်ခံရပါက မိမိအလုပ်ရှင်ထံမှ ခွင့်ပြုချက်ကို ရရှိနိုင်ခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးတိုဖယ် ၅၂၅ မှတ်နှင့် ကိုက်ညီသော အရည်အချင်းရှိခြင်းနှင့် အမေရိကန်နိုင်ငံတွင် နေထိုင်ပညာသင်ယူ၊ အလုပ်လုပ်ကိုင်သော အတွေ့အကြုံမရှိခြင်း ဟူသော သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ် သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်မူဝါဒနှင့် ရာသီဥတုပြောင်းလဲမှု၊ မြို့ပြနှင့်ဒေသဆိုင်ရာစီမံကိန်း၊ လူမှုဆက်ဆံရေးနှင့် ဂျာနယ်လစ်ဇင်၊ ဥပဒေနှင့် လူ့အခွင့်အရေး၊ အများပြည်သူ့ မူဝါဒဆိုင်ရာ ခွဲခြားစိတ်ဖြာမှုနှင့် အများပြည်သူစီမံအုပ်ချုပ်မှု၊ ပညာရေးစီမံခန့်ခွဲမှုနှင့်မူဝါဒ၊ အဆင့်မြင့်ပညာရေး စီမံအုပ်ချုပ်မှု၊ အင်္ဂလိပ်ဘာသာ စကားသင်ကြားမှု၊ ပြည်သူ့ကျန်းမာရေး မူဝါဒ ကာကွယ်တားဆီးကုသမှု ဘာသာရပ်နယ်ပယ်များကို လေ့လာသင်ယူလိုသူများအနေဖြင့် ပညာသင်ဆုကို ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ် သည်။

အမေရိကန်အစိုးရသည် ယခင်နှစ်များတွင် မြန်မာကျောင်းသား၊ ကျောင်းသူ ၅၀မှ ၆၅ဦးကြားခေါ်ယူနေခဲ့ပြီး ယခုနှစ်တွင်ပညာသင်ဆုအစီအစဉ်များတိုးမြှင့် ပေးအပ်ခဲ့သလို ပညာသင်ဆုပေးအပ်မည့် ကျောင်းသား၊ကျောင်းသူဦးရေလည်း မြင့်တက်လာဖွယ်ရှိနေသည်။



# HTC BUTTERFLY ဖုန်းအသစ်ကို နာမည်ကျော် မြန်မာမင်းသား၏ စွဲလမ်းမှု





**ယခု မြန်မာနိုင်ငံမှာ ထုတ်လွှင့်နေတဲ့ HTC Butterfly ဖုန်းမော်ဒယ်အသစ်ကြော်ငြာမှာ နိုင်ငံကျော် သရုပ်ဆောင် မင်းသားနိုင်းနိုင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ အခုလို ကြော်ငြာ ရိုက်ကူးနေချိန် အတွင်းမှာပဲ နိုင်းနိုင်းဟာ HTC Butterfly ဖုန်းကို တကယ့်ကို သဘောကျသွားပြီး ရှုတင်ပြီးသွားသည့်တိုင် လက်က မချ နိုင်လောက်အောင် စွဲလမ်းသွားခဲ့တာကို တွေ့ရှိရပါတယ်။ အခုလို မြန်မာနိုင်ငံရဲ့ ထိပ်တန်း နာမည်ကြီး မင်းသားတစ်ယောက်အနေနဲ့ ပထမဆုံး မြန်မာစာလက်ကွက် တစ်ပါတည်းပါဝင်သည့် ကမ္ဘာ့ ခေတ်အမီဆုံး စမတ်(တ်)ဖုန်းကို ဘာကြောင့် စွဲလမ်း စေခဲ့သလဲ ဆိုတာ သိချင်ကြမယ် ထင်ပါတယ်။**

HTC Butterfly ကြောင့် နိုင်းနိုင်းဟာ သူ့ရဲ့ တစ်နေ့တာအချိန်တွေကို အရင် ကထက်ပိုပြီး တန်ဖိုးရှိရှိ စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ HTC Butterfly ဟာ အသားလွတ်ဆုံးမြန်နှုန်း မြင့်မားသည့် စွမ်းဆောင်ရည်အပြင် အခြား ထိတွေ့ခံစားမှု feature များစွာ ပါဝင်သည့် ပထမဆုံး စမတ်(တ်) ဖုန်း တစ်ခုဖြစ်ပါတယ်။

## ဖုန်းတွင်း မြန်မာစာစနစ် တစ်ပါတည်း ပါဝင်သည့် ပထမဆုံး စမတ်(တ်)ဖုန်း

နိုင်းနိုင်းဟာ သူရဲ့တစ်နေ့တာ အချိန်တွေကို မိသားစု၊ လုပ်ဖော်ကိုင်ဖက် ဝိုင်းကြေးလုပ်ငန်းရှင်တွေ၊ သူငယ်ချင်းတွေ၊ ပရိသတ်တွေနဲ့ ကုန်ဆုံးလေ့ရှိပါတယ်။ သူ့အနေနဲ့ ဖုန်းပြောတဲ့ အခါမှာပဲဖြစ်ဖြစ်၊ မက်ဆေ့ချ်၊ အီးမေးလ်ပို့တဲ့ အခါမှာပဲဖြစ်ဖြစ် HTC Butterfly ရဲ့ ဖုန်းအတွင်း တစ်ပါတည်း ပါဝင်တဲ့ မြန်မာစာစနစ်ကြောင့် မိခင်မြန်မာ ဘာသာစကားကို အသုံးပြုပြီး လွယ်ကူ ထိရောက်စွာ ဆက်သွယ် နိုင်ပါတယ်။ "ဒီဖုန်းရဲ့ မြန်မာစာ လက်ကွက်က အင်မတန် ကောင်းပါတယ်။ စာရိုက်နေချိန်မှာလည်း ကျွန်တော် ရိုက်မယ့် စကားလုံးတွေကို ခန့်မှန်းပေးတဲ့ စနစ်လည်း ပါဝင်ပါတယ်။ အင်တာနက် သုံးတဲ့အခါမှာလည်း ကျွန်တော် ကြည့်တဲ့ ဘယ်မြန်မာဝက်ဆိုဒ်မှာ မဆို မြန်မာစကားလုံးတွေ ၁၀၀% အမှန်ကန်ဆုံး ပြပေး နိုင်ပါတယ်။ စာရိုက်တဲ့ အခါမှာ အချိန်ကုန် သက်သာစေတဲ့အတွက် ကျွန်တော်နောက်ရိုက်မယ့် ဇာတ်ဝင်ခန်းအတွက် ပိုအာရုံစိုက်နိုင်တာပေါ့" လို့ နိုင်းနိုင်းက ပြောပါတယ်။

## ကမ္ဘာ့ပထမဆုံး 1080p ရှိ Full HD မျက်နှာပြင်

"ကျွန်တော် ရုပ်ရှင်ရိုက်ကွင်းမှာ ဇာတ်ဝင်ခန်းတွေရိုက်ကူးပြီး စောင့်နေရတဲ့ အချိန်ရှိမှာကျွန်တော့်ရဲ့ HTC Butterfly ဖုန်းနဲ့ ကျွန်တော် ကြိုက်တဲ့ အဆိုတော်တွေရဲ့ သီချင်းဗီဒီယိုတွေကြည့်ရှုရတာ နှစ်သက်ပါတယ်။" လို့ နိုင်းနိုင်းက ပြောပါတယ်။ "ကျွန်တော် သတိထားမိတဲ့အချက်က တော့ ဖုန်းမျက်နှာပြင်ပေါ်က ကြည်လင်ပြတ်သားပြီး အရောင်စိုစို မြင်ရတဲ့ပုံတွေပါပဲ။ အဲဒါက ကျွန်တော်မြင်ဖူးတဲ့ တခြား စမတ်(တ်)ဖုန်းတွေထက် အများ အလွန် ပိုကောင်းနေတာကို တွေ့ရပါတယ်။ သီချင်းတွေနားထောင် ရာမှာလည်း Beats Audio ကြောင့် အသံထွက် ပိုမိုအားကောင်းပြီး အသံကြည်ကြည် လင်လင်နဲ့ တကယ့်ကို နားထောင်လို့ ကောင်းပါတယ်။ ဒီလို နားထောင် လို့ ကောင်းတာကလည်း နားကြပ် နဲ့ ဝေါ်တာအသံထွက် တစ်ခုစီအတွက် ဖုန်း အတွင်းပိုင်းမှာသီးခြား Amplifier နှစ်ခု နဲ့ ကောင်းကောင်း ထောက်ပံ့ ပေးထားတာကြောင့် ဖြစ်မယ်လို့ ကျွန်တော် နားလည်ထားပါတယ်" ဟု နိုင်းနိုင်းက ဆိုပါတယ်။

## ပိုမိုကောင်းမွန်သည့် ကင်မရာ

"မင်းသားတစ်ယောက်ဖြစ်တဲ့အတွက် ကင်မရာရှေ့မှာပဲ ကျွန်တော်ရဲ့အချိန် အများစု ကုန်လွန်သွားခဲ့တယ်" လို့ နိုင်းနိုင်းကဆိုပါတယ်။ "ဒါပေမယ့် ကျွန်တော့်မိသားစုနဲ့ အတူတူ အပန်းဖြေနေတဲ့ အချိန်မှာတော့ ကျွန်တော်တို့ရဲ့ မမေ့နိုင်တဲ့ အမှတ်တရတွေကို ကင်မရာနဲ့ မှတ်တမ်းတင်ရတာကို ကျွန်တော် နှစ်သက်တယ်။ HTC Butterfly ရဲ့ အရှေ့နဲ့ အနောက် ကင်မရာနှစ်ခုက အတော်လေးကောင်းပါတယ်။ အကျယ်ပြန့်ဆုံး Lens ရှိတော့ မြင်ကွင်းကျယ်ကျယ်နဲ့ ဓာတ်ပုံရိုက်နိုင်တယ်လေ။ အလင်းရောင် အားနည်းနေတဲ့ အချိန်မှာတောင် ဓာတ်ပုံနဲ့ ဗီဒီယိုတွေရိုက်ရင် အလွန် ကြည်လင်ပြီး အသက်ဝင်နေတာကို တွေ့ရပါတယ်" လို့ နိုင်းနိုင်းက ပြောပါတယ်။

## ကမ္ဘာ့ အမြန်ဆုံး စမတ်(တ်)ဖုန်းရဲ့ အတွေ့အကြုံကို ခံစားနိုင်ခြင်း

တကယ်လို့ သင်ဟာ နိုင်ငံကျော်သရုပ်ဆောင်မင်းသား နိုင်းနိုင်း လိုမျိုး အလုပ် များတဲ့သူဆိုရင်တော့ သင့်အလုပ်ကိုနှောင့်နှေးစေတဲ့ အရာတွေကို ကြိုက်မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း HTC Butterfly ကို ကမ္ဘာ့အဆင့် အမြင့်ဆုံး နည်းပညာတစ်ခုဖြစ်တဲ့ Quad Core Processor : The Qualcomm® Snapdragon™ S4 Pro နဲ့ စွမ်းရည်မြှင့် ထားတာဖြစ်ပါတယ်။ "အခု ဖုန်းပေါ်မှာ အားလုံးကမြန်မြန် ဆန်ဆန်နဲ့ အလုပ် လုပ်တယ်။ Facebook မှာ စာရိုက် စကားပြောနေတာ၊ ဖိုင်လ်တွေကို ဒေါင်းလုပ်ဆွဲတာ၊ app တော်တော်များများကို တစ်ပြိုင်နက်ဖွင့်ထားတာ စသဖြင့် တစ်ချိန်တည်းမှာ အလုပ်အများကြီးကိုပြိုင်တူလုပ်ထားလို့ ရတယ်" လို့ နိုင်းနိုင်းက ပြော ပါတယ်။

htc Butterfly
バタフライ

"HTC Butterfly ကိုပိုင်ဆိုင်ပြီးတဲ့ နောက်မှာ တခြားစမတ်(တ်)ဖုန်းတွေကို ပြန်ပြီး မသုံးချင်တော့ပါဘူး"
*-Nine Nine*



**HTC Butterfly အသစ်**
ဒီနေ့ပဲသုံးကြည့်လိုက်ပါ။

htc
quietly brilliant

e-city | KMD

# ပြည်ပဝန်ထမ်းများနှင့်ခံစားခွင့်မတူမှုအပေါ် မြန်မာကျွမ်းကျင်ဝန်ထမ်းအချို့အလိုမကျ

**နိုင်ချို၊ ခန့်ထက်၊ ဆွေမွန်**
**ရန်ကုန်၊ မေ-၂၈**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြား ဝင်ရောက်လာချိန်တွင် ပြည်တွင်းရှိကျွမ်းကျင်လုပ်သားအများစုသည် လုပ်ခလစာနှင့် ရပိုင်ခွင့်များ၌ ပြည်ပလုပ်သားများထက် နိမ့်ကျမည်ကိုစိုးရိမ်နေကြကြောင်း သတင်းရရှိသည်။

"ပညာအရည်အချင်း၊ တာဝန်ယူရတာချင်းအတူတူနိုင်ငံခြားသားပညာရှင်ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ လစာနဲ့ အကျိုးခံစားခွင့်တွေက ငါးဆ၊ ဆယ်ဆလောက်ကွာဟနေတယ်။ ဒါတွေက ကိုယ့်တိုင်းပြည်ထဲမှာ ဖြစ်တာ" ဟု လက်ရှိတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး လုပ်ငန်းခွင်၌ တာဝန်ထမ်းဆောင်နေသော ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောသည်။

အများစုမှာ ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသော နိုင်ငံခြားသားပိုင် ကုမ္ပဏီများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၌ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များတွင် ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

"နိုင်ငံခြားသားတွေက ဘယ်နေရာ ဘယ်အလုပ်မှာပဲဖြစ်ဖြစ် ရာထူးကြီးကြီးရတယ်။ မြန်မာလူမျိုးတွေထက်စာရင်ပေါ့။ ယေဘုယျအားဖြင့် အကျိုးခံစားခွင့်တွေလည်း ပိုရတယ်" ဟု အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်း (NGO)တွင် တာဝန်ထမ်းဆောင်နေသော ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

၎င်းကပင် ဆက်လက်၍ ကျွမ်းကျင်မှု တူညီသည့် မြန်မာလူမျိုးအများစုမှာ နိုင်ငံခြားသားများနှင့် တန်းတူအကျိုးခံစားခွင့် ရရှိမှုရှားပါးနေသေးသည်ဟု ပြောကြားသည်။



*ရန်ကုန်မြို့မှ ရုံးဆင်းရုံးတက်ချိန်မြင်ကွင်း*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုသို့ အကျိုးခံစားခွင့်တန်းတူ မရရှိမှုများကြောင့် ပြည်ပပညာရှင်များနှင့် သက်ဆိုင်ရာနည်းပညာများကို အသုံးချရသောလုပ်ငန်းခွင်များတွင် တတ်ကျွမ်းပြီးသား မြန်မာလူမျိုးများ ဝင်ရောက်လုပ်ကိုင်မှု အားနည်းလာပြီး နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်မှု (ဦးနှောက်ယိုစီးမှု Brain Drain) များ များပြားလာကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"နိုင်ငံခြားသားပဲဖြစ်ဖြစ်၊ မြန်မာလူမျိုးပဲဖြစ်ဖြစ် အရည်အချင်းက အဓိကကျတယ်။ မိမိအရည်အချင်းကို ပြန်သုံးသပ်ဖို့ လိုမယ်။ အရည်အချင်းပြည့်ဝတဲ့သူတွေကို ထိုက်ထိုက်တန်တန် ပေးနေတဲ့ နိုင်ငံခြား ကုမ္ပဏီတွေ ရှိပါတယ်။ အရည်အချင်းပေါ်ပဲ မူတည်တာပါ" ဟု ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံခြားသား နည်းပညာ တတ်ကျွမ်းသူများနေရာတွင် ပြည်တွင်းတတ်ကျွမ်းသူများကို အစားထိုးသင့်ပြီး နည်းပညာဖလှယ်၍ ပြည်တွင်းပညာရှင်များကို မြေတောင်မြှောက်ပေးသင့်သည်ဟု စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။

---

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**Creative Technologies**

အချိန်ပိုင်း ဆရာ၊ ဆရာမများ အလိုရှိသည်။ AutoCAD, 3DSMax, Micro Station, M & E ဘာသာရပ်များ အနက် တစ်ခု(သို့) တစ်ခုထက်ပို၍ ပြသနိုင်သော ဆရာ၊ ဆရာမ နှစ်ဦး (သင်ကြားမှုအတွေ့အကြုံရှိရန် လိုအပ်ပါသည်။)

ဖုန်း-၀၉-၄၅၀၀၆၅၉၃၆

---

လစာ ၁၅၀,၀၀၀ မှ ၂၀၀,၀၀၀ စားကုန်ဈေးကွက် ရှာနိုင်ရမည်။ Marketing Plan ရေးဆွဲနိုင်ရမည်။ သဃ်န်းကျွန်းမြို့နယ် (သို့) အနီးတစ်ဝိုက်နေထိုင်သူ ဦးစားပေးမည်။

ဖုန်း-၀၉-၅၁၆၂၇၅၅

---

ရောင်း/မောင်းဝန်ထမ်း(၂)ဦး၊အခြေခံပညာအထက်တန်းအောင်၊ ယာဉ်မောင်းအတွေ့အကြုံ(၃)နှစ်အထက်၊ အဆောင်စီစဉ်ပေးမည်။ တိုက်(၁၂)၊ အခန်း(၆)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

ဖုန်း-၀၉-၅၁၀၂၁၉၄

---

**ဆရာဝန်သုံးဦးအလိုရှိသည်**

မြဝတ်ရည်ဆေးရုံ(ဖားကန့်မြို့)ကချင်ပြည်နယ်တွင်တာဝန်ထမ်းဆောင်ရန် သားဖွားမီးယပ်အထူးကုဆရာဝန်(၁)ဦး၊ အရိုးအထူးကုဆရာဝန် (၁)ဦး၊ ခွဲစိတ်အထူးကုဆရာဝန် (၁)ဦး။

ဖုန်း-၀၉-၇၃၂၃၆၃၃၂

---

စာရင်းကိုင်မ(၃)ဦး၊ အရောင်းစာရေး ကျား/မ(၆)ဦး၊ယာဉ်မောင်းကျား(၁)ဦး(ကားကြီးမောင်းနှင်နိုင်ရမည်။နယ်ခရီးထွက်နိုင်ရမည်။)
တိုက်(၄)၊ အခန်း (၁၄)၊ စံပယ်လမ်း၊ ယုဇနပလာဇာ အနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

---

**မြဝတ်ရည်ဆေးရုံ**

ဖားကန့်၊ ကချင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ရန် သားဖွား/မီးယပ် အထူးကုဆရာဝန်တစ်ဦး၊ အရိုးကုဆရာဝန်တစ်ဦး၊ ခွဲစိတ်ဆရာဝန်တစ်ဦး။

ဖုန်း-၀၉-၇၃၂၃၆၃၃၂

---

ဆံပင်ညှပ်လျှော်၊ နှိပ် ကျွမ်းကျင် မ(၅)ဦး၊ ခေါင်းလျှော် အလုပ်သင် မ (၁၀)ယောက်၊ လစာ/နေရေး/စားရေး စီစဉ်ပေးမည်။ အမှတ်-86 C ၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေး၊ သံလမ်း၊ ရန်ကုန်။ နံနက် (၉)မှ (၁၂) နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဖုန်း-၀၉-၇၃၀၀၅၆၁၁

---

**Majestic Trading Co., Ltd.**

အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။ Operation Assistant (Male/Female) (1) Post, Shop Manager (Male/Female) (1)Post, Sales Associate (Male/Female) (5) Posts ။ အခန်း အမှတ်(၀၃၀၆)၊ တတိ ယထပ်၊ ဒိုင်းမွန်းကွန်ဒို၊ တာဝါ(ဘီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၉-၈၅၀၂၄၈၈

---

ယာဉ်မောင်း ကျား(၁)ဦး၊ (ဒဂုံမြို့သစ် (တောင်ပိုင်း)၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ တာမွေ နေသူများ လျှောက်ထားရန်)၊ အမှတ်(၃၈)၊ ၅ လွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင် လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

ဖုန်း-၅၃၀၇၁၃

---

**စာရင်းစစ်လုပ်ငန်း**

Admin Assistant မ(၂)ဦး၊ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ English 4 Skills ကျွမ်း ကျင်ရမည်။ Computer (Word, Excel) (English, Myanmar) ကျွမ်းကျင် ရမည်။ ရုံးလုပ်ငန်းဆိုင်ရာ အတွေ့အ ကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။ အသက် (၃၀)နှစ်အောက် ရှိရမည်။

ဖုန်း-၀၁-၆၅၇၈၃၀

---

**Global Connect Asia Co., Ltd.**

PHP Expert Programmer (2) Posts (3 to 5 Years Experience), C# Programmer (1)Post (3 to 5 Years Experience). You will be working on the overseas projects and products with new technology challenges.

**Ph: 01-1220920**

---

**Asia Central Link Travels & Tours Company**

-Operation Executive ကျား/မ(၁)ဦး၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ Tourism အတွေ့အကြုံအနည်းဆုံးနှစ်နှစ် ရှိရမည်။
-Driver ကျား(၂)ဦး၊ ဆယ်တန်းအောင်ရမည်။ English ပြောတတ်သူဦးစားပေး မည်။

ဖုန်း-(၉၅-၉) ၇၃၅၈၉၉၉၉

---

ဂျပန်စကားပြန်(၅)ဦး၊ တရုတ်စကားပြန် (၅)ဦး၊ ကိုရီးယားစကားပြန် (၅)ဦး။

ဖုန်း-၀၉-၄၂၅၀၃၃၈၀၄

---

**Amazing Myanmar Scenery**

ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ ပညာအရည်အချင်းအနည်းဆုံး(၁၀)တန်း အောင်ရမည်။ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဖူးသူဖြစ်ရမည်။ အင်္ဂလိပ်စကား ပြောဆိုနိုင်ရမည်။ တိုက်(၃၈)၊ အခန်း(၂၁)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၅၃၆၃

---

ကျွမ်းကျင်ယာဉ်မောင်း(၂)ဦး အလိုရှိသည်။ အမျိုးသား၊ အသက်(၆၅)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်းအနည်းဆုံး (၃)နှစ်၊ ကျန်းမာရေးကောင်းရမည်။ အလုပ်ကြိုးစားသူဖြစ်ရမည်။
အမှတ် ၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၆၅၇၈၃၀

---

**MFOCN**

လိုအပ်သည့်ရာထူး(နေ/စားငြိမ်း)
1. Chinese-Burmese Interpreter and Project Coordinator (M-20 Posts), 2. Accountant (F/M-10 Posts), 3. Administrative Commisioner (F/M-10 Posts), 4. Driver (M-10 Posts), 5. Security (M-10 Posts). ဖုန်း-၀၉-၄၃၀၇၄၈၃၈

---

**International Language & Management Centre**

English Language Teacher (3)ဦး၊ Pre School Teacher (3)ဦး၊ Admin Staff (2)ဦး။ (၇၄/၅၊ နဝဒေး၊ လှိုင်သာယာမြို့နယ်)

ဖုန်း-၀၉-၇၃၀၂၇၂၀၃

---

အရောင်းဝန်ထမ်း ကျား(၄)ဦး၊ ယာဉ်မောင်း ကျား(၄)ဦး၊ စာရင်းကိုင် မ(၂)ဦး၊ Stock Controller မ (၁)ဦး၊ Office Staff ကျား/မ (၂)ဦး။

Grandwish General Trading Co., Ltd.

ဖုန်း-၀၁-၇၀၀၆၉၂

---

အသက် ၁၆ နှစ်မှ ၃၅ နှစ်ကြား မ(၁၀)ဦး အလိုရှိသည်။ ပညာအရည်အချင်းမလို၊ ဓာတ်ပုံပညာကို အမှန်တကယ်စိတ်ဝင်စားသူ ဖြစ်ရမည်။ ရုပ်ရည်ချောမောပြေပြစ်ရမည်။ သင်တန်းကာလအတွင်း လမ်းစရိတ်ပေးမည်။ သင်တန်းပြီးက အလုပ်ပြန်လည်ခန့်ထားမည်။

**တက္ကသိုလ်ဟန်မင်းဦး-**

ဖုန်း-၂၂၇၁၉၉

---

**Fashion Designer အလိုရှိသည်**

ကျား/မ (၅)ဦး၊ ချုပ်/ညှပ်/Pattern ကျွမ်းကျင်ရမည်။ အရည်အချင်းကြည့်ပြီး လစာကောင်းပေးမည်။

ဖုန်း-၀၉-၅၄၀၅၉၅၀

---

IGCSE Assistant Teacher အလိုရှိသည်။ **ဆရာ Solomon-**

Send CV to

ielts.consultant@gmail.com

---

Marketing Manager ကျား/မ(၂)ဦးအခါအားလျော်စွာ ခရီးသွားနိုင်ရမည်။လိုအပ်သောစာရွက်စာတမ်းများနှင့် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံနှင့် လျှောက်ထားနိုင်ပါသည်။
Bagan Building No.(334/344), Room (05-502), 1st Street and Anawyahta Road, Lanmadaw Tsp, Yangon.

ဖုန်း-၂၂၃၀၄၆

---

Site Manager အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။ အတွေ့အကြုံ (၃) နှစ်နှင့်အထက် ရှိရမည်။ ယာဉ်မောင်း အတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိရမည်။

ဖုန်း-၂၄၁၁၀၅

---

Sales & Marketing (ကျား)ဝန်ထမ်း အလိုရှိသည်။ အင်္ဂလိပ်၊တရုတ်စကား ကျွမ်းကျင်ရမည်။ ကားမောင်းတတ်ရမည်။ အထပ်သားအတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိရမည်။

ဖုန်း-၀၉-၅၀၀၈၀၈၈

---

Driver M (2) Post

အသက်(၅၀)နှစ်အထက်၊ ကျန်းမာရေးကောင်းမွန်ပြီး၊ အရက်သေစာကင်းရှင်းသူဖြစ်ရမည်၊ ယာဉ်မောင်းလိုင်စင်နှင့်လုပ်သက်အနည်းဆုံး(၁၀)နှစ်ရှိရမည်။
အမှတ်(၂၅၅)၊ (၁၀-အေ)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၉-၇၃၂၄၃၈၈၀

---

ရောင်း/မောင်းဝန်ထမ်း(၂)ဦး၊အခြေခံပညာအထက်တန်းအောင်၊ ယာဉ်မောင်းအတွေ့အကြုံ(၃)နှစ်အထက်၊ အဆောင်စီစဉ်ပေးမည်။ တိုက်(၁၂)၊ အခန်း(၆)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

ဖုန်း-၀၉-၅၁၀၂၁၉၄

---

အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# Commodity Watch

## JOKE

### မပင်ပန်းပါဘူး

အလုပ်သမားတစ်ဦး ရုံးခန်းထဲတွင် အိပ်နေစဉ် ရုတ်တရက် သူဌေးဖြစ်သူဝင်လာပြီး ဆူပူအော်ငေါက်လေ၏။

"မင်း ငါ့ကိုပြောတော့ ဘယ်တော့မှ မမောပန်းပါဘူးဆို ဘာဖြစ်လို့ အခုအိပ်နေတာလဲကွ"ဟုဆိုရာ အလုပ်သမားက "ဟုတ်ကဲ့ ဆရာ ကျွန်တော်ဘယ်တော့မှ မမောတတ်ပါဘူး။ အဲဒီ လျှို့ဝှက်ချက်ကတော့ ကျွန်တော့်အချိန် ၇၀ ရာခိုင်နှုန်းကို အိပ်ပြီးအနားယူနေလို့ပါ"ဟု ပြန်ပြော၏။

### အတူတူပါပဲ

ချစ်သူနှစ်ဦး စကားပြောနေကြစဉ် မိန်းကလေးဖြစ်သူက သူမချစ်သူအား "ကျွန်မတို့ ချစ်လာကြတာ အခုဆို တစ်နှစ်တောင်ရှိပြီ။ ရှင် လက်ထပ်ဖို့ကော မစဉ်းစားတော့ဘူးလား"ဟုမေးရာ ယောကျ်ားလေးက "အချစ်ကိုယ့်ကို အထင်မမှားပါနဲ့။ ကိုယ် မင်းကိုလက်ထပ်ဖို့ ကိုယ့်ရဲ့မိန်းမသဘောတူညီချက် စောင့်နေရလို့ပါကွာ"ဟုပြန်ပြောသည်။ ဤတွင်မိန်းကလေးက တအံ့တသြလေသံဖြင့် "ဟင်. . ဒါဆိုရှင်လည်း ကျွန်မလို အိမ်ထောင်သည်ပေါ့" ဟု ရေရွတ်လိုက်သည်။

စာမျက်နှာ(၃၃)မှ

## မပြေလည်သေးတဲ့ အင်းလေးပြဿနာ

အင်းလေးကန် ထိန်းသိမ်းရေးသည် ဆယ်စုနှစ်ကျော်အထိ လုပ်ဆောင်ရမည်ဟု ပညာရှင်များက ပြောဆိုနေကြသည့်အတွက် အစိုးရစိတ်ပါဝင်စားမှုပြသသော်လည်း နိုင်ငံစီးပွားရေး အခြေအနေအရ ထိန်းသိမ်းရေးအတွက် ငွေကြေးနှင့် နည်းပညာအထောက်အပံ့ နည်းပါးနေကြောင်း ထိန်းသိမ်းရေးလုပ်ဆောင်သူများကြုံတွေ့လာရသည်။

ဒေသခံများဘက်တွင် နော်ဝေးအစိုးရ အကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းနှင့် ပတ်သက်၍ ဆိုရှယ်မီဒီယာပေါ်တွင်ပိုက်ဆံတွေ ကန်ထဲပြုတ်ကျသွားပြီးဟု ပြောဆို ဝေဖန်လာကြသည်။

"အင်းလေးကန်ကြီး ဘာတွေဖြစ်နေလဲ။ ဘာတွေ မှားယွင်းနေလဲ ဘာတွေပိုပြီး လုပ်သင့်နေလဲလို့ စဉ်းစားဖို့အတွက် သုတေသနစရိတ်ပဲ ရှိတယ်။ အားလုံးတွန်းဖို့လိုပါတယ်" ဟု အင်းလေးကန်ထိန်းသိမ်းသည့်(၁၂)ဖွဲ့တွင်ပါဝင်သည့် ECODEV မှ ဦးဝင်းမျိုးသူက ပြောသည်။

အင်းလေးကန်နှင့်ပတ်သက်သည့် ပြဿနာများ မပြေလည်စဉ်အတွင်း ရေဝေရေလဲ ဒေသများတွင် သစ်တောပြုန်းတီးမှုကြောင့် မြေလွှာတိုက်စားမှုမှာ နှစ်စဉ်တစ်ဧကလျှင် ဝ ဒသမ ၅ တန်တိုက်စားမှုသည် မရပ်တန့်နေပေ။

အင်းလေးကန် ရေဝေရေလဲဒေသတွင် ဆယ်စုနှစ်တစ်ခု ၂၀၀၀-၂၀၁၀ သစ်တောကောင်းသည် မူလသစ်တောဧက နှစ်သောင်းကျော်မှ ကိုးထောင်ကျော်အထိ ကျဆင်းခဲ့ပြီး သစ်တောညံ့ဧကခြောက်သောင်းငါးထောင်မှ သုံးသောင်းငါးထောင်သို့ကျဆင်းလာသောကြောင့် မြေယာအသုံးချမှုသည် အခြားနေရာများထက် မြန်ဆန်ကြောင်း ယူအင်န်ဒီပီအင်းလေး ကန်စီမံကိန်းမှ တာဝန်ခံ ဦးထွန်းပေါ်ဦးက ပြောသည်။

"တောပျက်က နှစ်သောင်းကျော် တိုးလာတယ်။ စိုက်ပျိုးမြေလည်း အခုကိုးသောင်းကျော်ဖြစ်လာပြီ။ နိုင်ငံတကာ စံနှုန်းအရ လုပ်ရရင် ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်လုပ်ရမယ်။ ပြဿနာက မသေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အင်းလေးကန် ထိန်းသိမ်းရေးအတွက် လုပ်ဆောင်နေရသည့်မှာ ရေဝေရေလဲဒေသရှိ ကလောချောင်းတစ်ခုတည်းကိုသာ ဦးစားပေးလုပ်ဆောင်နေရသောကြောင့် လုံလောက်မှု မရှိသေးကြောင်း၊ အင်းလေးဒေသနေရာအနှံ့တွင် သစ်တောမြေပြုန်းတီးမှုများကို ထိန်းသိမ်းရမည့်နည်းလမ်းများကို ရှာဖွေလုပ်ဆောင်ရမည့် ဖြစ်ကြောင်း၊ အင်းလေးကန်သည် ရာသီဥတုပြောင်းလဲခြင်းကိုပါ ရင်ဆိုင်နေရကြောင်း ယူအင်န်ဒီပီအင်းလေးကန် စီမံကိန်းမှ ခေါင်းဆောင်ဦးစောဒိုးဝါးက ပြောသည်။

ဒေသခံများက ယခုနှစ် ရေခန်းခြောက်မှုသည် ယခင် ၂၀၁၀ ပြည့်နှစ်ထက်ပိုလျော့လာကြောင်း ပြောဆိုကြသော်လည်း အစိုးရအာဏာပိုင်အဖွဲ့အစည်းများက ပထမအကြိမ်ထက် မဆိုးရွားကြောင်း၊ ယခုလို ရေခန်းခြောက်ရခြင်းမှာ ၂၀၁၂ခုနှစ်မိုးရာသီတွင်မိုးရေချိန် လက်မ ၄၇ ကျော်ရှိရာမှ ၃၀ ကျော်သာ ရရှိသောကြောင့် ယခုလိုရေခန်းခြောက်မှုကို ကြုံတွေ့ရခြင်းဖြစ်ကြောင်းပြောဆိုကြသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia Neo L | 171,000 |
| Xperia Soal | 165,000 |
| Xperia Acrs | 238,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဧပြီ(၂၇)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 545,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 165,000 |
| Samsung | WT10J | 160,000 |
| **Aircon** | | |
| Hitachi | 1.0HP | 225,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဧပြီ(၂၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၆၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀-၅၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၅ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၅ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၃၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၄၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၄၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၈၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၉၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီ(၂၇)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၃၀၀ |
| သကြား | တစ်ပိဿာ | ၉၅၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၂၉,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၁,၀၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၄၀၀-၄,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဧပြီ(၂၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| April(21) | 814 | 860 | 870 | 895 |
| April(22) | 814 | 860 | 870 | 895 |
| April(23) | 814 | 860 | 870 | 895 |
| April(24) | 814 | 860 | 870 | 895 |
| April(25) | 814 | 860 | 870 | 895 |
| April(26) | 814 | 860 | 870 | 895 |
| April(27) | 814 | 860 | 870 | 895 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Asus** | |
| Intel Core i3 2.5 GHz, 4GB DDR3, 500GB HDD, 14" | 503,000 |
| IntelCorei5 1.7GHz,6GBDDR3,500GBHDD,14"(Touch Screen) | 715,000 |
| Intel Core i7 2.4 GHz, 4GB DDR3,750GB HDD, 14" | 733,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 790,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 415,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 521,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 561,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 991,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 441,000 |
| IntelCore i5 1.7GHz,4GB DDR3,750GB HDD,1GB VGA,14" | 618,000 |
| IntelCore i5 2.6GHz,4GBx1slotDDR3,1TB HDD,2GB VGA,14" | 645,000 |
| Intel Core i7 2.3 GHz, 8GB DDR3,1TB HDD,2GB VGA,15.6" | 928,000 |

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စီနီယာဒီဇိုင်နာ | ချစ်ပိုလ်ပိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ကျွန်တော်သိသော ချစ်သော မြန်မာပြည်

**အောင်ကျော်ဦး(ဖလေး)**

နိုင်ငံတစ်နိုင်ငံ၊လူမျိုးတစ်မျိုးစီတွင် ကိုယ်ပိုင်အစဉ်အလာတစ်ခုကို ထူထောင်ထားကြပေသည်။ဘာသာတရားတိုင်းလည်း ကိုယ်ပိုင် Image ရှိလေသည်။ ကိုယ်ပိုင် Image တစ်ခုပျောက်ကွယ်သွားလျှင် ဘာသာတရားသည်လည်းကောင်း၊ ထိုဘာသာကိုးကွယ်သည့် နိုင်ငံသားများနှင့် ဘာသာဝင်တို့သည်လည်းကောင်း အထင်အမြင်သေးဖွယ်ရာ၊ လေးစားမှုကင်းမဲ့ဖွယ်ရာတို့ဖြစ်သွားပေတော့သည်။ ကျွန်တော်သိခဲ့သော ကျွန်တော်ချစ်သော မြန်မာများသည်ဘာသာတရား၏ ဆုံးမမှုလွှမ်းမိုးမှုအောက်တွင်ရပ်တည်နေကြစဉ်ကာလက ငါးပါးသီလဟူသော လူတို့၏ကိုယ်ကျင့်တရားကိုထိန်းချုပ်ထားသည့် ဗုဒ္ဓ၏ ပညတ်ချက်များအပေါ်တွင်အလွန်ပင်လေးစားလိုက်နာကြပေသည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်များအနေနှင့်သာမက မြန်မာလူမျိုးဟူသည့် ဂုဏ်သိက္ခာကို ထိန်းချုပ်ခဲ့ကြသော ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ Image ပင် ဖြစ်ပါသည်။ ကာလရွေ့လျားသွား၍ပြောင်းလဲသွားသောအခါ မြန်မာတို့၏ Image သည် ပျောက်ကွယ်လုနီးအခြေသို့ဆိုက်ရောက်လာလေတော့သည်။ သို့ရာတွင် လုံးဝပျောက်ကွယ်မသွားခြင်းအတွက် ဂုဏ်ယူနေဆဲပင် ဖြစ်ပါသည်။




အကျင့်စာရိတ္တပိုင်းတွင်တစ်ချိန်သော ကာလများဆီက ကမ္ဘာ့နိုင်ငံများမှ လေးစားစံတင်ထားခဲ့သော မြန်မာလူမျိုးတို့၏ အစဉ်အလာကို အချို့သော နေရာများတွင် ဆက်လက်ထိန်းသိမ်းထားခဲ့သည့်မှာအလွန်ပင်ဂုဏ်ယူဖွယ်ကောင်းလှပေသည်။ ပူပြင်းသောနွေရာသီတွင် လမ်းဘေးနေရာများ၌ ရေချမ်းစင်များ ထားရှိသောမြန်မာလူမျိုးတို့၏စေတနာသည်ရေလှူဒါန်းရသောအကျိုးကိုလိုလားသည်ထက် ရေငတ်နေသူ တစ်ဦးကို ရေငတ်ပြေပျောက်စေရန် ရည်ရွယ်ချက်ကပိုသည်ဟု ထင်ပါသည်။ သို့ရာတွင် အချို့နေရာများ၌ ကြံရည်ဝယ်သောက်သော်လည်း ကြံရည်ကုန်၍ ရေခဲရေတစ်ခွက်တောင်းလျှင် ပေးရန်ဝန်လေးသူများ ရှိနေကြသည်ကိုလည်းတွေ့နေရပေသည်။

အစဉ်အလာဟူသည် လူသားတစ်ဦး၏ ရင်ထဲတွင် ကိန်းဝပ်နေသော အမူအကျင့်ဖြစ်ပေသည်။ ကောင်းသော အမူအကျင့်ကြောင့် ကောင်းသောအစဉ်အလာပေါ်ပေါက်လာပေသည်။ မိမိတို့၏ ရင်ထဲမှ အမူအကျင့် ကိုထိန်းသိမ်းထားနိုင်ခဲ့လျှင်ကောင်းသော အစဉ်အလာဟူသည် အရှည်သဖြင့် တည်တံ့နေမည်သာဖြစ်ပေသည်။ မျက်မှောက်ကာလသည် ရုပ်ဝတ္တုများတိုးတက်ဖွံ့ဖြိုးလာသော ခေတ်ဖြစ်၍ ၎င်းတိုးတက်မှု၏ နောက်ဆက်တွဲအဖြစ်လူတို့၏ အမူအကျင့်များသည် ၎င်းတို့ထဲတွင် စီးမျောသွားသောအခါ လူတို့၏ ကိုယ့်ကျင့်တရားသိက္ခာတို့သည် အရည်ပျော်လုအခြေသို့ ဆိုက်ရောက်လာလေတော့သည်။မည်သူ့တွင်တာဝန်ရှိသနည်းဟု မေးလျှင် အားလုံးတွင်တာဝန်ရှိသည်ဟုဆိုချင်ပါသည်။ ဥပမာအနေနှင့် ပြပါလျှင် ရောင်းသူရှိ၍ ဝယ်သူမှ ဝယ်ခွင့်ရှိလာသည်။ ပြသသူမှ ပြသ၍သာကြည့်ရှုသူမှ ကြည့်ခွင့်ရသည်။ ဖြန့်ဖြူးသူရှိ၍သာ သုံးစွဲသူမှ သုံးစွဲခွင့် ရပေတော့သည်။ သို့ဖြစ်လျှင် အခြေခံမည်သူမှ ဖြစ်တည်သည်ကိုတော့ သိနိုင်မည်ဖြစ်ပါသည်။

စီးပွားရေး လောကတွင် DEMANDနှင့် SUPPLYသည် အညမညဖြစ်စဉ်ဖြစ်သော်လည်း လူတို့၏ကိုယ်ကျင့်တရား၊စာရိတ္တ၊ သီလ၊ သမာဓိနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် DEMAND နှင့် SUPPLY မဖြစ်သင့်ပါပေ။ SUPPLY မရှိလျှင် DEMAND မှာအလိုအလျောက်ပျောက်ကွယ်သွားမည်ဖြစ်သည်။

အမျိုးသမီးများ၏ ကာမစိတ်ကို နှိုးဆွပေးသကဲ့သို့သော ဝတ်စားဆင်ယင်မှုများကြောင့် မကြားဝံ့မနာသာ ရာဇဝတ်မှုများသည် ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပေါ်ခဲ့ပေသည်။ ထိုကဲ့သို့သော အခြေခံအကြောင်းများကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက် သတင်းမျိုးကို ကျွန်တော်ချစ်သောမြန်မာနိုင်ငံတွင် မကြားလိုပါ။ စာရိတ္တပိုင်းနှင့် ပတ်သက်၍ပြင်ဦးလွင်မြို့မှ ရထားလုံး(ခေါ်) မြင်းလှည်းမောင်းသမားများသည် ခရီးသည်တစ်ဦးရထားလုံးပေါ်တွင် ပစ္စည်းတစ်စုံတစ်ရာမေ့ကျန်ခဲ့လျှင် ပိုင်ရှင်လာယူသည့်အထိ ထိုပစ္စည်းကိုထိန်းသိမ်းထားလေသည်။ လိပ်စာသိလျှင် အိမ်တိုင်ရာရောက် ပြန်ပို့ပေးလေ့ရှိကြောင်း၊ မိတ်ဆွေတစ်ဦးထံမှ ကြားသိရသဖြင့် ကျွန်တော် ချစ်သော မြန်မာများအတွက် ဂုဏ်ယူမိပါသည်။ လူဆိုသည်မှာ အမှားကင်းသူနည်းပါးသည်။

သို့ရာတွင် မိမိကျူးလွန်သော အမှားသည်နိုင်ငံ၏ ဂုဏ်သိက္ခာကိုနိမ့်ကျသွားထိခိုက်သွားစေ မည့် အမှားမျိုးဆိုလျှင် အထူးပင် ရှောင့်ရှားသင့်ပေသည်။၎င်းစိတ်ဓာတ်ကို မွေးမြူခြင်းသည်လည်း တစ်နည်းအားဖြင့် နိုင်ငံအကျိုး၊ ဘာသာသနာအကျိုးကို သယ်ပိုးရာရောက်ပေသည်။ မြန်မာ ဆိုရှယ်လစ်လမ်းစဉ် ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် မကွယ်လွန်မီကာလက ၁၉၆၂ ခုနှစ် သူ၏အာဏာသိမ်းလုပ်ရပ်နှင့် ပတ်သက်၍ နောင်တစကားဆိုသွားခဲ့ပုံကိုမြတ်မင်္ဂလာစာစောင်တွင် “ဟုတ်တယ်၊ အဲဒီတုန်းကသာ ဒီတရားတွေကို သိနေခဲ့ရင် ၁၉၆၂ ခုနှစ်ကလုပ်ခဲ့တဲ့ အလုပ်မျိုးကိုယ်မလုပ်ခဲ့ဘူး”ဟုအတိအလင်းဝန်ခံစကားနောင်တစကားဆိုသွားခဲ့ပေသည်။

သိုသော်သူ၏အသိ၊ သူ၏နောင်တသည် နိုင်ငံနှင့် လူမျိုးကိုဆင်းရဲတွင်းသို့ နှစ်ပေါင်းများစွာကျရောက်သွားသည် သာမက ကမ္ဘာ့အလယ်တွင်မျက်နှာငယ်ခဲ့ရသောနိုင်ငံနှင့် လူမျိုးဖြစ်သွားခဲ့သည်ကို သိသွားခြင်းမှာ နောက်ကျသွားခဲ့လေပြီ။ ဘာသာတရားအပေါ်တွင်အခြေခံသောအတွေးအခေါ်အယူအဆတို့သည်အမှားနည်းမည်ဖြစ်သည်။ ၎င်း၏အကျိုးဆက်သည်မိမိကိုယ်တိုင်သာမက မိမိဝန်ကျင်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး သားဖြစ်နေပေလိမ့်မည်။ အလားတူပင် ဆန်ကျင်ဖက်အတွေးအခေါ်၊အယူအဆတို့သည်ဆန်ကျင်ဘက်အကျိုးသက်ရောက်မှုသာဖြစ်ပေါ်ပေလိမ့်မည်ဆိုသည်ကိုသဘောပေါက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလမြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းလုံးမှ စိတ်ဝင်တစား စောင့်ကြည့်နေကြသောကာလဖြစ်၍ နိုင်ငံခြားခရီးသွားများ၏ ဝင်ရောက်မှုနှုန်းသည်လအလိုက်၊နှစ်အလိုက်၊ တိုးပွားလျက်ရှိပေသည်။ နိုင်ငံသူနိုင်ငံသားများအနေဖြင့် မိမိလူမျိုး ဘာသာ၊ ယဉ်ကျေးမှုဓလေ့စရိုက်တို့သည်ကမ္ဘာ့အလယ်တွင် အမြင်တင့်တယ်စေချင်ပါသည်။ ကျွန်တော် သိခဲ့သော ကျွန်တော်ချစ်သည့် မြန်မာများကို ကျွန်တော့်နည်းတူ ကမ္ဘာကချစ်စေချင်သည်မှာ ကျွန်တော်၏ ပြင်းပြသော ဆန္ဒပင်ဖြစ်ပါသည်။ ။

# Technology

7 DAY NEWS JOURNAL

Vol.12, No.8 • MAY 2 , 2013


## ၃၄၅၆ နံပါတ်အား ၁၅၀၀တန်ဖုန်းနှင့် သာခေါ်နိုင်

ကျင်းဆောင်

**ရန်ကုန်၊ ဧပြီ – ၂၆**

ကျပ်၁၅၀၀ တန်မိုဘိုင်းဖုန်းများနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်ရန် ဖော်ပြထားသည့်နံပါတ်၃၄၅၆ မှာ ၁၅၀၀ တန် CDMA-800 MHz မိုဘိုင်းဖုန်းများဖြင့်သာ ခေါ်ဆိုနိုင် မည်ဖြစ်သည်။ ထို့ကြောင့် ၃၄၅၆ ကို အခြား ဖုန်းဖြင့် ဆက်သွယ်ပါက ခေါ်၍မရပေ။

၃၄၅၆မှာ၁၅၀၀တန်CDMA မိုဘိုင်းဖုန်းများအတွက် သီးသန့်နံပါတ်ဖြစ်ကြောင်း MECTE-LCD-MA800MHz မိုဘိုင်းဖုန်းများနှင့် ပတ်သက်၍ အခြားသောဖုန်းများဖြင့် ဆက်သွယ်မေးမြန်းလိုပါက၀၁-၆၅၆၉၉၄၊၀၁-၆၅၆၉၉၅၊ ၀၁-၆၅၆၉၉၆ နံပါတ်များသို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဖုန်း Complaint Center က တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

## အီရန်တွင် မေ ၂၂ ရက်မှစ၍ ဆမ်ဆောင်း အွန်လိုင်းစတိုး အသုံးပြုနိုင်မည် မဟုတ်

**တီဟီရန်၊ဧပြီ–၂၈**

အီရန်နိုင်ငံတွင် ဆမ်ဆောင်း ကုမ္ပဏီ၏ အွန်လိုင်းစတိုးမှ မိုဘိုင်း applications ဆော့ဖ်ဝဲများကို ရယူအသုံးပြုနေသူများသည် မေ ၂၂ ရက်မှစ၍ ချိတ်ဆက်အသုံးပြုနိုင်မည်မဟုတ်ကြောင်း အကြောင်းကြားစာများ လက်ခံရရှိခဲ့သည်။

ဤအချက်မှာ အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူအစီအစဉ်ကို နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများ၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ မြို့တော် တီဟီရန်တွင် ဖုန်းအရောင်းဆိုင်များ၌ ဖုန်းနှင့်သင်ပုန်းကွန်ပျူတာ အသုံးပြုသူများသည် ၎င်းတို့ထံ ဆမ်ဆောင်းကုမ္ပဏီမှ ထိုသို့အကြောင်းကြားစာများ ရောက်ခဲ့ကြောင်း ပြောသည်။

**စာမျက်နှာ (၂၂) သို့**

# ၁၅၀၀ တန်ဖုန်းများပြည်ပခေါ်ဆိုနိုင်



*တန်ဖိုးနည်းဖုန်း ငွေဖြည့်သွင်းနေသူတစ်ဦး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**နိုင်ချို**

**ရန်ကုန်၊ ဧပြီ ၂၅**

MECTEL အမှတ်တံဆိပ်ပါတန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းဖုန်းများမှာ သတ်မှတ်ထားသော ရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းမှ ပြည်တွင်း၊ ပြည်ပသို့ ဖုန်းခေါ်ဆိုမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

CDMA-800 MHz စနစ်ကိုမြန်မာနိုင်ငံတစ်ဝန်း၌ရေဒီယိုစခန်းပေါင်း ၂၈၂ စခန်းရှိပြီး အဆိုပါရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းသာ အပြန်အလှန်ယူဆောင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် တစ်ဦးက ပြောသည်။

"ဒီစနစ်ကို အသုံးပြုလို့ရတဲ့ ရေဒီယိုစခန်းတွေ ထပ်မံတိုးချဲ့ဖို့ရှိပါတယ်။ ပိုမိုကျယ်ပြန့်စွာပြောနိုင်ဖို့ ရေဒီယိုစခန်းသစ်တွေကို တည်ဆောက်နေပါတယ်"ဟု အထက်ပါအင်ဂျင်နီယာချုပ်မှ ပြောသည်။

**စာမျက်နှာ (၂၂) သို့**



## ဝင်းဒိုးစနစ်သုံး နုတ်ဘွတ်ခ် PC များတွင် MacBook မှာ အကောင်းဆုံးဖြစ်

**ဆန်ဖရန်စစ္စကို၊ဧပြီ–၂၉**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ Windows 7 နှင့် Windows 8 စနစ်များဖြင့် အသုံးပြုသော နုတ်ဘွတ်ခ်များကို စမ်းသပ်မှုများအရ ၁၃ လက်မ MacBook Pro မှာ စိတ်အချရဆုံးနှင့် ဝင်းဒိုးစနစ်ပြုတ်ကျမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ယင်းလေ့လာမှုကို Cloud စနစ် အခြေခံ PC စောင့်ကြည့်အကဲခတ်ရေးနှင့် စီမံခန့်ခွဲရေး ဆော့ဖ်ဝဲ အသုံးပြု၍ အလွယ်တကူ သယ်ဆောင်သွားနိုင်သော စိတ်အချရဆုံး Windows PC ၁၀ မျိုးကိုရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။

ကုမ္ပဏီ၏ ရလဒ်များအရ ၂၀၁၃ ခုနှစ် ပထမသုံးလပတ်မှ အချက်အလက်များကို အဓိကထားခွဲခြမ်းစိတ်ဖြာခဲ့ပြီး ကွန်ပျူတာသန်းပေါင်းများစွာမှ အချက်အလက်ရရှိနိုင်သော်လည်း အသုံးပြုမှုများသော နုတ်ဘွတ်ခ်များနှင့် Windows 7 နှင့် Windows 8 အသုံးပြုနိုင်သော PC များကို အဓိကထား လေ့လာခဲ့သည်။

ယင်းသို့ လေ့လာရာတွင် ဝင်းဒိုးစနစ် တက်လာသောအချိန် ပြုတ်ကျသွားသော အရေအတွက်၊ စနစ်ရပ်တန့်နေမှုအကြိမ်အရေအတွက်နှင့် ကြာချိန် စသည့် သတ်မှတ်ချက်များဖြင့် ဆန်းစစ်ခဲ့ရာ ၁၃ လက်မ MacBook Pro က ပထမနေရာနှင့် ၁၅ လက်မ MacBook Pro က ဆဋ္ဌမနေရာ ရရှိခဲ့ပြီး ဒုတိယနေရာတွင် Acer Aspire E 1-571 က ရရှိခဲ့ကြောင်း သိရှိရသည်။

—Ref: AFP

## ပြည်ဘားကမ့်ပ် ဒုတိယအကြိမ် ကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ ဧပြီ–၂၇**

ပြည်ဘားကဲ့ပ်ကို ဒုတိယအကြိမ် ကျင်းပနိုင်ရန် Barcam Pyay 2013 Organizer Teamက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပွဲကို ဇွန်လ ၁၅ ရက် နံနက် ၉ နာရီမှ စတင်၍ အ. ထ. က(၁)ပြည်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဘားကမ့်ပ်သို့ တက်ရောက်လေ့လာလိုသူများ အွန်လိုင်းမှတ်ပုံတင်ခြင်းကို www.barcamppyay.org တွင် မေလ တတိယပတ်မှစတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

ယခုနှစ် ဘားကမ့်ပ်၌ ပြောကြားမည့် သူများ၏ Topic များ၊ Blog များ၊ Social Network များကို ကြိုတင်လေ့လာနိုင်ကြောင်း အဆိုပါ ပွဲဖြစ်မြောက်ရေးမှ သိရှိရသည်။








# အမေရိကန်နည်းပညာ ကုမ္ပဏီ Avaya နှင့် First Myanmar ကုမ္ပဏီလက်တွဲမည်

**နယူးယောက်၊ မေ ၂၈**

အမေရိကန်နိုင်ငံနည်းပညာကုမ္ပဏီ Avayaက ပထမဆုံးအဓိက လုပ်ဖော်ကိုင်ဖက်အဖြစ် First Myanmar ကုမ္ပဏီအားရွေးချယ်လိုက်ကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်အရသိရသည်။

Avaya၏ လုပ်ငန်းများထဲမှ အချက်အလက်ကွန်ရက်များ တည်ဆောက်ခြင်း (Data Networking)၊ ဗီဒီယိုဖြင့် အစည်းအဝေးကျင်းပခြင်းနှင့် ဆက်သွယ်မှုဆိုင်ရာစင်တာများအတွက် နည်းလမ်းများအား အပြည့်အဝ အားပေးကူညီရန်နှင့် တိုက်ရိုက်ဝယ်ယူမှု သဘောတူစာချုပ်ကို အသုံးပြုကာ လုပ်ငန်းများ ဆောင်ရွက်မည်ဟုဆိုသည်။






စာမျက်နှာ (၂၁) မှ

## ၁၅၀၀ တန်ဖုန်းများ ပြည်ပခေါ်ဆိုနိုင်

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် ပြည်ပသို့ ဖုန်းခေါ် ဆိုလိုပါက MECTEL အမှတ်တံဆိပ်ပါ နိုင်ငံခြားငွေသုံးကြိုတင် ငွေဖြည့်ကတ် ($10, $20, $50) ကို အသုံးပြု၍ ခေါ်ဆိုနိုင်မည်ဖြစ်သည်။

၎င်းအပြင် အဆိုပါ မိုဘိုင်းဖုန်း ကတ်ပျောက်ဆုံးပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးများတွင် ငွေကျပ်နှစ်သောင်းဖြင့် ပြန်လည် လျှောက်ထားနိုင်ပြီး ကတ်ပျက်စီးပါက အဆိုပါရုံးများတွင် အခမဲ့လျှောက်လွှာရယူနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ သတင်းရရှိသည်။

အင်တာနက်အသုံးပြုခများမှာ ယခင် CDMA-800 MHz မိုဘိုင်းဖုန်းကဲ့သို့ပင် တစ်မိနစ်လျှင် လေးကျပ်ပေးဆောင်ရမည် ဖြစ်သည်။

CDMA-800 MHz မိုဘိုင်း တယ်လီဖုန်းနှင့် ပတ်သက်၍ မေးမြန်းလိုပါက တယ်လီဖုန်းနံပါတ် ၃၄၅၆ သို့ အခမဲ့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

ယခုထွက်ရှိသော တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းတွင် အင်တာနက်အသုံးပြုလိုပါက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာများထံတွင် အင်တာနက်စနစ်ဆက်သွယ်မှုကနဦး တပ်ဆင်ခ ကျပ်တစ်သောင်းပေးသွင်းလျှောက်ထားနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

စာမျက်နှာ (၂၁) မှ

## အီရန်တွင် မေ ၂၂ မှစ၍ ဆမ်ဆောင်း အွန်လိုင်းစတိုး အသုံးပြုနိုင်မည် မဟုတ်




တီဟီရန်ရှိမိုဘိုင်းဆိုင်တစ်ခုမှ ပိုင်ရှင်တစ်ဦးက "ကျွန်တော်တို့ ဒီသတင်း ကို ကြားပါတယ်။ ဒါပေမဲ့ကျွန်တော်တို့မှာ ဒီကရောင်းလိုက်တဲ့ ပစ္စည်းရဲ့ ဟာ့ဒ်ဝဲပိုင်းကို တော့တာဝန်ယူပါတယ်။ ဆော့ဖ်ဝဲနဲ့ အက်ပလီပိုင်းကေးရှင်းကို တော့ တာဝန်ယူတော့မှာ မဟုတ်ပါဘူး"ဟု ပြောသည်။

အီရန်နိုင်ငံတွင် ဆမ်ဆောင်း စတိုး အသုံးပြုမှုပိတ်ပင်တော့မည့် သတင်းနှင့်ပတ်သက်၍ ဆိုးလ်မြို့ရှိဆမ်ဆောင်းကုမ္ပဏီကမူ တစ်စုံတရာ မှတ်ချက်ပေးပြောကြားခြင်း မရှိပေ။ ဆမ်ဆောင်းသည် ၂၀၀၂ မှစ၍ အီရန်နိုင်ငံတွင် ပြည်တွင်းဆားဗစ်စင်တာများ ဖွင့်လှစ်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကမူ ဖင်လန်နိုင်ငံမှ မိုဘိုင်းဖုန်းကုမ္ပဏီ နိုကီယာသည် ပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံမှ ၎င်း၏ ဆားဗစ်စင်တာများကို စတင်ပိတ်သိမ်းခဲ့သည်။

—Ref: AP

**အပေးအယူတဲ့ (give and take)**
**ဒီကမ္ဘာကြီးပေါ်မှာ အသိများတဲ့ လူ့သဘာဝသရုပ်ဖော် စကားနှစ်လုံး။**
**“အစ်မ ကျွန်မဒီကတ်ကလေးကို ဒီတစ်ပတ်ထဲမှာလိုချင်တယ်” ဒီလိုပြောပြီးစာရွက်ကြားမှာ ဆင်တစ်ကောင်(ငါးထောင်တန်) ညှပ်ပေးလိုက်လို့ တစ်ပတ်အတွင်း ရလာတဲ့ကတ်တစ်ကတ်ရဲ့ဖြစ်စဉ်လို give and take မျိုးကို ကျွန်မဆိုလိုတာ မဟုတ်ပါဘူး။**



# ဉာဏ်ပညာနှင့် ချစ်ခြင်းတရား

ခိုင်ဝါ(မြန်အောင်)

လောကကြီးရဲ့ အလင်းရောင် နှစ်ခု။ ထူးအိမ်သင်ရဲ့ သီချင်းတစ်ပိုင်းတစ်စဖြစ်တဲ့ ဉာဏ်ပညာရယ် ချစ်ခြင်းတရားပါ။ ချစ်ခြင်းတရားကို ဦးစားပေးပြောချင်ပါတယ်။ ချစ်ခြင်းမေတ္တာကို လူတိုင်းအလိုရှိကြပါတယ်။ အာဏာပါးကွက်သားကနေ ရှင်ဘုရင်အထိ၊ သူတောင်းစားကနေ ဘီလျံနာတွေအထိ ချစ်ခြင်းတရားကို နှစ်သက်ကြပါတယ်။ လူတွေက ကိုယ်ကိုယ်တိုင်က တစ်ပါးသူကို ချစ်ခြင်းမေတ္တာတွေ ပေးချင်မှ ပေးပေမယ့် ကိုယ်ကိုယ်တိုင်အတွက်တော့ ချစ်ခြင်းတရားကို မဖြစ်မနေ လိုချင်တတ်ကြပါတယ်။

ဒါပေမဲ့ ပေးလည်းပေး၊ ယူလည်းယူဆိုရင် ပိုပြီးမကောင်းဘူးလား။ ကျွန်မအင်တာနက် ပုံပြင်တစ်ပုဒ်ကို ဖတ်ခဲ့ရဖူးပါတယ်။ လင်မယားနှစ်ယောက်နဲ့ ကလေးနှစ်ယောက်ရှိတဲ့ မိသားစုရဲ့ အိမ်ရှေ့ကို အဘိုးအိုသုံးဦးက လာပြီး ဝင်ခွင့်တောင်းတော့ သူ့မိန်းမက အိမ်ထောင်ဦးစီးယောကျ်ားကို ဘယ်သူ့ကို အရင်ဆုံးဝင်ခွင့်ပေးရမလဲဆိုပြီး မေးပါတယ်။ ဒီတော့ ယောကျ်ားဖြစ်သူက “ဒါလင်ရေ ဘယ်သူတွေပါလိမ့်” လို့ သူ့မိန်းမကို မေးခွန်းပြန်ထုတ်ပါတယ်။ ဒီတော့ မိန်းမက ချစ်ခြင်းမေတ္တာရယ်၊ စည်းစိမ်ချမ်းသာရယ်၊ ပျော်ရွှင်သာယာမှုရယ် ပါလို့ဆိုလိုက်တော့ ‘ဒါဆို ပထမဦးဆုံး အဖိုးအိုကိုပဲ ဝင်ခိုင်းလိုက်ပေါ့ကွယ်။ သူတစ်ယောက်တည်း ဝင်ပေမယ့် နောက်ကအဖိုးအိုနှစ်ယောက်က အလိုလိုဝင်ပြီးသားဖြစ်လာပါလိမ့်မယ်ကွာလို့ ယောကျ်ားဖြစ်သူက ပြောလိုက်ပါတော့တယ်။

ဆိုလိုချင်တာက အိမ်ထောင်စုတိုင်းမှာ ချစ်ခြင်းမေတ္တာသာ ရှိနေရင် စည်းစိမ်ချမ်းသာကိုလည်း ရရှိအောင် ကြိုးစားနိုင်ကြမှာဖြစ်သလို မိသားစုဝင်တွေလည်း ပျော်ရွှင်ချမ်းမြေ့မှုတွေရမှာ အသေအချာပါပဲ။ ဒီလိုဆိုရင် မိသားစုယူနစ်ကလေးများစွာနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးတစ်ခုမှာလည်း . . . ။

မိသားစုတစ်စုကို ကြည့်ရင်း တစ်ဦးတစ်ယောက်ချင်းစီနဲ့ ဖွဲ့စည်းထားတာ တွေ့ရမှာပါ။ ဒီတော့ တစ်ဦးတစ်ယောက်ချင်းစီက အရေးပါနေပြန်ပါရော။ တစ်ဦးတစ်ယောက်ချင်းစီက ချစ်ခြင်းမေတ္တာကို ယူတတ်ရုံတင်မကဘဲ ပေးလည်းပေးတတ်ရမှာပါ။ ချစ်ခြင်းမေတ္တာက ပင်ပေါင်ဘောလုံး၊ တင်းနစ်ဘောလုံးတွေနဲ့ သဘောသဘာဝ တူပါတယ်။ ကိုယ့်ဘက်က ရိုက်ချက်ရှိမှ သူ့ဘက်က ပြန်ချက်ရှိမှာပါ။ သူ့ဘက်က ရိုက်ချက်ရှိလာမှ ကိုယ့်ဘက်ကပြန်ချက်ကောင်းကောင်းပေးဖြစ်ပါလိမ့်မယ်။

ပင်ပေါင်ဘောလုံး၊ တင်းနစ်ဘောလုံးကစားရာမှာ အားအင်ကုန်ခန်းပြီး ပင်ပန်းနွမ်းနယ်မှုကို ဖြစ်စေပေမယ့်၊ ကိုယ်ရဲ့ Training တွေကို အပြင်းအထန်လုပ်ရပေမယ့် ချစ်ခြင်းမေတ္တာကို အပြန်အလှန်ပေးကြတဲ့ နေရာမှာတော့ အား တစ်အားကြီးစိုက်ရပြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း မဖြစ်ပါဘူး။ အပြင်းအထန်လည်း လေ့ကျင့်စရာ မလိုပါဘူး။

နည်းနည်းလေးစပြီး ကိုယ့်ဘက်က ဆာဗင်ထိုးကြည့်လိုက်ပါ။ တစ်ဖက်က ပြန်ပြီးတုံ့ပြန်လာပါလိမ့်မယ်။ ချစ်ခြင်းမေတ္တာဟာ အလျားနဲ့အနံ့မရှိပေမယ့် အသွားနဲ့အပြန်တော့ ရှိပါတယ်။ အကျယ်အဝန်းနဲ့နယ်နိမိတ်အကန့်အသတ်မရှိပေမယ့် ကျေနပ်မှုနဲ့ အသိအမှတ်ပြုမှုရှိပါတယ်။

ဒါ့ကြောင့်မို့ ဘာသာတိုင်းမှာ ချစ်ခြင်းမေတ္တာတရားကို အဓိကညွှန်းဆိုထားကြတာပါ။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာဟာ အဖြူရောင်နဲ့နှောင်ကြိုးမဲ့ဖို့တော့ လိုပါသေးတယ်။ သူ့ဆီက ကိုယ်ရနိုင်တာတွေကို စာရင်းပြုစုပြီးတော့သူကိုတော့ ဘယ်နှရာခိုင်နှုန်း ပေးသင့်ပြီး သူ့ကိုတော့ ဘယ်နှရာခိုင်နှုန်းပဲ ပေးသင့်တယ်လို့တော့ ခွဲတမ်းချလို့ ရမှာမဟုတ်ပါဘူး။ ဒါဆိုရင် လိုချင်တဲ့အရာတွေ၊ ရနိုင်တဲ့အရာတွေ ကုန်ဆုံးသွား ရင်သူ့အပေါ်မှာထားတဲ့ ချစ်ခြင်း မေတ္တာလည်း ပျက်ပြယ်သွားပါလိမ့်မယ်။

ကမ္ဘာလောကကြီးကို အလင်းရောင်ပေးနိုင်ဖို့ ချစ်ခြင်းတရား နဲ့အတူ အရေးပါတာက ဉာဏ်ပညာပါ။ ဉာဏ်ပညာက လူတစ်ဦးတစ်ယောက်စီရဲ့ ဘဝတွေတိုင်းမှာ မဖြစ်မနေ လိုအပ်နေတဲ့ အရာပါ။ ကိုယ့်ရဲ့ဦးနှောက်ထဲကို ဉာဏ်ပညာတွေ ဖြည့်နိုင်သလောက်ဖြည့်ဖို့လိုသလို ကိုယ်ရရှိထားတဲ့ဉာဏ်ပညာတွေကိုတခြားသူတွေကို မျှဝေပေးတတ်ဖို့လည်း လိုအပ်ပါသေးတယ်။

ဉာဏ်ပညာဟာ စည်းစိမ်ချမ်းသာရဲ့ရှေ့မှာပဲ ရှိနေတာပါ။ မရှိတာက ရှိအောင် ရှာလို့ရပေမယ် မသိတာက သိဖို့မလွယ်ကူပါဘူး။ ကိုယ်ကိုယ်တိုင် သိဖို့လိုလားပါမှ ဉာဏ်ပညာကို ရှာဖွေလို့ရမှာပါ။ စည်းစိမ်ဉစ္စာက ကိုယ်တိုင်ကြိုးစားမှုအပြင် ထီပေါက်လို့ပဲဖြစ်ဖြစ်၊ အမွေရလို့ပဲဖြစ်ဖြစ်၊ ကောက်ရလို့ပဲဖြစ်ဖြစ် ရဖို့လမ်းတွေ ရှိနေပေမယ့် ဉာဏ်ပညာက ကိုယ်တိုင်အားစိုက်ထုတ်မှုမပါဘဲ မရရှိနိုင်ပါဘူး။

ဒါပေမဲ့ ဉာဏ်ပညာသာ ကိုယ့်မှာရှိလာခဲ့ရင် ရှိရင်းစွဲ ဘဝတွေကနေ မြင့်မားတဲ့ဘဝတွေကို လှမ်းနိုင်ပါတယ်။ လူသားတွေရဲ့ ကာယအား၊ ဉာဏအားတွေကို ဉာဏ်ပညာတွေနဲ့ တွဲစပ်နိုင်ခဲ့လို့ ကျောက်ခေတ်ကနေ အိုင်တီခေတ်ကို ရောက်လာခဲ့နိုင်တာပါ။

ဉာဏ်ပညာဟာ လူသားတွေအားလုံးအတွက် မရှိမဖြစ် ဖြစ်လေတော့ ကိုယ်သိထားတဲ့ ကိုယ်ရထားတဲ့ ဉာဏ်ပညာကို အများသူ ငါတွေကို မျှဝေပေးဖို့လိုအပ်ပါသေးတယ်။ ပြီးတော့လည်း ကျွန်မတို့တွေတစ်ခုသိထားရမှာကဉာဏ်ပညာကိုပိတ်ဆို့ထားတာ၊ ဉာဏ်ပညာကို မျှဝေပေးဖို့ တွန့်တိုနေတာ၊ ဉာဏ်ပညာကို မျှဝေနေတာကို ဟန့်တားနှောင့်ယှက်တာတွေဟာတကယ့်ကိုပဲကြီးလေးတဲ့ ပြစ်မှုကိုကျူးလွန်ရာရောက်ပါတယ်။

ဉာဏ်ပညာတွေ အထိုက်အလျောက် ရှိလာကြရင် အထိုက်အလျောက် တိုးတက်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာမယ်။ ဉာဏ်ပညာတွေ အများအပြား ပြည့်သိပ်ရှိလာကြရင် အထွဋ်အထိပ်ရောက်အောင် တိုးတက်တဲ့ လူ့အဖွဲ့အစည်း ဖြစ်လာမယ်။ ဒါကြောင့်မို့ ဉာဏ်ပညာတွေကို လူတိုင်းအတွက် ဖွင့်ထားပေးရပါမယ်။ မျှဝေပေးရပါ့မယ်။

ဉာဏ်ပညာ ဆည်းပူးမှုကို အမှောင်ချထားရင် ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်မှုနှေးကွေးသလို စိတ် ဝိညာဉ်ယုတ်လျော့ဖို့လည်း လွယ်ကူတဲ့ အကြောင်းတရားပါ။ လူသားတွေရဲ့ ဉာဏ်ပညာကို အဘက်ဘက်က တိုးတက်စေဖို့အဟန့်တားတွေ ရှိနေမယ်ဆိုလူတွေရဲ့ တီထွင်လိုစိတ်၊ စူးစမ်းလိုစိတ်၊ ကြိုးစားလိုစိတ်၊ ပုံဖော်ဖန်တီးလိုစိတ်တွေကို ဆုံးရှုံးကြရပါလိမ့်မယ်။ ဒီကနေပြီး ဖွံ့ဖြိုးတိုးတက်ကြွယ်ဝမှုကို ကျွန်မတို့တွေ ထပ်ပြီး ဆုံးရှုံးကြရပါဦးမယ်။

ဒါ့အပြင် ငါသာလျှင် ငါဖို့ ပထမ၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး။ ဘယ်သူသေသေ ငတေမာရင်ပြီးရော၊ ရလေ ရလေ အိုတစ္ဆေ၊ ဒီလိုစကား၊ ဒီလိုအတွေးတွေနဲ့ အတူ လောဘတရားတွေကြောင့် မလုပ်သင့်တာတွေကြုံလာမိမယ်။ လုပ်လာမိမယ်။ ဒါဆိုရင် ကမ္ဘာမြေပြင်ပေါ်မှာ စစ်ပွဲတွေ မရပ်တော့ပါဘူး။ အကျဉ်းထောင်တွေမှာ ရာဇဝတ်မှုတွေကြောင့်၊ အလွဲသုံးစားမှုတွေကြောင့်၊ ခိုးယူမှုတွေကြောင့် လူပြည့်ပြီးတော့ နေပါလိမ့်မယ်။

ဉာဏ်ပညာနဲ့ ကင်းပြီး လက်ရှိဘဝကိုမတည်ဆောက်နိုင်သလို နောင်ဘဝတွေအတွက်လည်း ဉာဏ်ပညာက သိပ်ကိုအရေးကြီးပါတယ်။ အရေးပါ ပါတယ်။ မှန်ကန်တဲ့ အသိဉာဏ်သာ မရခဲ့ရင် ဒုစရိုက်နဲ့ သုစရိုက်ကို ခွဲခြားပြီး သိနိုင်မှာမဟုတ်တော့တဲ့အတွက် ကုသိုလ်တွေ အားနည်းပြီး အကုသိုလ်တွေက အားများလာပါလိမ့်မယ်။ ဘဝသံသရာကို ယုံကြည်တဲ့ ကျွန်မတို့ဗုဒ္ဓဘာသာဝင်တွေအဖို့ ယခုဘဝရဲ့လုပ်ဆောင်ချက်တိုင်းဟာ နောင်ဘဝများစွာအတွက် အရေးပါပါတယ်။

ဒါ့ကြောင့်မို့ ဘဝတွေရဲ့ ကောင်းမှု၊ ဆိုးမှု၊ လူတွေရဲ့ နိမ့်ကျမှု၊ မြင့်မားမှုကို အဓိကဖန်တီးပေးနေတာ ဉာဏ်ပညာပါ။ ဒီလို အရာရောက်တဲ့ ဉာဏ်ပညာကို ကျွန်မတို့တွေ ရှာဖွေယူငင်တတ်ကြဖို့ လိုသလို ပေးကမ်းဝေမျှတတ်ဖို့ကလည်း လိုအပ်ချက်တစ်ခုပါ။ ဉာဏ်ပညာဟာ စိမ့်စမ်းရေတွင်းနဲ့ အလားသဏ္ဌာန်တူပါသေးတယ်။။ ဘယ်လောက်ပဲ ခပ်ယူယူ၊ ဘယ်လောက်ပဲ ဝေပေးပေး လျော့သွားတယ်ရယ်လို့မရှိပါဘူး။ ကိုယ့်ဦးနှောက်ကိုယ်အသိဉာဏ်ထဲ မှာ ဉာဏ်ပညာက ပြည့်လျက်ပါပဲ။ သူ့ကိုကိုယ်က ဉာဏ်ပညာဖွင့်ပေးရင်း ကိုယ်ရဲ့ဉာဏ်ပညာတွေ ပိုမိုတိုးတက်လာတာတောင် တွေ့ကြုံရပါလိမ့်ဦးမယ်။

လောကကြီးက စိတ်ပျက်စရာကောင်းတယ်လို့ ဆိုခဲ့ရင် ဒီကမ္ဘာကြီးကို ဖန်တီးနေကြတာက ကျွန်မတို့ လူသားတွေပဲ ဖြစ်ပါတယ်။ လူသားတွေရဲ့ လုပ်ဆောင်မှုဖြစ်စဉ်တွေမှာ ချစ်ခြင်းတရားနဲ့ ဉာဏ်ပညာကို လူတိုင်းလူတိုင်းအရေးတကြီးနဲ့ ပေးကြယူကြ အချင်းချင်းဝေမျှကြတဲ့ နေ့တစ်နေ့မှာ ကမ္ဘာကြီးဟာ ပိုပြီးကောင်းလာမှာပါ။ ပိုမိုသာယာလှပတဲ့ ကမ္ဘာကြီးဖြစ်လာမှာ အသေအချာပါပဲ။

Our duty is care the true love and the wisdom in our life.

---

# လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ တိုင်းရင်းသားအခွင့်အရေးကို လျစ်လျူရှုထားဟုဆို

**မင်းဟိန်းကျော်**

**ရန်ကုန်၊ မေ- ၂၅**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့် ပတ်သက်၍ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)၏ အစီရင်ခံစာသည်ပြည်တွင်းရှိတိုင်းရင်းသားများ၏ အခွင့်အရေးကိစ္စကို လျစ်လျူရှုရေးသားထားသည်ဟု အဆိုပါ အဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးနှင့် တွေ့ဆုံပြောကြားခဲ့ကြောင်း ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ လူ့အခွင့်အရေးဌာနတာဝန်ခံ ကိုပြုံးချိုက ပြောသည်။

HRW အဖွဲ့သည် မေ ၂၈ ရက်တွင် ၈၈ မျိုးဆက်ရုံးတွင် ကိုကိုကြီးနှင့် လူ့အခွင့်အရေးဌာနတာဝန်ခံကိုပြုံးချိုနှင့်တွေ့ဆုံခဲ့သည်။

“အစီရင်ခံစာဟာ ခေါင်းစဉ်မှာထဲက အငြင်းပွားဖွယ်တွေဖြစ်နေတဲ့ အကြောင်းသူတို့ကို ဝေဖန်ပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတာမှန်ပေမယ့် ကျွန်တော်တို့ နိုင်ငံထဲမှာရှိတဲ့ တိုင်းရင်းသားတွေ ရဲ့အခွင့်အရေးတွေကိုလည်းလေးစား ရပါမယ်” ဟု ကိုပြုံးချိုကဆိုသည်။

အဆိုပါအဖွဲ့၏ ရခိုင်ဒေသနှင့် ပတ်သက်သော အစီရင်ခံစာသည် လူ့အခွင့်အရေး ရှုထောင့်တစ်ခုတည်းမှ ကြည့်၍ တစ်ဖက်သတ်ဆန်ဆန် ရေးသားခြင်းဖြစ်ကြောင်း၊ ရခိုင်ကိစ္စတွင် လူ့အခွင့်အရေးချိုးဖောက်သည်ဆိုပါ ကယခင်ကဖြစ်ခဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှု များကိုလည်း ပြန်လည်သုံးသပ်သင့်သည်ဟု ပြောကြားခဲ့ကြောင်း ၎င်းကဆိုသည်။ အစီရင်ခံစာ၏ ညွှန်းဆိုချက်များသည် ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ဆုံးရှုံးမှု၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပြီး အစီရင်ခံစာသည် တစ်ဖက်သတ်ဆန်ဆန်ရေးသားထားခြင်းဖြစ်ပြီး ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူ ပြုလိမ့်မည်မဟုတ်ဟု ဆွေးနွေးခဲ့ကြောင်း ၈၈ အဖွဲ့၏သတင်းထုတ်ပြန်ချက်တွင်ဖော်ပြသည်။

HRW အဖွဲ့၏အစီရင်ခံစာသည်တစ်ဖက်သတ်ရေးသားထားခြင်း ဖြစ်သဖြင့် အစီရင်ခံစာကို အသေးစိတ်လေ့လာကာနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကန့်ကွက်သွားမည်ဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွဋ်က ယခုလ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# ခေတ်သစ်မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေး

## (အမေရိကန်၊ ဥရောပနှင့် တရုတ်)

အောင်အောင် (IR)

**အမေရိကန်သမ္မတ အိုဘားမား၏ မြန်မာပြည်ခရီးစဉ်နောက်ပိုင်း အမေရိကန်-မြန်မာ-တရုတ် ဆက်ဆံရေးကိုနိုင်ငံတကာ သုတေသီတို့က ပုံစံအမျိုးမျိုးထုတ်၍ လေ့လာသုံးသပ်ဝေဖန်ရေးသားလာကြသည်။ မြန်မာသည် အမေရိကန်နှင့်ပို၍ နီးစပ်လာသည်ဟုလည်းကောင်း၊ မြန်မာသည် တရုတ်နှင့်ပို၍ ဝေးလာသည်ဟုတစ်ဖုံ၊ မြန်မာသည် တရုတ်နှင့် အမေရိကန်ကြား နိုင်ငံရေးကစားကွက် ရွှေ့နေသည်ဟုတစ်မျိုး အမျိုးမျိုး သုံးသပ်ဝေဖန်လာကြသည်။ မည်သို့ သုံးသပ်ဝေဖန် ရေးသားကြသည်ဖြစ်စေ နိုင်ငံတကာ ဆက်ဆံရေးတွင် မိမိတို့၏ စံနှုန်းစံထား တန်ဖိုးထားမှုများထက် မိမိအကျိုးစီးပွားကိုသာ ဦးစားပေးကြ သည်ဖြစ်ရာ မည်သည့်သုံးသပ် ချက်မှ မမှားဟု ဆိုနိုင်ပါသည်။ တလောက နိုင်ငံတော်သမ္မတကြီး ဥရောပခရီးစဉ်သွားရောက်ခဲ့သည်ဖြစ်ရာ မြန်မာသည် အမေရိကန်၊ ဥရောပနှင့် တရုတ်ကြား မည်သူကို ရွေးမည်လောဟူသော အမေးပုစ္ဆာတစ်ရပ် ပေါ်ထွက်လာဖွယ်ရှိပါသည်။**



*အမေရိကန်သမ္မတ အိုဘားမား ရန်ကုန်တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကမ္ဘာပေါ်တွင် နိုင်ငံတကာအင်အားပါဝါချိန်ခွင်လျှာ အရွေ့ကို ယေဘုယျအားဖြင့် အမေရိကန်၊ ဥရောပနှင့် တရုတ်ဟူ၍ အကြမ်းဖျင်းခွဲခြားတိုင်းတာလေ့ရှိသည်။ ရုရှားကောဟု မေးစရာရှိပါသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ရုရှနိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ဇာတ်ခုံတွင် ပေါ်ထွက်လာခဲ့သော်လည်း နိုင်ငံတကာဆက်ဆံရေး မျက်နှာပြင်တွင် ဥရောပနှင့် အာရှကြား ညပ်နေသဖြင့် များစွာ ရေပန်းစားလှခြင်းမရှိပေ။ အာရှ အင်အားကြီးနိုင်ငံတစ်ခုဖြစ်သော ဂျပန်မှာလည်း အမေရိကန်၏ အရိပ်ထိုးနေသဖြင့် နိုင်ငံတကာ ဆက်ဆံရေးတွင် များစွာ တာသွားလှခြင်းမရှိလှ။ အခြားအင်အားကြီးနိုင်ငံများဟု နိုင်ငံရေးလေ့လာသူများက သတ်မှတ်ထားသော အိန္ဒိယ၊ ဘရာဇီးစသည်တို့မှာလည်း ဒေသတွင်း အင်အားကြီးနိုင်ငံအဆင့်သာရှိကြသဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ခပ်မှိန်မှိန်သာရှိတတ်ကြသည်။ စာရေးသူသည် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ကျောင်းပြီးခဲ့ပြီး အမေရိကန်နှင့် ဥရောပနိုင်ငံအချို့သို့ ရောက်ရှိနေထိုင်ခဲ့ဖူးကာ ရောက်သည့်နိုင်ငံများတွင် တရုတ်ကျောင်းသားအများအပြားနှင့်လည်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခဲ့ဖူးသဖြင့် ဤဆောင်းပါးတွင် စာရေးသူ၏ ရှုထောင့်မှ အမေရိကန်၊ ဥရောပနှင့် တရုတ်တို့၏ နိုင်ငံတကာသဘောထားများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းသည် မည်သို့ဖြစ်သင့်သည်ကို သုံးသပ်ဆွေးနွေးသွားပါမည်။

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒသည် လူ့အခွင့်အရေးနှင့် အမျိုးသားလုံခြုံရေးအပေါ် အခြေပြုသည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံအများနှင့် ဆက်ဆံရာတွင် လူ့အခွင့်အရေး ရှုထောင့်ကိုထည့်သွင်းစဉ်းစားလေ့ရှိပြီး လူ့အခွင့်အရေးဆိုသည်ကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုလာခဲ့ရာ နိုင်ငံအများအပြားနှင့် ပဋိပက္ခဖြစ်လာသည်။ သို့သော် အမေရိကန်ပြည်ထောင်စုသည် လူ့အခွင့်အရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် မူဝါဒနှစ်မျိုး ကျင့်သုံးလေ့ရှိသည်။ ဥပမာ-မြန်မာ၊ တရုတ်၊ မြောက်ကိုရီးယားတို့အား လူ့အခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ မကြာခဏ ဝေဖန်ပြစ်တင်လေ့ရှိသော်လည်း အမေရိကန်အကျိုးစီးပွားနှင့်ဆက်စပ်၍ အထောက်အကူပြုသည့် အရှေ့အလယ်ပိုင်းဒေသရှိ အာဏာရှင်နိုင်ငံများကိုမူ မကြာခဏ မျက်ကွယ်ပြုလေ့ရှိသည်။ အီဂျစ်သမ္မတဟောင်း မူဘာရက်၊ တူနီးရှားသမ္မတဟောင်း ဘင်အလီတို့မှာ ထင်ရှားသော သာဓကများဖြစ်သည်။ အာရပ်နွေဦး တော်လှန်ရေးဖြင့်ပြည်သူလူထုက အဆိုပါအာဏာရှင်တို့အား ဖြုတ်ချခဲ့ပြီးနောက်မှသာ အမေရိကန်ပြည်ထောင်စု၏ လေသံများ ပြောင်းလဲသွားခဲ့သည်။ အာရပ်နွေဦးကို ချီးကျူးထောပနာပြုခဲ့သည်။ ၁၉၇၀၊ ၈၀ ပြည့်နှစ်များက တောင်အမေရိကတိုက်ရှိ စစ်အာဏာရှင် အတော်များများမှာလည်း ၎င်းတို့၏ ကွန်မြူနစ်ဆန့်ကျင်ရေးဝါဒ များကြောင့် အမေရိကန်ပြည်ထောင်စု၏ သွယ်ဝိုက်အားပေးထောက်ခံမှုကို ရရှိခဲ့ပြီး အာဏာထိုင်ခုံမြဲခဲ့ကြသည်။ အဲဒီလို သူ့ရဲ့ နိုင်ငံရေးအခင်းအကျင်းကို လိုသလို ကျင့်သုံးခဲ့လို့ အခုဆို အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံတကာဆက်ဆံရေးမှာ နိုင်ငံအများရဲ့ ယုံကြည်မှုပျောက်ဆုံးပြီး များစွာ ရေပန်းစားလှခြင်းမရှိတော့ပါဘူး။ ဒါပေမဲ့ မဟာအင်အားကြီးကတော့ မဟာအင်အားကြီးပဲပေါ့။ ဘယ် ထည့်မတွက်လို့ရမလဲ။ ဆိုလိုတာ စံတစ်ခုအနေနဲ့ တိုင်းတာပြောကြစတမ်းဆို အမေရိကရဲ့ ဩဇာသက်ရောက်မှုဟာ နိုင်ငံတကာမှာ ခပ်လျော့လျော့ဖြစ်လာနေပြီ။ အမေရိကားအပေါ် အီရန်စစ်ပွဲနောက်ပိုင်း ဥရောပဘက်က ယုံကြည်မှုလျော့လာသလို အာရှနိုင်ငံတွေဘက်မှာလည်း ရေပန်းသိပ်မစားလှတော့ပါဘူး။ သို့ပေမဲ့ အာရှနိုင်ငံတွေက တရုတ်ရဲ့ အန္တရာယ်ကို ကြောက်ကြတဲ့ အတွက် တရုတ်နဲ့ယှဉ်ရင် အမေရိကန်ကို Welcome ဆဲပါ။ အဲဒီလို အမေရိကန်နိုင်ငံခြားရေးဝါဒဟာ အသွင်အမျိုးမျိုးရှိတတ်တာကြောင့် တတိယနိုင်ငံတော်တော်များများက အမေရိကန်နဲ့ ဆက်ဆံရာမှာ ကသိကအောက် ရှိကြပါတယ်။ တရုတ်ပညာရှင် တစ်ယောက်က အမေရိကန်ကို မကြိုက်ပေမယ့်အမေရိကန်နဲ့ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိဖို့လိုတယ်လို့ ရေးသားဖူးပါတယ်။ ဒါက အမေရိကန်အစိုးရနဲ့ အမေရိကန်ပြည်သူတွေကို ခွဲခြားမြင်တတ်ဖို့ပါ။ အမေရိကန်ပြည်သူတွေဟာ တကယ်တော့ အတော်ခင်ဖို့ ကောင်းပါတယ်။ အားနည်းတဲ့သူကို ကူညီတတ်တယ်။ လူ့အခွင့်အရေးဆိုသိပ်ပြီး တက်တက်ကြွကြွရှိလှပါတယ်။ အဲဒါကြောင့်လည်း နိုင်ငံတကာဒုက္ခသည်တွေရဲ့ ဦးတိုက်ခိုလှုံရာစခန်းကြီးဖြစ်နေပါတော့တယ်။ စာရေးသူ အမေရိကားက ဒုက္ခသည် စောင့်ရှောက်ရေး အေဂျင်စီတစ်ခုနဲ့ အလုပ်လုပ်ဖူးပါတယ်။ နယူးယောက်ပြည်နယ်မှာပါ။ မြန်မာပြည်အပါအဝင် တခြားနိုင်ငံတွေက ဒုက္ခသည် အမျိုးမျိုးနဲ့ ဆက်ဆံရပါတယ်။ ဒုက္ခသည်တွေထဲမှာ ကိုယ်လက်အင်္ဂါ ချို့တဲ့သူတွေ၊ နူနာရောဂါသည်တွေ၊ စိတ်ရောဂါဖြစ်နေသူတွေ အစုံပါပါတယ်။ စိတ်ရောဂါရှိတဲ့သူ၊ နူနာရောဂါသည်ဘာမှ သိပ်ခွဲခြားမနေပါဘူး။ လူနေရပ်ကွက်တွေထဲ အိမ်ငှားပေးပြီး ဒေသခံအမေရိကန်တွေနဲ့ ရောနှောနေကြစေတာပါ။ ဒီလိုနဲ့ နေသားတကျဖြစ်သွားပြီး အမေရိကန် လူ့အဖွဲ့အစည်းနဲ့ တစ်ပြေးတည်းဖြစ်သွားတဲ့ နိုင်ငံတကာဒုက္ခသည်တွေ အများကြီးပါ။ စာရေးသူဆိုလိုချင်တာ အမေရိကန်ပြည်သူတွေရဲ့ နှလုံးသားဟာ သိပ်နူးညံ့တယ်။ မတရားတဲ့ဘက်က ရပ်ခံတတ်ကြတယ်။ ကူညီချင်ကြတယ်။ ဒီတော့ ဘာဖြစ်လဲဆိုတော့ 'In' တွေ အများကြီး ဝင်လာတာပေါ့။ ‘In’ တွေဆိုတာ ဒုက္ခသည်မဟုတ်ဘဲ ဒုက္ခသည်ယောင်ဆောင်၊ မဟုတ်တဲ့လုပ်ဇာတ်တွေခင်း၊ အတွင်းက လူ့အခွင့်အရေးတို့၊ ဒုက္ခသည်ဆိုင်ရာ ရှေ့နေဆိုတာတွေနဲ့ ပေါင်းပြီး လုပ်စားနေတာတွေ တစ်ပုံကြီးပါ။ ဒီလိုနဲ့ အမေရိကန်တွေက မှန်တာတွေရော၊ မှားတာတွေရော ယုံ၊ အားနည်းတဲ့ဘက်က ရပ်တယ်ဆိုပြီး သက်ဆိုင်ရာနိုင်ငံတွေရဲ့ အခြေအနေမှန်ကို မမှန်းဆနိုင်တော့ တဖြည်းဖြည်းနဲ့ မိတ်ဆွေလျော့ပြီး ရန်သူများလာတော့တာပေါ့။

အိုဘားမားလက်ထက်မှာ နိုင်ငံတကာမှာ တစ်ဖက်သတ်အမြင်နဲ့လုပ်ဆောင်နေတာတွေလျော့ချလာတယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံရေးစနစ်ကိုက လူ့အခွင့်အရေးကို ဖောင်းပေးထားလေတော့ နိုင်ငံငယ်လေးတွေရဲ့ ဆက်ဆံရေးက အချိန်မရွေးအပြောင်းအလဲဖြစ်နေဦးမှာပါပဲ။

ဥရောပ၏ နိုင်ငံခြားရေးမူဝါဒမှာ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမြှင့်တင်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေးစသည်တို့အပေါ် အခြေပြုသည်။ သို့ဖြစ်ရာ ဥရောပ၏ နိုင်ငံတကာဆက်ဆံရေး အကောက်အယူ၌ လူသားချင်းညှာတာထောက်ထားရေးစံနှုန်းစံထားများအပေါ် ပိုမို အလေးပေးရာ ၎င်း၏ နိုင်ငံတကာ ဆက်ဆံရေးသည် အမေရိကားနှင့်စာလျှင် ပို၍ ပျော့ပြောင်းမှုရှိပြီး အာဏာရှင်နိုင်ငံများနှင့်ရော၊ အာဏာရှင်မဟုတ်သည့် နိုင်ငံများနှင့်ပါ လိုက်လျောညီထွေ ဆက်ဆံတတ်သည့် အစဉ်အလာရှိသည်။ ဆိုဗီယက် ကွန်မြူနစ်အားကောင်းခဲ့စဉ်က ဥရောပနိုင်ငံအများသည် ကွန်မြူနစ်တစ္ဆေဖြင့် အမေရိကန် ထီးရိပ်အောက်ဝင်ခဲ့ရသော်လည်း ဥရောပတွင် ကွန်မြူနစ်ဝါဒ ကျဆုံးခဲ့သည့် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းများတွင် ဥရောပနှင့် အမေရိကန်ဆက်ဆံရေးမှာ သိသိသာသာ မပြေမလည် အဖုအထစ်များ ဖြစ်လာပြီး ၂၀၀၃ အီရတ်စစ်ပွဲနောက်ပိုင်း မဟာမိတ်အနေအထားမှ ပြိုင်ဘက်အနေအထားဆီသို့ တွန်းတိုက်မိသည်အထိ ဖြစ်လာသည်။ အင်္ဂလန်မှလွဲ၍ ဥရောပနိုင်ငံတော်များများတွင် အမေရိကန်ဆန့်ကျင်ရေး စိတ်အခံရှိကြပြီး အမျိုးသားရေးစိတ်ဓာတ် ပြင်းပြကြသည်။ သို့သော်အရေးကြီးလျှင် အမေရိကန်နှင့် ဥရောပ သွေးစည်းကြပါသည်။ နိုင်ငံတကာ အကြမ်းဖက်ဝါဒနှင့်ပတ်သက်လျှင်မူ ကျောချင်းကပ်ထားကြမည်သာဖြစ်သည်။ ဥပမာ- ၁၉၈၂ ခုနှစ် ဖော့ကလန်စစ်ပွဲ (ဗြိတိသျှ-အာဂျင်တီးနားစစ်ပွဲ) နှင့် ၁၉၉၀ ပြည့်နှစ် ဘော်လကန် စစ်ပွဲ (ယူဂိုဆလားဗီးယားပြည်တွင်းစစ်)ပွဲများဖြစ်သည်။ ဥရောပနိုင်ငံများကိုနိုင်ငံရေးအရအကြမ်းအားဖြင့် အုပ်စု သုံးစုခွဲနိုင်သည်။ အင်္ဂလန်၊ ပြင်သစ်ကဲ့သို့ စစ်သံပေးတတ်သည့် နိုင်ငံကြီးများ။ ဂျာမနီ၊ အီတလီကဲ့သို့ ဘာသိဘာသာ နေတတ်သော နိုင်ငံများနှင့် ဆွီဒင်၊ နော်ဝေးကဲ့သို့ ငြိမ်းချမ်းရေး၊ စေ့စပ်ဆွေးနွေးရေးကို ဦးစားပေးသည့် နိုင်ငံများတို့ ဖြစ်ကြသည်။ ပြင်သစ်က ဥရောပ၏ ဦးဆောင်မှုအခန်းကဏ္ဍကို သာသာထိုးထိုး မျှော်လင့်သည်။ ပြင်သစ်သည် အချို့သော နိုင်ငံတကာကိစ္စများတွင် လက်မြန်ခြေမြန် ဝင်ရောက်ဆောင်ရွက်တတ်သည်။

လစ်ဗျားနှင့် မာလီတို့သည် ပြင်သစ်နိုင်ငံခြားရေးမူဝါဒ၏ အကောင်းဆုံးဥပမာများဖြစ်ကြသည်။ မြန်မာပြည် နာဂစ်မုန်တိုင်းမွှေပြီးကာလများတွင် ပြင်သစ်မှပင် Responsible to Protect (R2P) ခေါ် လူသားချင်း စာနာထောက်ထားမှု အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှဖြစ်သည့်နည်းဖြင့် ဝင်ရောက်ကြရန် နိုင်ငံတကာသို့ လမ်းကြောင်းပေးခဲ့ဖူးသည်။

ဥရောပနိုင်ငံများအနက် တတိယနိုင်ငံများမှ လိုလိုလားလား အကြိုဆိုခံရသည့် နိုင်ငံများမှာ စကင်ဒီနေဗီးယားအုပ်စုဝင် နိုင်ငံများဖြစ်ကြသည့် ဆွီဒင်၊ နော်ဝေး၊ ဒိန်းမတ်တို့ဖြစ်ကြသည်။ ၎င်းနိုင်ငံများသည် ကမ္ဘာပေါ်တွင် အငြိမ်းချမ်းဆုံးနှင့် လူနေမှုအဆင့်အတန်းအမြင့်ဆုံးဝင် နိုင်ငံများဖြစ်ကြပြီး ကမ္ဘာကျော်နိုဗယ်ငြိမ်းချမ်းရေးဆု အစပြုပေါက်ဖွားရာဒေသလည်းဖြစ်သည်။ အဆိုပါနိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒသည် နှစ်ဦးနှစ်ဖက် ပဋိပက္ခဖြေရှင်းရေးကို ဦးတည်သဖြင့် လူ့အခွင့်အရေးချိုးဖောက်သူများ ဆိုသူနှင့်ရော၊ လူ့အခွင့်အရေး အချိုးဖောက်ခံရသူများဆိုသည်နှင့်ပါ စကားပြောတတ်သည်။ စေ့စပ်ဆွေးနွေး ညှိနှိုင်းသည်။ ပြဿနာတစ်ခုတွင် တစ်ဦးတစ်ယောက်တည်းကို အပြစ်တင်၍မရ၊ နှစ်ဦးနှစ်ဖက်စလုံး၌ တာဝန်ရှိသည်ဟု ခံယူသည်။ တစ်ဖက်ဘက်ကို ဝေဖန်အပြစ်တင်ခြင်းမပြုဘဲ ခပ်ညက်ညက်လေး ဝင်သဖြင့် နိုင်ငံအများက လိုလိုလားလားရှိတတ်သည်။

တရုတ်ပြည်၏ နိုင်ငံခြားရေးမူဝါဒသည် ငြိမ်းချမ်းရေး၊ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေး၊ ထိုင်ဝမ်ကို တရုတ်ပြည်နှင့် ပေါင်းစည်းရေးတို့အပေါ် အခြေပြုသည်။ တရုတ်ပြည်သည် စီးပွားရေးကို အဓိက ဦးစားပေးသဖြင့် တစ်ကိုယ်ကောင်းဆန်၊ အတ္တကြီးသည့် နိုင်ငံအဖြစ် ကမ္ဘာ့မီဒီယာအလယ်တွင် မကြာခဏပုံဖော်ခြင်းခံရသည်။

**စာမျက်နှာ(၃၂)သို့**

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013



# လှိုင်းကိုကြောက်လို့ ရှောင်ကာပုန်း၊ လှိုင်းဘုန်း

မောင်သာချို

(တစ်)

ဒေသခံများက ကျွန်တော့်ကို ဝိုင်းထားသည့် စကားဝိုင်းကလေးထဲမှာ တစ်ယောက်က လှိုင်းတွေကို ကြောက်လို့ ဝင်ပုန်းနေတဲ့ နေရာကလေးမို့ "လှိုင်းပုန်း" လို့ခေါ်ရာကနေ နောက်ကြာလာတော့ "လှိုင်းဘုန်း" ဖြစ်သွားတာလို့ ဘိုးစဉ်ဘောင်ဆက်ပြောကြတာပဲဗျ ဟူ၍ ရှင်းပြထားပါသည်။

သူ့အနက်အဓိပ္ပါယ်အဖွင့်က ယုတ္တိယုတ္တာရှိပါသည်။ တကယ်လည်း လှိုင်းဘုန်းက လှိုင်းတွေကိုပုန်းရသည့်ရွာကလေးဖြစ်ပါသည်။

ကျုံ့မငေးမြစ်နှင့် ကျွန်းပြဿဒ်မြစ်တို့ဆုံရာ မလှမ်းမကမ်းတွင် လှိုင်းဘုန်းရှိပြီး ချောင်းထဲကို နည်းနည်းကလေးဝင်သွားတော့မှလှိုင်းဘုန်းသို့ရောက်ပါသည်။ လှိုင်းဘုန်း၏ အောက်သို့ မြစ်ကြောင်းအတိုင်းဆင်းသွားလိုက်လျှင်မှူ အချိန်ကလေးနည်းနည်းပေးလိုက်သည်နှင့် ဆီးကြိုနေမှာက ပင်လယ်ပြင်ကြီး။ ကပ္ပလီပင်လယ်တဲ့။ သည်တော့ ကပ္ပလီပင်လယ်ပြင်နှင့်မလှမ်းမကမ်းမို့သည်အနီးအနားက မြစ်တွေထဲ၌ လှိုင်းကြီးလေ့ရှိရာ ထိုလှိုင်းလုံးကြီးများနှင့်ဝေးအောင် ချောင်းထဲသို့ဝင်ပြီးမှ ရွာတည်ထားလိုက်ခြင်းဖြစ်သဖြင့် ရွာအမည်လှိုင်းဘုန်း။

(နှစ်)

အစက လှိုင်းဘုန်းသည် လပွတ္တာအပိုင်ဖြစ်ပါသည်။ အစကဆိုသည်မှာ နာဂစ်မုန်တိုင်းကြီး ၂၀၀၈မတိုက်ခတ်မီခေတ်ကာလ။ နောက်တော့ ထိုနာဂစ်မုန်တိုင်းကြီး ၂၀၀၈ အပြီးမှာ မော်လမြိုင်ကျွန်း အပိုင်ထဲသို့ လှိုင်းဘုန်းရောက်သွားပါသည်။

"ဝန်ထမ်းတွေကတော့ ကြိုက်တာပေါ့ဗျာ။ လပွတ္တာနဲ့က စက်လှေလေးနာရီ ငါးနာရီလောက်စီးမှ ရောက်တာ လှိုင်းသဘောမရှိဘာမရှိဆိုတော့ ဌာနဆိုင်ရာကိစ္စပေါ်လာရင် တောင်စက်လှေငှားပြီးပြေးရတာ မော်ကျွန်းနဲ့က မောင်းရလှ တစ်နာရီပေါ့"

ဟုတ်ပါသည်။ လှိုင်းဘုန်းက မော်လမြိုင်ကျွန်းနှင့် ခရီးလမ်းပန်းပို၍ အဆင်ပြေချောမွေ့ပါသည်။ စက်လှေနှင့်က တစ်နာရီဝန်းကျင်ခရီး။ နောင်ကားလမ်းတွေများ အဆင်ပြေချောမွေ့သွားခဲ့လျှင် လှိုင်းဘုန်းခရီးက ဖြောင့်ဖြူး၍ သွားပြီ။ ယခုအထိကမူလမ်းကြမ်း။

ဘယ်ကိုကြည့်ကြည့် မြစ်တွေ ချောင်းတွေ ချည်းသာမို့ ရေလမ်းကိုသာ အားကိုးရသဖြင့် သွားရေးလာရေးအလွန်နှောင့်နှေးခဲ့ရသော ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးသည်နာဂစ်မုန်တိုင်းကြီး ၂၀၀၈ အလွန်မှာဖြင့် ကားလမ်းတွေက တစ်ရေးနိုးလာခဲ့ပါသည်။ သို့သော် အများစုက အခုထိ လမ်းကြမ်း။ ဒေးဒရဲလောက်အထိ ဖျာပုံလောက်အထိ၊ မအူပင်လောက်အထိ၊ ပုသိမ်လောက်အထိသာ အချော။ ကျန်တာတွေက မြေလမ်း၊ ဂဝံလမ်း၊ ရွှံ့လမ်း။

မအူပင်ကထွက်ကတည်းက ကြမ်းတမ်းလှသောကားလမ်းသည် မော်လမြိုင်ကျွန်းရောက်သည်အထိ တစ်ချက်ကလေးမှ မကောင်း။ မော်လမြိုင်ကျွန်းကနေ လှိုင်းဘုန်းကိုဖြတ်ကာ ပင်လယ်စပ်သို့ ရောက်သည်အထိ ကားလမ်းခင်းထားသော်လည်း လမ်းကသုံးမရသေး။ ကျောက်ခင်းအကြမ်း။ ထို့ပြင်မြစ်ကူးချောင်းကူး တံတားတွေကလည်း မပြီးသေး။ သည်တော့ လှိုင်းဘုန်းကို ကားနှင့် သွားလို့မရသေး။ သို့သော် လှိုင်းဘုန်းချောင်းကိုမူ တံတားကြီးတစ်စင်းက ဖြတ်ထိုးထားပြီ ဖြစ်ပါသည်။

"တံတားကြီးပြီးသွားတော့ စာသင်ကျောင်းကလေး အခက်ကြုံသွားတယ်"ဟု ဒေသခံရည်ညွှန်းသော စာသင်ကျောင်းက ဘုန်းတော်ကြီးသင် မူလတန်းကျောင်းကလေးပဲ ဖြစ်ပါသည်။ လှိုင်းဘုန်း တစ်ဖက်ကမ်းမှာက မြစ်ဘက်ကနေစ၍ ကံစုကျေးရွာတဲ့။ ရွာသစ်ကျေးရွာတဲ့။ စလူချောင်းကျေးရွာတဲ့။ လိပ်ချောင်းကျေးရွာတဲ့။ ဘကကျောင်းကလေးရှိတာက ရွာသစ်ကျေးရွာ။ အစက တဲသာသာကျောင်းကလေးဖြစ်သော်လည်း စင်ကာပူအခြေစိုက် Fire Fly mission ၏ နာဂစ်အပြီး လှုပ်ရှားမှုများကြောင့် မတ် ၇ ရက်တွင် အပြီးသတ်ခဲ့သော ဘကကျောင်းကလေးက ကျောင်းနှင့် တူတူတန်တန် ဖြစ်သွားခဲ့ပါပြီ။ သို့သော် ပြဿနာက ဆရာ၊ ဆရာမ။

"တံတားမပြီးခင်က ကူးတို့လေလံက ထောက်ပံ့တာလေးရှိတော့ အဆင်ပြေတယ်။ တံတားပြီးတော့ ခက်ကရော" လှိုင်းဘုန်းကူးတို့လေလံက ဆယ်သိန်းပေါက်ခဲ့ပါသည်။ ထိုငွေကို ဒေသဖွံ့ဖြိုးရေးသုံးဖို့ လုပ်ကြရသည်။ ရွာသစ်ဘက ကျောင်းကလေးသို့ သုံးသိန်းခွဲပေးပါသည်။ ထိုငွေဖြင့် ဆရာ၊ ဆရာမနှစ်ယောက်ကိုလခပေးခြင်းဖြစ်ပါသည်။ တစ်နှစ်ကို လခတစ်သိန်း နောက်တော့ နှစ်သိန်း။

"ဆရာမကလေးတွေကလည်းတစ်လမှနှစ်သောင်းတောင် မရချင်ဘူးဆိုတော့ ကာကြာတော့ဘယ်ခံနိုင်ကြပါမလဲ။ တစ်လရှစ်သောင်း၊ ကိုးသောင်းရတဲ့ ရန်ကုန်အထည်ချုပ်စက်ရုံတွေဆီ ပြောင်းသွားကြပေါ့။ သည်ကြားထဲ ကူးတို့ကလေလံဆွဲသူမရှိတော့ပြန်ဘူး"

ကျွန်တော်က နန်းတော်ရှေ့ ဆရာတင်၏ "စစ်ကိုင်းတံတား" သီချင်းကိုသွားပြီး သတိရနေမိပြန်ပါသည်။ "အခုများတစ်လီ၊ ဗမာလူမျိုးတွေအလုပ်မရှိတော့၊

> ကျွန်တော်က နန်းတော်ရှေ့ ဆရာတင်၏ "စစ်ကိုင်းတံတား" သီချင်းကိုသွားပြီး သတိရနေမိပြန်ပါသည်။ "အခုများတစ်လီ၊ ဗမာလူမျိုးတွေ အလုပ်မရှိတော့၊ တံတားကြီးကိုကြည့်တော့ငိုမိသည်၊ ငိုမိပါပြီ" ဆိုသလို လှိုင်းဘုန်းတံတားပေါ်ကနေ လူတွေဆိုင်ကယ်တွေဖြတ်ကူးနိုင်ကြပြီ ဆိုတော့ကူးတို့လှေစီးသူတွေ မရှိကြတော့။ ထိုအခါကူးတို့ လေလံဆွဲသူလည်း မရှိတော့။ သို့ဖြင့်ကူးတို့လေလံရငွေထဲကနေ ဘကကျောင်းကလေးလည်း ခွဲတမ်းမရတော့။ထိုအခါ ဆရာ၊ ဆရာမတွေကိုလည်း လစာပေးရန်မဖြစ်နိုင်တော့။ဒါဆိုကျောင်းကိုပိတ်ပစ်မှာလား။ ဘယ်လို ဆက်လုပ်မှာလဲ အဖြေကိုရှာတွေ့ကြသေးဟန်မတူ. . . .

တံတားကြီးကို ကြည့်တော့ငိုမိသည်၊ ငိုမိပါပြီ" ဆိုသလို လှိုင်းဘုန်းတံတားပေါ်ကနေ လူတွေ ဆိုင်ကယ်တွေဖြတ်ကူးနိုင်ကြပြီ ဆိုတော့ကူးတို့လှေစီးသူတွေ မရှိကြတော့။ ထိုအခါကူးတို့ လေလံဆွဲသူလည်း မရှိတော့။ သို့ဖြင့် ကူးတို့လေလံရငွေထဲကနေ ဘကကျောင်းကလေးလည်း ခွဲတမ်းမရတော့။ ထိုအခါ ဆရာ၊ ဆရာမတွေကိုလည်း လစာပေးရန်မဖြစ်နိုင်တော့။ ဒါဆိုကျောင်းကို ပိတ်ပစ်မှာလား။ ဘယ်လို ဆက်လုပ်မှာလဲ အဖြေကို ရှာတွေ့ကြသေးဟန်မတူ။

"ကမ္ဘာကြီးရဲ့ လူသားတွေကို ပိုမိုတောက်ပတိုးတက်အောင် အလင်းရောင်တွေ အတူပေးကြစို့"တဲ့။

Together We Light up the world တဲ့။

အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသည်။ Fire Fly mission(Singapore)၏ ဆောင်ပုဒ်ကိုကျွန်တော်ငေးကြည့်မိပါသည်။ သည်ကျောင်းကလေးမှ ပိတ်သွားလျှင်ဖြင့် သည်နားဝန်းကျင်က ကလေးတွေ ထမင်းချက်ကလေးထိန်းငါးနှိုက်ဖားနှိုက်။

(သုံး)

လှိုင်းဘုန်းဒေသက စပါးနှင့်ခနိအဓိက ထွက်ရှိရာဒေသဖြစ်ပါသည်။ ပင်လယ်နှင့်နီးသော အရပ်မို့ ချောင်းထဲမှာ တပ်မတော်(ရေ)က ရေယာဉ်တစ်စင်းအဆင်သင့်ရပ်ထားသည်။ ရဲစခန်းလည်းရှိ၊ ဆက်သွယ်ရေးစခန်းလည်းရှိ၊ အ. ထ. ကလည်းရှိသည့်အပြင် နာဂစ်အလွန်ဆေးရုံကလည်းအပိုစားဖြစ်ပါသည်။ ကုတင်၁၆လုံးဆံ့ဟု ဆိုသော်လည်းလေမုန်တိုင်းဒဏ်၊ ငလျင်ဒဏ်ခံဆောက်ထားသည်မို့တောင့်တောင့်တင်းတင်း။ ခွဲစိတ်ခန်း၊မွေးခန်း၊ မီးစက်ခန်း၊ ပြည့်ပြည့်စုံစုံ။ ဆရာဝန်အိမ်ကသပ်သပ်ရပ်ရပ်။

စင်္ကာပူနိုင်ငံကြက်ခြေနီအသင်း၏ အလှူတဲ့။ ကျပ်သိန်း၆၀၀၀ ဝန်းကျင်ကုန်ထားသည့်ဆေးရုံ။ ဆောက်လုပ်ပြီးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနသို့ မလွှဲအပ်ရသေး။ ထို့ကြောင့် ဘာဝန်ထမ်းမှမရှိသေး။ ဟောင်းလောင်း။

နာဂစ် (၂၀၀၈)အပြီးတွင် လယ်ယာမြေတို့ရေငန်ဝင်၍ပျက်စီးသွားခဲ့ကာ စိုက်ပျိုးလို့ တော်တော်နှင့်မရ။ ရပြန်တော့စပါးဈေးမကောင်းနှင့်မို့စီးပွားရေးအုံဆိုင်းထုံထိုင်းသွားခဲ့ရသော လှိုင်းဘုန်းသည် ယခုတော့ နာလန်ထူဖို့ကြိုးစားနေပုံရပါသည်။

"နာဂစ်ပြီးစကတော့ လူကြီးတွေ ခဏခဏလာပေါ့။ ရဟတ်ယာဉ်ဆင်းဖို့တောင့် သုံးကွင်းဖောက်ထားတဲ့ ဥစ္စာ။အင်းအခုတော့"ဒေသခံ၏ အင်းအခုတော့ နောက်မှာကျွန်တော်လည်း သူ့လိုပဲ အရှည်ကြီး လျှောက်တွေးနေမိပါသည်။ စင်ကာပူကဆောက်ပေးခဲ့ သည့် လှိုင်းဘုန်းတစ်ဖက်ကမ်းက ကျောင်းကလေး။ ယခုနှစ်ကျောင်းဖွင့် ရက်အမီ ဆရာ၊ ဆရာမခေါ်ယူနိုင်ဖို့ ငွေမြန်မြန်ဝင်လာနိုင်ပါစေ။ စင်ကာပူက ဆောက်ပေးခဲ့သည့် ဆေးရုံကလေးလည်း ဆရာ၊ ဆရာမ ဆေးဝါးပစ္စည်း ပြည့်ပြည့်စုံစုံဖြင့် မြန်မြန်ဖွင့်လှစ် လည်ပတ် နိုင်ပါစေ ဟူ၍သာ။

# Business

7DAY NEWS JOURNAL

Vol.12, No.8 • MAY 2 , 2013




စက်ရုံတစ်ရုံမှ ဝန်ထမ်းများ လုပ်ငန်းခွင်သို့ဝင်ရောက်နေသည်ကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စက်မှုဇုန်အခြေခံလုပ်သားများအား အသေးစားချေးငွေထုတ်ချေးမည်

ပြည်သိမ်း

ရန်ကုန်၊ မေ-၂၁

စက်မှုဇုန်အသီးသီးမှ အခြေခံအလုပ်သမားများအားအသေးစားချေးငွေများ ထုတ်ချေးပေးရန် စီစဉ်နေကြောင်း သမဝါယမပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

အလုပ်သမားများအား အသေးစားချေးငွေများထုတ်ချေးပေးရာတွင် လတ်တလောအဆင်ပြေရေးသာမက လေး၊ ငါးနှစ်အတွင်းမိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန်အထိ ရည်ရွယ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"အပြင်မှာ နေ့ပြန်တိုးနဲ့ချေးရင် အတိုးကမနည်းဘူးပေးရတယ်။ သမကချေးငွေကတော့ ဝန်ဆောင်စရိတ်နှစ်ကျပ်ခွဲပဲယူတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆိုသည်။

အသေးစားချေးငွေများထုတ်ပေးရာတွင် ငါးဦးတစ်ဖွဲ့ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးမည်ဖြစ်ပြီး စည်းကမ်းချက်သုံးရပ်နှင့် ကိုက်ညီရန်လိုအပ်ကြောင်း သိရသည်။

ချေးငွေရယူသူမှာ အလောင်းအစားအပါအဝင် အလွဲသုံးစားပြုမှုမျိုး မပြုလုပ်ရန်၊ ရရှိသည့်ချေးငွေကို ဒုတိယဝင်ငွေရလုပ်ငန်းများထူထောင်နိုင်ရန်နှင့် ချေးယူသည့်ငွေကြေးပမာဏနှင့် ဝန်ဆောင်မှုစရိတ်အတိုးကို သတ်မှတ်ချိန်တွင် ပြန်ပေးဆပ်ရမည် ဖြစ်သည်။

"ငွေကြေးပမာဏ ကျပ်တစ်သိန်းလောက်ဖြစ်မယ်။ ချေးငွေပေးမယ့်အချိန်ကာလကတော့မညှိရသေးဘူး" ဟုမြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးက ပြောသည်။

အလုပ်သမားများအနေဖြင့် ချေးငွေရယူရာတွင် ဝိုင်းကြီးချုပ်စနစ်ဖြစ်သည့်အတွက် အခက်အခဲရှိကြောင်း လှိုင်သာယာစက်မှုဇုန်မှ အထည်ချုပ်ဝန်ထမ်းတစ်ဦးက ပြောသည်။ ချေးယူထားသည့်ငွေကိုတစ်ဦးတစ်ယောက်က ပြန်လည်မပေးဆပ်ပါက ကျန်လူများ က ပေးရမည်ဆိုသည်မှာ အလုပ်သမားများအတွက် မလွယ်ကူပေ။ စက်မှုဇုန်များမှ အလုပ်သမားများမှာ ဒေသအသီးသီးမှ စုပေါင်းလာရောက်လုပ်ကိုင်နေသူများဖြစ်သည့်အတွက် အာမခံရန်ခက်ခဲ ကြောင်း စက်မှုဇုန်ဝန်ထမ်းတစ် ဦးက ပြောသည်။

လက်ရှိတွင် သမဝါယမဝန်ကြီး ဌာနမှရရှိသည့် ငွေကြေးပမာဏစုစုပေါင်းပေါ် မူတည်ပြီး မိသားစုတစ်စုလျှင် ကျပ်ငါးသိန်းထိ ထုတ်ချေးပေးရန် မျှော်လင့်ထားကြောင်း ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက လှိုင်သာယာကနောင်ခန်းမတွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၈၉ | ၈၉၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၈၉ | ၈၉၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၁၃ | ၇၂၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၄၈ | ၁၁၆၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၅ | ၂၈. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၆ | ၁၃၇ | ကျပ် |

၂၀၁၃ မေ ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၅၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၇၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၀၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၆၄၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၃၇၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၀. ၅၈ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၁၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၂၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၃၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၂၈ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၇၈၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၆၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၂၈၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၄၆၂. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၈၀ |
| ငွေ | ၁ အောင်စ | ၂၄. ၀၀ |
| ကြေးနီ | ပေါင် | ၃၁၇. ၆၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ ၂၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.8 · MAY 2 , 2013

# စင်ကာပူအခြေစိုက် JWT နှင့် ပြည်တွင်း Mango ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည်

**နေလင်းထွန်း**
**ရန်ကုန်၊ မေ ၂၃**

ပြည်တွင်းရှိ ကြော်ငြာအေဂျင်စီ တစ်ခုဖြစ်သော Mango Marketing Services ကုမ္ပဏီသည် စင်ကာပူနိုင်ငံ အခြေစိုက် JWT Asia Pacific နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို မေ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

အထက်ပါသဘောတူညီချက်သည် မြန်မာဈေးကွက်တွင် နိုင်ငံတကာ ကြော်ငြာကွန်ရက်တစ်ခု စတင်ဝင်ရောက်လာမှုကို ပြသလိုက်ခြင်းဖြစ်သည်။

"စီးပွားရေး ဖြေလျှော့မှုတွေ စတင်ခဲ့တဲ့ အချိန်ကစပြီး ကျွန်တော်တို့ရဲ့ ဖောက်သည်တွေအကြား မြန်မာနိုင်ငံကို စိတ်ဝင်စားမှု အလွန်အမင်း မြင့်တက်နေခဲ့ပါတယ်။ အာရှမှာလုပ်ငန်းလည်ပတ်နေတဲ့ ထိပ်တန်းကုမ္ပဏီတွေက ဒီနိုင်ငံကို လေ့လာစောင့်ကြည့်နေကြပါတယ်။ ဒီသဘောတူညီမှုက ကျွန်တော်တို့ ဖောက်သည်ကုမ္ပဏီတွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေ ဒီကြီးထွားလာမယ့် ဈေးကွက်မှာ ဖွံ့ဖြိုးလာအောင် ကူညီဖို့ စိတ်ပိုင်းဖြတ်ထားမှုကို ပြသလိုက်တာပါ"ဟု JWT Asia Pacific ၏ ဥက္ကဋ္ဌ မစ္စတာ Michael Maedel က ပြောသည်။

နိုင်ငံတကာ ကြော်ငြာအေဂျင်စီနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းက နိုင်ငံတကာကြော်ငြာလုပ်ငန်းနှင့် နည်းပညာများကို မြန်မာနိုင်ငံမှ ထိတွေ့နီးစပ်ရန် အခွင့်အလမ်းရရှိမည် ဖြစ်သည်။

Mango Marketing Services ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်လင်းလင်းတင်ထွန်းက "ပြည်တွင်းနဲ့နိုင်ငံတကာ အလုပ်ရှင်ကုမ္ပဏီတွေရဲ့ လိုအပ်ချက်တွေနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ပေါင်းစည်းခဲ့တာပါ။ ကျွန်မတို့ရဲ့ ပြည်တွင်းဈေးကွက်အပေါ် အာရုံစူးစိုက်နိုင်မှုကို JWT က နိုင်ငံတကာ စိတ်ကူးစိတ်သန်းနဲ့ အလေ့အထကောင်းတွေကိုဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"က မေ ၂၃ ရက်တွင် ပြောကြားသည်။



ဓာတ်ပုံ - Mango

Mango Marketing Services ကုမ္ပဏီသည် ကြော်ငြာအေဂျင်စီတစ်ခုအဖြစ် ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်၍ လုပ်ငန်းခွဲအဖြစ် Mango Media လီမိတက်ကို တည်ထောင်ထားသည်။

JWTသည် ကမ္ဘာတွင် ထင်ရှားသော ဈေးကွက်ရှာဖွေဆက်ဆံရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး နယူးယောက်မြို့တွင် ရုံးချုပ်တည်ရှိ၍ အာရှပစိဖိတ်ဒေသဆိုင်ရာရုံးချုပ်ကို စင်ကာပူနိုင်ငံ၌ ၁၉၂၉ ၌ စတင်ဖွင့်လှစ်ထားသည်။




# တက္ကစီ အရစ်ကျဝယ်ယူထားသူများဈေးနှုန်းပြန်လည် သတ်မှတ်ပေးရန် ကုမ္ပဏီထံတောင်းဆို

**အေကေသော်၊ ဝေမာသိမ့်**
**ရန်ကုန်၊ မေ - ၂၇**

Beat Auto ကားအရောင်းပြခန်းမှ အရစ်ကျစနစ်ဖြင့် AAတက္ကစီ ဝယ်ယူထားသူ အချို့က ၎င်းတို့ဝယ်ယူထားသော ကားများအတွက် သင့်တော်သည့်ဈေးနှုန်း သတ်မှတ်ပေးရန်အဆိုပါ ကားကုမ္ပဏီထံတောင်းဆိုလိုက်သည်။

အဆိုပါကုမ္ပဏီနှင့် အရစ်ကျဝယ်ယူထားရှိသူများအကြား ချုပ်ဆိုခဲ့သော စာချုပ်တွင်"ဈေးနှုန်း အပြောင်းအလဲရှိနိုင်ပါသည်"ဆိုသည့်အချက်ပါဝင်သောကြောင့် ထိုသို့ တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း အရစ်ကျဝယ်ယူထားသူများ က ပြောသည်။

"ကျွန်တော်တို့အခု သွင်းရမယ့် ငွေက ပြင်ပပေါက်ဈေးထက်စာရင် အရမ်းများနေတယ်။ လုံးဝတရားမျှတမှုမရှိဘူး။ ဒါကြောင့် ကားဈေးနှုန်းအတိအကျကို သတ်မှတ်ပေးစေချင်တယ်"ဟု ယင်းကုမ္ပဏီမှ အရစ်ကျစနစ်ဖြင့် ကားဝယ်ခဲ့သူ ဦးအောင်ချမ်းသာက ပြောသည်။

အရစ်ကျစနစ်ဖြင့် ကားဝယ်ယူသူများမှာ Probox တစ်စီးလျှင် ကနဦးငွေ ကျပ်၃၅သိန်းနှင့်နေ့စဉ်ကြေးကျပ်၁၂,၀၀၀ကိုသုံးနှစ်သွင်းလျှင် ကားပိုင်ဆိုင်ခွင့်ရမည်ဆိုသောကြောင့် ဝယ်ခဲ့ခြင်းဖြစ်ကြောင်းအရစ်ကျစနစ်ဖြင့် ကားဝယ်ယူထားသူများ က ပြောသည်။

ယင်းကုမ္ပဏီမှအရစ်ကျစနစ်ဖြင့် ကားဝယ်ယူခဲ့သူဦးသန်းထိုက်ဦးကလည်း" ကျွန်တော် ဝယ်ထားတာက Belta ။ ကနဦး ကျပ်သိန်း ၄၀ သွင်းပြီး နေ့စဉ်ကြေး ကျပ် ၁၃,၀၀၀ နဲ့ သုံးနှစ်သွင်းရင်ရပြီလို့ သိထားတာ။ ပြီးမှ စာချုပ်မှာ ဒုတိယအရစ်ကျပ်၃၅သိန်းသွင်းရမယ်ဆိုတာပါတာ။ ကိုယ်အရင်သွင်းထားတာမဆုံးချင်တော့လက်မှတ်ထိုးခဲ့ရတယ်"ဟု ပြောသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူထားရှိသူများတွင် ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားမှုရင်းမရဘဲ မိတ္တူအချို့သာရှိကြောင်း ယင်းတို့၏ ပြောကြားချက်အရ သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ Beat Auto ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်မင်းလှိုင်က"ကျွန်တော်တို့အနေနဲ့ဈေးနှုန်းကို သတ်မှတ်ပေးလို့ မရဘူး။ အခြားညှိနှိုင်းစရာရှိရင် ကျွန်တော်တို့နဲ့တွေ့ပြီး ညှိနှိုင်းလို့ရပါတယ်။ ကျွန်တော်တို့ဘက်က နစ်နာတယ်ဆိုရင် ကျွန်တော်တို့က တရားစွဲမှာပဲ။ သူတို့ဘက်က နစ်နာတယ်ထင်ရင်လည်း တရားစွဲလို့ရပါတယ်" ဟု ပြောသည်။

ဦးအောင်ချမ်းသာ က "ကျွန်တော်တို့သွင်းရမယ့်ငွေကတအားများနေလို့ မျှတတဲ့ဈေးနှုန်းဖြစ်ဖို့ တောင်းဆိုတာပါ။ ဒါကို မလိုက်လျောရင်တော့ကျွန်တော်တို့လည်း ဥပဒေလမ်းကြောင်းအရပဲ လုပ်သွားဖို့ရှိတော့တယ်"ဟုပြောသည်။

အဆိုပါ Beat Auto ကုမ္ပဏီမှ AAတက္ကစီများကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လဆန်းမှစ၍ အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ကြောင်း၊ တက္ကစီအစီးရေ ၂၀၀ကျော်ခန့် ရောင်းချပြီးဖြစ်ကြောင်း ဦးဇော်မင်းလှိုင်ကပြောသည်။ထိုအထဲမှ အစီးရေ ၂၀မှ ၃၀အတွင်းရှိ ပိုင်ရှင်များနှင့် ကုမ္ပဏီမှာ ဈေးနှုန်းသတ်မှတ်ချက်အတွက် အဆင်မပြေသေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရွေ့လျားစစ်ဆေးရေးအဖွဲ့အား ရှောင်ရှားရန် ကုန်ကားအများစု လမ်းရှောင်မောင်း

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ မေ - ၂၇**

မြဝတီလမ်းကြောင်းမှ ပြည်တွင်းသို့ဝင်ရောက်သောကုန်တင်ယာဉ်အများစုမှာ မိုဘိုင်း ရွေ့လျားစစ်ဆေးရေးအဖွဲ့ (Mobile Team)၏ စစ်ဆေးမှုကို ရှောင်ကွင်းရန် ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်ခြင်း မရှိတော့ဘဲ ဇုန်ပတ်လမ်းမှ မှောင်ခိုပုံစံဖြင့် သွားလာမှုများ လာကြောင်း မြဝတီမြို့ ကုန်သည်များထံမှ သတင်းရရှိသည်။

ကုန်သွယ်ရေးဇုန်မှ စစ်ဆေးမှု ခံယူပြီး တရားဝင် ဂျူတီစာရွက်ဖြင့် ဝင်ရောက်လာပါက မိုဘိုင်းစစ်ဆေးသည့် နေရာသို့ ရောက်ရှိလျှင် ဂျူတီမှားသည်ဟုဆိုကာ ပစ္စည်းသိမ်းယူခြင်းနှင့် အချိန်ကြာမြင့်စွာ စစ်ဆေးမှုပြုခြင်းတို့ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရသဖြင့် ယခုကဲ့သို့ ဂျူတီမဆောင်ဘဲ သွားသည့်ကားများ ပြန်များလာခြင်းဖြစ်ကြောင်း မြဝတီရှိ ကုန်သည်များက ပြောသည်။

"ကားတစ်စီးစစ်ရင် သုံးရက်လောက်ကြာတယ်။ တရားဝင် ဂျူတီနဲ့လာတာလို့ပြောလည်းမရဘူး။ မိုဘိုင်းက ရစ်သလို ဖြစ်နေတော့ ကုန်သည်အများစုက တရားဝင်မသွားတော့ဘူး"ဟုမြဝတီမှရန်ကုန်သို့ပြေးဆွဲနေသော ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ထို့ကြောင့် ကုန်သွယ်ရေးဇုန်မှ ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက်မှာ ထက်ဝက်နီးပါးလျော့နည်းသွားကြောင်း မြဝတီရှိကုန်သည်များနှင့် ကုန်တင်ယာဉ်ပိုင်ရှင်များက ပြောသည်။

7DAY NEWS JOURNAL
Vol.12, No.8 • MAY 2



Leader's Profile

# ပါရာဂွေးသမ္မတ ဟိုရာစီယိုကားတက်စ်

ရဲမင်း

ဟိုရာစီယိုမယ်နျူရယ် ကားတက်စ်သည် ပါရာဂွေးစီးပွားရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ် ဧပြီလ ရွေးကောက်ပွဲတွင် သမ္မတအဖြစ် အရွေးချယ်ခံရသည်။ ကိုလိုရာဒိုပါတီဝင်တစ်ဦးဖြစ်ပြီး ရှေ့လာမည့် ဩဂုတ်လ ၁၅ ရက်တွင် ပါရာဂွေးနိုင်ငံ သမ္မတရာထူးရယူသွားမည်ဖြစ်သည်။

မစ္စတာကားတက်စ်သည် ကားတက်စ်ကုမ္ပဏီအုပ်စုမှ စီးပွားရေးလုပ်ငန်းပေါင်း နှစ်ဒါဇင်ခန့် ပိုင်ဆိုင်သည်။ ယင်းစီးပွားရေးလုပ်ငန်းများတွင် ဆေးလိပ်ကုမ္ပဏီ၊ အချိုရည်နှင့် အသားထုတ်လုပ်ရေးလုပ်ငန်းများလည်း ပါဝင်သည်။ ထို့အပြင် မစ္စတာကားတက်စ်သည် Liberated ဘောလုံးအသင်း၏ ဥက္ကဋ္ဌအဖြစ်လည်း ၂၀၀၁ ခုနှစ်မှစ၍ တာဝန်ယူခဲ့သည်။

ကားတက်စ်ကို ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် အဆွန်စီယွန်မြို့၌ မွေးဖွားခဲ့သည်။ ကားတက်စ်၏ ဖခင်မှ Cessna လေယာဉ်ထုတ်လုပ်သောကုမ္ပဏီခွဲကို ပိုင်ဆိုင်ပြီး ကားတက်စ်ကလည်း အမေရိကန်နိုင်ငံသို့ သွားရောက်၍ လေကြောင်းအင်ဂျင်နီယာဘာသာရပ်သင်ယူခဲ့သည်။ အသက် ၁၉နှစ်အရွယ်မှာပင် ငွေကြေးလဲလှယ်ရေး စီးပွားရေး စတင်လုပ်ကိုင်ခဲ့ပြီး ယင်းလုပ်ငန်းမှာနောက်ပိုင်းတွင် ဘဏ်တစ်ခုအဖြစ် ကြီးထွားခဲ့သည်။

မစ္စတာ ကားတက်စ်သည် ၁၉၈၉ ခုနှစ်တွင် ငွေကြေးလိမ်လည်မှုဖြင့် တရားစွဲခံရပြီး ထောင်ခုနစ်လချမှတ်ခံခဲ့ရသည်။ နောက်ပိုင်းတွင်မူ အပြစ်မရှိကြောင်း အခြားတရားရုံးတစ်ရုံးက ဆုံးဖြတ်ခဲ့သည်။

၂၀၀၀ပြည့်နှစ်တွင်လည်းဎင်း၏ နေအိမ်ခြံဝင်းအတွင်း ကိုကင်းနှင့် ဆေးခြောက်များ သယ်ဆောင်လာသော လေယာဉ်တစ်စီးကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။ သို့သော် ယင်းကိစ္စကို ဖြေရှင်းရာတွင် မစ္စတာကားတက်စ်ကယင်းလေယာဉ်မှာ သူ၏ ခြံဝင်းအတွင်း အရေးပေါ်ဆင်းသက်ခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ပါဝင်ပတ်သက်ခြင်းမရှိသလို မူးယစ်ဆေးသုံးခြင်း တရားဝင်ခွင့်ပြုရန် ကိစ္စကိုလည်း ဆန့်ကျင်ကြောင်း ပြောသည်။ မစ္စတာကားတက်စ်မှာ ငွေကြေး ခဝါချမှုကိစ္စကြောင့်လည်း စုံစမ်းစစ်ဆေးခံခဲ့ရသည်ဟု ၂၀၁၀ ခုနှစ်တွင် ဝီကီလိခ် ဝက်ဘ်ဆိုက်ကြေးနန်းများတွင် ဖော်ပြထားသည်။

မစ္စတာ ကားတက်စ်သည် ၂၀၀၈ ခုနှစ်အထိ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ မဲဆန္ဒရှင်အဖြစ်ပင် မှတ်ပုံမတင်ခဲ့ပေ။ ၂၀၀၉ ခုနှစ်တွင် ဗဟိုနှင့် လက်ယာယိမ်းကိုလိုရာဒိုပါတီသို့ ဝင်ရောက်ခဲ့ပြီး လက်တင်အမေရိကတိုက် နိုင်ငံရေးအား လက်ဝဲဘက်ယိမ်းစေချင်သည်ဟု ပြောကြားသည်။ မစ္စတာ ကားတက်စ်မှာ သွက်လက်ထက်မြက်သော နိုင်ငံရေးသမားအဖြစ် နာမည်ရလာပြီး စစ်အာဏာရှင်စနစ်ကို ထောက်ခံခဲ့သောပါတီ၏နောက်ခံသမိုင်းကို စိတ်အနှောင့်အယှက်မဖြစ်သောလူငယ်များကို ကိုယ်စားပြုသူအဖြစ် ရှုမြင်ခံရသည်။

၂၀၁၃ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင်လည်း မစ္စတာကားတက်စ်ကပုဂ္ဂလိကငွေအရင်းအနှီးများ တိုးတက်စေရန် လုပ်ဆောင်ပေးမည်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်မည်။ အစိုးရပိုင်လုပ်ငန်းများ ခေတ်မီစေရန် ပြုပြင်မည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် လုပ်ဆောင်မည်။ အလုပ်အကိုင်များ ဖန်တီးပေးမည်ဟူသော ကတိကဝတ်များကြောင့် ထောက်ခံမှုများ ရရှိပြီး မဲဆန္ဒ ၄၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

—*Ref: Wikipedia*



7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

## 7DAY BOOK REVIEW

### သခင်မြသန်း ဘဝအတွေ့အကြုံ




သခင်မြသန်း၏ ဘဝအတွေ့ အကြုံဆိုသော စာအုပ်ထွက်ရှိလာသည်။ ဘာသာပြန်စာအုပ်များနှင့်ပင်ကိုရေးဝတ္ထုများကို ရေးသားခဲ့သော စာရေးဆရာသခင်မြသန်း၏ လက်ရာကို စာဖတ်ဝါသနာရှင့်သန်သူတိုင်းက ကြိုက်နှစ်သက်ခဲ့ကြသည်။ "မမိုးစွေ"၊ "မိုးနတ်မောင်လား လူကြောင်လား" စသောရသဝတ္ထုများကို ရေးသားခဲ့သလို ကျွန်းဒဏ်ကျခံရစဉ်က အတွေ့အကြုံများကိုစံရာတောင်ကျွန်းအမည်ဖြင့် ကိုယ်တွေ့မှတ်တမ်း ရေးသားခဲ့သည်။

ယခုဤစာအုပ်တွင်စာရေးဆရာသခင်မြသန်းက ဘဝတွင် တွေ့ဆုံခဲ့သမျှ အတွေ့အကြုံအဖုံဖုံကို ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်ရာ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုကာလ၊ လွတ်လပ်ပြီးကာလတို့၏ ခေတ်ပြိုင်မြင်ကွင်းများကိုသိရှိမှတ်သားနိုင်မည်ဖြစ် သည်။

"တိုင်းပြည်ပျက်ချိန်က မန္တလေးထောင်ထဲ၌ ကျွန်တော်တို့ ကိုယ်တိုင်ရေစက်ကြီးလှည့်ခဲ့ရသည်ဖြစ်သောကြောင့် ၎င်းမှာ လူတွေကိုညှဉ်းဆဲသည့်လူမဆန်သည့်စနစ်ဖြစ်ကြောင်း ကျွန်တော် သိခဲ့၏။ ထို့အပြင် ဆန်ရုံ၌ကြိတ်ထိုးခဲ့ရခြင်းသည်လည်း ပင်ပန်းစွာလုပ်ရသည့်အလုပ်ကို ခိုင်းစေရန်တမင်တကာတီထွင်ထားသောညှဉ်းဆဲမှုပင်ဖြစ်လေသည်။ အပြစ်ရှိသူများဖြစ်စေကာမူလည်းဒဏ်ခတ်သည့်သဘောနှင့် ညှဉ်းဆဲခြင်းထက်စိတ်ဓာတ်ကို ပြုပြင်ပြီး ၎င်းတို့လုပ်အားကို အကျိုးရှိစွာအသုံးချခြင်းသာလျှင် ဖြစ်သင့်သည်ဟုကျွန်တော်ယူဆခဲ့ပေသည်"ဟု ထောင်အတွေ့အကြုံကို စာအုပ်တစ်နေရာတွင် ဖော်ပြထားရာ စာဖတ်ရင်း နိုင်ငံရေးသမားအဆက်ဆက်တို့၏ ဆင်းရဲဒုက္ခကို ကြံ့ဆသိရှိနိုင်မည်ဖြစ်သည်။ စာအုပ်ကို ပြုံးစာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

### သခင်ဖေငွေး၏ သခင်ဖေငွေး




ဤစာအုပ်သည် "မြန်မာပြည်နိုင်ငံရေးလောကနယ်ပယ်တွင် ထင်ပေါ်ကျော်ကြားဆုံး၊ ထောင်သက်အရှည်ဆုံး၊ အနစ်နာ အခံဆုံး၊ အမွဲဆုံးဖြစ်သော သံမဏိရဲနီကြီး"ဟု လုပ်ဖော်ကိုင်ဖက်အချင်းချင်းက ဂုဏ်ယူအသိအမှတ်ပြုရသော သခင်ဖေငွေး၏ နိုင်ငံရေးဘဝကို မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်သည်။

"အမှုမစစ်မီ ရုံးပြာတာက အမှုခေါ်ချိန်တွင် "ဖေငွေး. . . ဖေငွေး"ဟု "သခင်"ဆိုသောစကားကို ထည့်မခေါ်သဖြင့် ထူးလည်း မထူး။ သွားလည်း မသွားဘဲ တရားသူကြီးရုံးအပြင်ဘက် လက်ဖက်ရည်ဆိုင်တွင် တမင်တကာပေကပ်ပြီး ထိုင်နေခဲ့ပါသည်။

ပုလိပ်အစောင့်များနှင့် အမှုသည်လိုက်ခေါ်သော ပြာတာက ကျွန်တော်၏ ရှေ့မှာလာရပ်ပြီး "အမှုခေါ်နေပြီဗျ. . ခင်ဗျားနာမည်ခေါ်နေပြီ"ဟု ဆိုလာသည်။

"ဘာလဲ. . . ဖေငွေးဆိုတာ ကျုပ်နာမည်မဟုတ်ဘူး။ ကျုပ်နာမည်က သခင်ဖေငွေးဖြစ်တယ်။ သခင်ဆိုတဲ့စကားလုံးမပါဘဲဖေငွေးလို့ခေါ်ရင်ဘယ်ကောင်ခေါ်ခေါ် လက်မခံဘူး"

ထိုစာအုပ်မှ လွတ်လပ်ရေး ကြိုးပမ်းသူ သခင်များ၏ ရဲရဲတောက်စိတ်ဓာတ်များ၊ ခက်ထန် ကြမ်းထမ်းသောဘဝများနှင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ပုံများကိုဖတ်ရှုရမည်ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုခေတ်နှင့်လွတ်လပ်ရေးခေတ်ဦး၏မြန်မာ့နိုင်ငံရေးမြင်ကွင်းများ၊ နိုင်ငံရေးသမားတို့၏ မတူညီသော အတွေးအခေါ် အယူအဆများကို သိရှိနိုင်မည်ဖြစ်သည်။

စာအုပ်ကို စိတ်ကူးချိုချိုစာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

## Knowledge ဗဟုသုတ

### မိုခါးကော်ဖီဆိုတဲ့ အခေါ်အဝေါ် ဘယ်ကလာသလဲ

မိုခါးကော်ဖီဟု အလွယ်ခေါ်နေသော ကော်ဖီများသည် အထောက်အထား အခိုင်အမာမရှိသော်လည်း အီတလီမှ တူရင်မြို့ရှိတူရင်ကော်ဖီဘီစာရင်၏ ဖျော်စပ်ပုံကို နည်းယူထားကြောင်း ဆိုကြသည်။ ပုံမှန်အားဖြင့် ထိုကော်ဖီကို အက်စ်ပရက်ဆို ကော်ဖီမှုန့်၊ နွားနို့ပူပူ၊ ချောကလက်ရည်တို့ဖြင့် ဖျော်စပ်သည်။ မိုခါးကော်ဖီ၏အမည်မှာ ယီမင်နိုင်ငံရှိပင်လယ်နီကမ်းရိုးတန်းမြို့ မိုခါးမှလာခြင်းဖြစ်သည်။ ထိုနေရာသည် ၁၅ ရာစုက အာရေဗျကျွန်းဆွယ်တစ်ဝိုက်သို့ ကော်ဖီတင်ပို့ရာနေရာလည်း ဖြစ်သည်။

မိုခါးဟူသောအမည်မှာ ကော်ဖီစေ့များကိုလည်း ရည်ညွှန်းနိုင်သည်။ ကော်ဖီယာ အာရာဘီကာ Coffea Arabica ဟုခေါ်သော ကော်ဖီစေ့မျိုးကွဲဖြစ်သည်။ ချောကလက်ကဲ့သို့သော အရသာရှိသည်။ ယနေ့အခါတွင်မူ ကော်ဖီမိုခါးဆိုသည်မှာ ချောကလက်နှင့် ရောစပ်ဖျော်ထားသော ကော်ဖီ (သို့မဟုတ်) မိုခါးကော်ဖီစေ့များနှင့် ဖျော်စပ်ထားသော ကော်ဖီဟု ညွှန်းဆိုပြောနိုင်နေပြီဖြစ်သည်။

—Ref: Wikipedia




**ARIES** — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အကြံအစည်သစ်များကို လက်တွေ့အကောင်အထည်ဖော်၍ တိုးတက်မည်။ လုပ်လိုသည့် ဆန္ဒမရှိသော ကိစ္စများကို တာဝန်ယူဆောင်ရွက်ရခြင်း ကြုံမည်။ လက်လွှန်ပြန့်ကြဲနေသော ငွေကြေးများလက်ဝယ်ပြန်လည်ရရှိမည်။ လုံးဝမလုပ်တော့ဟု ဆုံးဖြတ်ထားသော ကိစ္စများ အခြေအနေ အရပ်ရပ်ကြောင့် လုပ်နေရမည်။ အိမ်တွင်းရေး အညံ့ရှိသည်။ ရင်းနှီးသူများနှင့် စကားများရမည်။

**TAURUS** — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စုပေါင်းလုပ်သော အလုပ်စီးပွားများတွင် အလိုရှိသလောက် အဆင်ပြေခြင်း၊ တိုးတက်ခြင်းများ ရှိမည်။ မိတ်ကောင်း ဆွေကောင်းများထံမှ ကောင်းသော အထောက်အကူကောင်းများ ရရှိမည်။ ပူးတွဲဆောင်ရွက်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုများ ရရှိမည်။ ဆိုင်းငံ့ထားသော လုပ်ငန်းများ ပြန်လည်စတင်ရမည်။ အမျိုးသမီးမိတ်ဆွေ အကူအညီရမည်။

**GEMINI** — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကာလအတန်ကြာ မျှော်လင့်ထားသော အခွင့်ကောင်းများ ရရှိမည့်ကာလဖြစ်သည်။ ကိုယ်ပိုင်အစွမ်းအစ၊ ဉာဏ်ရည်တို့အား အသုံးချ၍ အလိုရှိရာများ ဆောင်ရွက်သင့်သည်။ ဆုံးဖြတ်ချက်မှန်သမျှကို ပြတ်ပြတ်သားသားဆောင်ရွက်ပါ။ ဆုံးဖြတ်ထားသည်များကို ရဲရဲဆောင်ရွက်ပါ။ စွန့်စားထားသည်များကို ပြတ်ပြတ်သားသား ဆောင် ရွက်ပါ။ ခရီးသွား၍ အကျိုးရှိမည်။ မေတ္တာရေး စန်းကောင်းမည်။

**CANCER** — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဆင်ပြေမှု၊ တိုးတက်မှုများ ရရှိမည်။ အတိတ်ကာလမှ ပြဿနာများကို ဖြေရှင်း၍ အလုံးစုံအဆင်ပြေမည်။ လုပ်ကိုင်ဆောင်ရွက်ရင်း တစ်ပိုင်းတစ်စ ဖြစ်နေသည်များကို အလုံးစုံဆောင်ရွက်အဆင်ပြေမည်။ အရောင်းအဝယ်ကိစ္စများတွင် အလောတကြီး မလုပ်သင့်။ လူယုံကပင် လှည့်စားတတ်သည်။ အလွယ်တကူ ကတိမပေးရ။ ကတိပျက်တတ်သည်။

**LEO** — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အညံ့ အဆိုး အလုံးစုံကင်းလွတ်သွားမည်။ ကံမြင့်မားမည်။ ဘဝအလှည့်အပြောင်းများ အထင်အရှားဖြစ် ပေါ်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းများ ရရှိမည်။ ကာလအတန်ကြာ ရပ်တန့်ထားသော အလုပ်ကိစ္စများ ပြန်လည်ဆောင်ရွက်ရမည်။ ကျန်းမာရေး အနည်းငယ်ချူချာမည်။ အရပ်ဝေးရောက်နေသူများထံမှ အထောက်အကူကောင်းရမည်။

**VIRGO** — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လုပ်သမျှ အောင်မြင်မည်။ ရည်မှန်းထားသည်များ အကောင်အထည်ဖော်နိုင်မည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ အထောက်အကူကောင်းများ ရရှိမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများအား ဖြေရှင်းနိုင်မည်။ ယှဉ်ပြိုင်လာသူများအား အနိုင်ရမည်။ ပညာရေးကိစ္စများ ဆောင်ရွက် အောင်မြင်မည်။

**LIBRA** — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လုပ်ကိုင်သောကိစ္စ၊ ရည်ရွယ်ထားသမျှ ထူးခြားစွာ အဆင်ပြေခြင်း၊ တိုးတက်ခြင်းများ ဖြစ်ထွန်းမည်။ ဖြစ်လာလိမ့်မည်။ အဆင်ပြေမည်ဟု မျှော်လင့်ချက် မထားတော့သော ကိစ္စများမှ အလိုရှိသလောက် အဆင်ပြေမည်။ လုပ်ငန်းခွင်မှသူများ အလုပ်အဆင့်၊ ရာထူးအဆင့် တိုးတက်မည်။ ဥစ္စာခနတိုးပွားမည်။ ရင်းနှီးမြှုပ်နှံမှုများ အကျိုးကောင်းပါမည်။

**SCORPIO** — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အကြံသစ်အောင်မည်။ စီးပွားတက်မည်။ အများသူငါက အဆင်မပြေနိုင် အကျိုးမရှိဟု ယူဆထားသည့် ကိစ္စတစ်ခုအား အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး ထူးခြားသည့် အကျိုးအမြတ်ရမည်။ အကြံသစ်များ ချဲ့ထွင်လုပ်ကိုင်၍ ကောင်းသော အကျိုးဆက်ရရှိမည်။ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ လက်လွှန်ငွေကြေးများ ပြန်ရမည်။

**SAGITTARUS** — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပြဿနာများ အတိုက်အခံများနှင့်ရင်ဆိုင်ရမည်။ လူယုံ၊ လူရင်း အနီးကပ်လူဒုက္ခပေးမည်။ ရန်အငြိုးအဆိုင်များအား ဖြေရှင်းရမည်။ မနာလိုသူများ၊ အနှောင့်အယှက်ပြုသူများ ဝန်းရံနေသည်။ တစ်ပါးသူကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ ဖြေရှင်းရမည်။ လူလိမ်လူကောက်များနှင့် တွေ့တတ်သည်။ မတော်တဆထိခိုက်မှုများ ဖြစ်တတ်သည်။

**CAPRICORN** — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရန်များမည်။ အတိုက်အခံများမည်။ လူယုံဒုက္ခပေးတတ်သည်။ ငွေကြေးကိစ္စ မှန်သမျှ သတိနှင့် ဆောင်ရွက်ပါ။ ယုံစားလွယ်ခြင်း၊ စာနာထောက်ထားခြင်းအပေါ် အခွင့်အရေး ယူသူများ ကြုံမည်။ ချက်ချင်းလုပ်ကိုင်ပြီး မြောက်နိုင်သည့် ကိစ္စအပေါ် အချိန်ဆွဲပြီး လုပ်ကိုင်မှုကြောင့် အခွင့်ကောင်းတစ်ခု လက်လွှန်ဆုံးရှုံးမည်။

**AQUARIUS** — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်။ စိတ်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့တတ်သည်။ အလုပ်ပိုကိစ္စပိုများ ကိုင်တွယ်လုပ်ကိုင်ရမည်။ ပညာရှာသူများ အဆင့်မြင့်မြင့်မားမားနှင့် အောင်မြင်မည်။ နိုင်ငံရပ်ခြားမှ ပညာရေးကိစ္စများ ဆောင်ရွက်ရမည်။ မိတ်ဆွေကို အကြောင်းပြု၍ မိဘနှင့်ပြဿနာဖြစ်တတ်သည်။ ပြဿနာ အလုံးစုံသည် သူတစ်ပါးကြောင့် ဖြစ်သည်။

**PISCES** — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စာချုပ်စာတမ်း လက်လွှဲလက်ပြောင်း သတိရှိပါ။ လူယုံမထားရ။ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ပြဿနာများ အခက်အခဲများကို ထိပ်တိုက်ရင်ဆိုင်ရမည်။ ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်။ ရောင်းမှား၊ ဝယ်မှား ပြဿနာ ဖြစ်တတ်သည်။ ဥပဒေနှင့် မကင်းသော အလုပ်ကိစ္စများအား ရှောင်ပါ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.8 · MAY 2 , 2013

စာမျက်နှာ(၂၄)မှ

**ခေတ်သစ်မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေး (အမေရိကန်၊ ဥရောပနှင့် တရုတ်) မှ**

နိုင်ငံအတွင်း၌လည်း အစားအစာ အရည်အသွေးလုံခြုံစိတ်ချရမှုပြဿနာ၊ လူမှောင်ခိုမှု၊ လေထုအရည်အသွေးအပါအဝင်သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု စသည်ဖြင့် လူမှုရေးစိန်ခေါ်ချက် အများအပြားရှိနေသည်။ ထိုင်ဝမ်နှင့် တိဗက်အရေးတို့သည် တရုတ်ပြည်အတွက် အကဲစမ်းမခံသော နိုင်ငံရေး ကိစ္စများဖြစ်သည်။ တရုတ်ပြည်သည် အင်အားကြီးထွားလာသည်နှင့်အမျှ နိုင်ငံအနှံ့ ဖွံ့ဖြိုးတိုးတက်တည်ငြိမ်မှုတို့ ရောက်ရှိပျံ့နှံ့ရန် လိုအပ်ပြန်ရာ ၎င်း၏ နယ်စပ်ဒေသလုံခြုံရေးသည် တရုတ်အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် ပဓာနကျလာသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးခေါင်းစဉ်အောက်မှ နယ်စပ်တစ်လျှောက် အိမ်နီးချင်းနိုင်ငံငယ်များရှိ လူမျိုးစုများ၊ သဘောထားကွဲလွဲသူများအားလက်ခံဆက်ဆံရင်း တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ကာ မိမိ၏ မူလနိုင်ငံခြားရေးမူဝါဒများပါ အချက်အလက်များကို မချိုးဖောက်မိစေရန် ဂရုစိုက်ပြုဖို့လိုသည်။

တရုတ်ပြည်သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အင်အားကြီးနိုင်ငံအဖြစ် ထင်ထင်ရှားရှားပေါ်ထွက်လာသော်လည်း ဒေသတွင်း၌မူ လောက်လောက်လားလား မဟာမိတ်ဟူ၍ မရှိလှပေ။ တရုတ်ပြည်၏ အိမ်နီးချင်း နိုင်ငံအများစုမှာလည်း အနည်းနှင့်အများကွန်မြူနစ်တစ္ဆေအခြောက်ခံခဲ့ကြဖူးရာ တရုတ်ပြည် အင်အားကြီးထွားလာမှုကို သတိနှင့် စောင့်ကြည့်ကြိုဆိုကြသည်။ ဆိုရလျှင် တရုတ်ပြည်သည် နိုင်ငံတကာမှာ သာမက ဒေသတွင်း၌ပါ ရေရှည်တည်တံ့သောမဟာမိတ်ရှာဖွေရန် ခဲယဉ်းမည်ဖြစ်ပြီး မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်သကဲ့သို့ မိမိ၏ စစ်ရေး၊ စီးပွားရေး၊ လူဦးရေ ပေါ်အခြေပြု၍ အင်အားကောင်း သထက်ကောင်းအောင် တည်ဆောက်ရင်း အမျိုးသားအကျိုးစီးပွားများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတကာ ဆက်ဆံရေး အပြောင်းအလဲ စိန်ခေါ်ချက်များကို ရင်ဆိုင်တုံ့ပြန်ဖွယ်ရှိသည်။

သို့ဆိုလျှင် မြန်မာသည် မည်သည့်ဘက်ရပ်မည်နည်း။ မည်သူနှင့်ပိုနီးစပ်သင့်သနည်း။ နိုင်ငံရေးမူဝါဒသည် မည်သို့ရှိသင့်သနည်း။ မြန်မာတို့၏ နိုင်ငံခြားရေးမူဝါဒသည် အရှေ့နှင့် နီးစပ်ရန်လည်း မလို၊ အနောက်နှင့်နီးစပ်ရန်လည်း မလိုပါ။ အရှေ့နှင့်ဝေးရန်လည်း မလို၊ အနောက်နှင့် ဝေးရန်လည်း မလိုပါ။ မြန်မာ့အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံအားလုံးနှင့် သဟဇာတဖြစ်စေရန် ဆက်ဆံသွားရမည်သာဖြစ်သည်။ အမေရိကန်နှင့်သော်လည်းကောင်း၊ ဥရောပနှင့်သော်လည်းကောင်း၊ တရုတ်နှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့်ပါ ဆက်ဆံရေး တိုးတက်ကောင်းမွန်နေအောင် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်သွားရမည်သာ ဖြစ်သည်။

အမေရိကန်ကဲ့သို့အနောက်အုပ်စုနိုင်ငံများနှင့် သိပ်နီးစပ်လွန်းလျှင်လည်း လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတို့ဖြင့် ဆက်စပ်၍ အကြောင်းပြ အမျိုးမျိုးဖိအားပေးခံရနိုင်ပြီး အမျိုးသားအချုပ်အခြာအာဏာကို ထိခိုက်စေမည့်ရခိုင်ကိစ္စကဲ့သို့အကြောင်းအရာများအားဖိအားပေးလာပါက အစိုးရအနေဖြင့် အကျပ်ရိုက်နိုင်ပါသည်။

တရုတ်ကဲ့သို့အာဏာပိုင်နိုင်ငံများနှင့် နီးစပ်လျှင်လည်း ရေတိုအကျိုးစီးပွားရေးကိစ္စများ အဆင်ပြေနိုင်သော်လည်း ရေရှည်ကိစ္စများဖြစ်သည့် လူသားရင်းမြစ် ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝသယံဇာတထိန်းသိမ်းရေး၊ အားနည်းချည့်နဲ့လာမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံ များအပေါ်အရာရာ အမှီခိုခံဘဝရောက်ရှိ သွားနိုင်ပါသည်။ ဥရောပနိုင်ငံများနှင့်ဆက်ဆံရေးတွင်မူမြန်မာနိုင်ငံသည်တစ်နိုင်ငံချင်းနှင့်ကစားသွားနိုင်ပါသည်။

ဥရောပတစ်တိုက်လုံးအနေဖြင့် လူ့အခွင့်အရေးကိစ္စ၊ လူသားချင်း စာနာမှုကိစ္စများတွင် တစ်သံတည်း ထွက်မည်ဖြစ်သော်လည်း ဥရောပ တစ်နိုင်ငံချင်းအနေဖြင့်မူ သဘောထားအမျိုးမျိုး ရှိနိုင်ပါသည်။ စာရေးသူ၏ ဥရောပနိုင်ငံသားများနှင့် ဆက်ဆံရေးအတွေ့အကြုံအရဥရောပနိုင်ငံ အများစုသည် မြန်မာပြည်အပေါ်သံယောဇဉ်ရှိကြပြီး မြန်မာပြည်သို့ လာရောက်လည်ပတ်ဖူးသူများဖြစ်ကြပါက မြန်မာလူမျိုးတို့၏ ခင်မင်နှစ်လိုဖွယ်ဓလေ့စရိုက်တို့ကိုလေးစားမြတ်နိုးလျက်မြန်မာတို့၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးကို များစွာ ဖြစ်စေချင်ကြကြောင်း လေ့လာတွေ့ရှိရသည်။ စာရေးသူ ဆွီဒင်နိုင်ငံတွင်ညွှန့်သုတေသီအဖြစ် တာဝန်ထမ်းဆောင်စဉ် ဆွီဒင်နိုင်ငံရှိနိုင်ငံရေးသမားအများအပြားနှင့် အလွတ်သဘော တွေ့ဆုံပြီး စာရေးသူက မြန်မာ့နိုင်ငံတကာဆက်ဆံရေးသည် အပြောင်းအလဲကာလ တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရုတ်၏ အရိပ်လည်း မလွှမ်းအောင်၊ အမေရိကန်ဩဇာအောက်လည်း မရောက်အောင် ပါးပါးနပ်နပ် လုပ်ဆောင်သွားရင်း နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးသော လွတ်လပ်၍ တက်ကြွသည့် နိုင်ငံခြားရေး မူဝါဒ ကျင့်သုံးရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ရာ များစွာကောင်းချီးဩဘာပေးခြင်း ခံခဲ့ရပါသည်။

ယခင်ကာလများနှင့်စာလျှင် ယခုကာလ မြန်မာ့နိုင်ငံခြားရေးမူဝါဒသည် ပိုမိုတက်ကြွသော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း သတိပြုမိသည်။ နိုင်ငံတကာနှင့် ပိုမိုဆက်ဆံလာပြီး သံတမန်ရုံးများလည်း ပိုမိုလက်ခံဖွင့်လှစ်လာနိုင်သည်။ နိုင်ငံတကာခေါင်းဆောင်များ အဝင်အထွက်များလာသလို နိုင်ငံခေါင်းဆောင်များလည်း ပြည်ပအထွက် များလာသည်။ ကောင်းသောအခြင်းအရာများဖြစ်သည်။ ထင်သာမြင်သာရှိသော အခြား အခြင်းအရာကိစ္စတစ်ခုမှာ ပြည်ပရှိမြန်မာသံရုံးများမှ နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုကာကွယ်စောင့်ရှောက်လာခြင်း၊ ပိုမိုကာကွယ်စောင့်ရှောက်လိုစိတ်ပြသလာခြင်းတို့ဖြစ်သည်။ ပြည်ပတွင် အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများတွင် မြန်မာနိုင်ငံသားများ အစော်ကားခံရမှု အများအပြားရှိနေပါသည်။ ခေတ်အဆက်ဆက်ရှိခဲ့ပါသည်။ ယခုလည်း ရှိနေပါသည်။ တလောက ထိုင်းနိုင်ငံရှိ တိုင်းရင်းသားအမျိုးသမီးငယ်တစ်ဦး ရေနွေးပူလောင်း နှိပ်စက်ခံရမှုတွင် မြန်မာနိုင်ငံဘက်မှ တက်တက်ကြွကြွ ဝင်ရောက်ကြားဝင်ဆောင်ရွက်ခဲ့သည်ဟု ဖတ်ရှုရပါသည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံများရှိ မြန်မာသံရုံးများမှလည်း မိမိနိုင်ငံသားများနှင့် ပတ်သက်၍ ပိုမိုတာဝန်ခံဆောင်ရွက်လာကြသည့် သတင်းများ ဖတ်ရသည်။ ဂျော်ဒန် နိုင်ငံရှိမြန်မာလုပ်သားများ အရေးကိစ္စတွင်လည်း နိုင်ငံတော်မှ ဝင်ရောက်ရပ်တည်ဆောင်ရွက်ခဲ့သည်ဟု သတင်းများတွင် ဖတ်ရှုရသည်။

မည်မျှ တာဝန်ခံသည်၊ မည်မျှလုပ်ဆောင်ပေးသည်ကို တော့ အတိအကျမသိပါ။ သို့သော် နိုင်ငံရပ်ခြားရှိ ကိုယ့်နိုင်ငံသားများကို စောင့်ရှောက်ခြင်းသည် ပြည်တွင်းရှိ ပြည်ပရောက် နိုင်ငံသားများ၏ မိသားစုများကိုလည်း စောင့်ရှောက်ခြင်းမည်ရာ အစိုးရအဆက်ဆက်အတွက် ပြည်ပရောက်နိုင်ငံသားများကို ပိုမိုအကူအညီပေးလေ၊ ပြည်တွင်း၌ ပိုမိုထောက်ခံမှုတိုးလေဖြစ်မည်ဖြစ်သည်။

ပြည်ပရောက်နိုင်ငံသားများ အကြောင်းပြောရင်း တလောက အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံတွင် ကွပ်မျက်ခံရသော မူးယစ်ရာဇာ မြန်မာနိုင်ငံသားတစ် ယောက်အကြောင်းကိုသတိရမိသည်။ မူးယစ်ရာဇာဟု ဆိုသည်။ တစ်ပါးနိုင်ငံသားများကိုလည်း သတ်ခဲ့သည်ဟု ဆိုသည်။ သေဒဏ်နှင့် ထိုက်တန်ပါသည်။ သို့သော် ကိုယ့်နိုင်ငံသားတစ်ယောက်အနေဖြင့်မြန်မာနိုင်ငံသည် မသိချင်ယောင်ဆောင်နေ၍ မရ။ မသိချင်ယောင်ဆောင်နေ၍ မသင့်။ အနည်းဆုံး မေးမြန်းရမည်။ လူလွှတ်ပြီး စောင့်ကြည့်လေ့လာရမည်။ စောင့်ကြည့်လေ့လာလိုကြောင်း ပြသရမည်။ မေးကောင်း မေးခဲ့ပါလိမ့်မည်။ အများပြည်သူသို့မူတစ်ခုခုသတင်း ထုတ်ပြန်ပေး သင့်သည်။

စာရေးသူစိတ်ထဲတွင် အစာမကြေသော ကိစ္စတစ်ခု ရှိနေပါသည်။ ယင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် လွန်ခဲ့သော လအနည်းငယ်က တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးသွားသော အမှုထမ်း သုံးဦးကိစ္စဖြစ်သည်။ ဆောက်လုပ်ရေးတပ်မှဟု နားလည်ပါသည်။ ယခုအထိ ၎င်းတို့၏ သတင်းအစအနမရသေးပေ။ မြန်မာနိုင်ငံသည် ၎င်းတို့သုံးဦးလွတ်မြောက်ရေးအတွက် ပိုမိုအားထုတ် လုပ်ဆောင်သင့်သည်။ ပြည်သူများသို့မည်သို့လုပ်ဆောင်နေကြောင်း ရှင်းပြသင့်သည်။ ပျောက်ဆုံးသူများ၏ မိသားစုများထံ နိုင်ငံတော်အဆင့် အားပေးကြည့်ရှုစောင့်ရှောက်မှုပြုသင့်သည်။ နိုင်ငံတော်သည် မိမိနိုင်ငံသားတစ်ဦးအပေါ် အလေးထားကြောင်း ပြသခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတစ်ဦးချင်းအကြား ယုံကြည်လေးစားမှုကို မြှင့်တင်နိုင်မည်ဖြစ်သလို နိုင်ငံတကာသို့လည်းနိုင်ငံတော်၏ နိုင်ငံသားများနှင့် နိုင်ငံ့အကျိုးစီးပွားတို့အပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုကို ပြသနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည်တစ်ချိန်က လွတ်လပ်ပြီး တက်ကြွသော နိုင်ငံရေးမူဝါဒဆိုသည်ကို ကျင့်သုံးခဲ့သည်။ အလုပ်မဖြစ်ခဲ့ပါ။ ပို၍ အထီးကျန်သွားသည်။ အနောက်လည်းမယိမ်း၊ အရှေ့လည်းမယိမ်း၊ နောက်ဆုံး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်ဟောင်း တစ်ဦးက ဆိုလျှင် ဆိုရှယ်လစ်ခေတ် မြန်မာ့နိုင်ငံခြားရေးမူဝါဒကို ဟိုမရောက်၊ ဒီမရောက် ခြံစည်းရိုးခွထိုင်ပြီး အလုပ်မဖြစ်သည့် ဝါဒအဖြစ် ပျက်ရယ်ပြုခဲ့ဖူးသည်။ စစ်အစိုးရအုပ်ချုပ်ရေးကာလများတွင်မူ နိုင်ငံတကာအပိတ်အဆို့များကြောင့် တရုတ်နှင့် ပို၍နီးစပ်သွားခဲ့ရသည်။

အိမ်နီးချင်းအခြားနိုင်ငံများနှင့် ဆက်ဆံရေး ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သော်လည်း နိုင်ငံတိုင်းကို မျက်နှာချိုသွေးခဲ့ရသည်။ ယခုအခါမြန်မာ့နိုင်ငံတကာဆက်ဆံရေး ခေတ်တစ်ခေတ် ဆန်းသစ်လာပြီဖြစ်သည်။ မြန်မာနိုင်ငံအပေါ် သဘောထားမှန်သည့် မည်သည့်နိုင်ငံနှင့်မဆို သင့်တင့်မျှတအောင် ဆက်ဆံရင်း နိုင်ငံ့အကျိုးစီးပွား၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို အကောင်းဆုံး ပုံဖော်ထုဆစ်တည်ဆောက်သွားရမည်သာဖြစ်သည်။

တစ်ချိန်တည်းတွင်လည်း မြန်မာနိုင်ငံသည် နိုင်ငံရပ်ခြားရှိ မိမိသံရုံးမှတစ်ဆင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို တတ်စွမ်းသရွေ့ ကာကွယ်စောင့်ရှောက်ရင်း မြန်မာတို့၏ အမျိုးသားရေး ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ။

TRADEMARK CAUTION

ACE LIMITED a company incorporated in Switzerland at Bärengasse 32, CH-8001 Zurich, Switzerland is the Owner and Sole Proprietor of the following Trademarks :

ACE LIFE

Reg. No. 4/3290/2013

YOUR PARTNER FOR LIFE

Reg. No. 4/3291/2013

In respect of : Insurance services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 951 371990 2 May 2013



# Environment

7Day News Journal

Vol.12, No.8 • MAY 2 , 2013


## မပြေလည်သေးတဲ့ အင်းလေးပြဿနာ

**အိဖြူမွန်**

**ရန်ကုန်၊ မေ– ၂၇**

ယခုနှစ် နွေရာသီအစမှာပင် အင်းလေးရေပြင်ကြီး ဒုတိယအကြိမ် စံချိန်တင် လျော့နည်းလာခြင်းနှင့်အတူ အချိန်မီမထိန်း သိမ်းနိုင်ပါက အင်းရေပြင်နှင့်အတူ ဓလေ့ထုံးစံများပါ မပျောက်ကွယ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန် အရေးတကြီးလိုအပ်လာသည်။

၂၀၁၀ ခုနှစ်တွင် အင်းလေးကန်ရေခန်းခြောက်မှု စတင်ကြုံတွေ့ရစဉ်က စိုးရိမ်တကြီး ဖြစ်ခဲ့ကာအစိုးရက ဦးဆောင်၍ ထိန်းသိမ်းမှုများအား တက်သရော လုပ်ဆောင်ခဲ့ကြသော်လည်း ယခုနှစ်ရေစတင် ခန်းခြောက်ချိန်တွင် ထိန်းသိမ်းရေးများ အရှိန်မြှင့်ရေးပြောသံမကြားရသေးပေ။

ပထမဆုံးအကြိမ် ရေခန်းခြောက်မှု ကြုံတွေ့ပြီးနောက် သုံးနှစ်အတွင်း အစိုးရက အင်းလေးကန်ဟိုတယ်ဇုန် တည်ဆောက်ရေးခွင့်ပြုလိုက်ခြင်းနှင့် တစ်ပြိုင်တည်း ထိန်းသိမ်းရေးလုပ်ဆောင်ရန် နော်ဝေးအစိုးရက ကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ထောက်ပံ့ငွေလည်း ရရှိခဲ့သည်။

ထို့အပြင် အစိုးရက အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ကန်အနီးတစ်ဝိုက်တွင် ဟိုတယ်ဆောက်လုပ်ခွင့် မပြုဟု ပြောဆိုခဲ့သော်လည်း ယခုနှစ်အတွင်း ခွင့်ပြုလိုက်သည်ကို ဟိုတယ်ဇုန်တည်ဆောက်မှု ခွင့်လိုက်ခြင်းအပေါ် ဝေဖန်မှုများ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များအကြား ထွက်ပေါ်လာခဲ့သည်။

အစိုးရက ထိန်းသိမ်းရေးလုပ်ရမည်ဟု တိုက်တွန်းပြောဆိုခဲ့သော်လည်း လက်တွေ့ ပြည်ပအကူအညီများဖြင့် ထိန်းသိမ်းနေရသော အင်းလေးကန်သည် မည်သည့်အချိန်အထိ တည်တံ့နေနိုင်မည် မသိပေ။

**စာမျက်နှာ(၁၉) သို့**



*အင်းလေးကန်၊ ဟဲယာရွာမတွင် ရေခန်းခြောက်နေသည်ကို မေ တတိယပတ်အတွင်း တွေ့ရစဉ်*

ဓာတ်ပုံ- El Sai Yawnghwe

## စနစ်တကျ ဝါးစိုက်ပျိုးရန် စီစဉ်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ– ၂၆**

မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်သည့် ဝါးပင်များ ရှားပါးလာမှုကြောင့် ဝါးအစေ့ကို စနစ်တကျ စိုက်ပျိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ တောတောင်အနှံ့အပြားတွင် အလေ့ကျပေါက်သည့် ဝါးပင်များသည် လူအများ၏ အလွန်အကျွံခုတ်ယူသုံးစွဲမှုကြောင့် ရှားပါးလာသည့်အတွက် မြန်မာအစိမ်းရောင် ကွန်ရက်က ဝါးအစေ့မှ ဝါးစိုက်ပျိုးမှုကို စနစ်တကျဆောင်ရွက်တော့မည်ဖြစ်ကြောင်း ယင်းကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ထိုသို့ စိုက်ပျိုးရန် ယခုအခါ ပဲခူးရိုးမ၊ ရခိုင်ရိုးမတစ်လျှောက်ရှိ ဝါးပင်များ၏ အခြေအနေ၊ သစ်တောအခြေအနေ၊ ဒေသခံပြည်သူများ၏ အခြေအနေများကို ဝါးပညာရှင်များနှင့်ကွင်းဆင်းလေ့လာမှုများပြုလုပ်လျက်ရှိကြောင်း ၎င်းကပြောသည်။

"ဝါးက အခြေခံလူတန်းစားတွေရဲ့ သုံးကုန်၊ ဝါးကို မိရိုးဖလာလုပ်လာကြတာ။ ခုတ်ပြီးသုံးဖို့ပဲ နားလည်တယ်။ ဝါးက ရှားသွားပြီ" ဟု ဒေါ်ဒေဝီသန့်စင်က ပြောကြားသည်။

ထို့အပြင် ပဲခူးတိုင်း၊ ပေါက်ခေါင်းတွေ မြေနေရာရရှိပါက စမ်းသပ်စံပြစိုက်ကွင်းလုပ်ဆောင်၍ ဝါးပင်စိုက်ပျိုးမှုကို ပြုလုပ်မည်ဖြစ်ပြီး သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များနှင့် ပူးပေါင်းကာ အခြားဒေသများတွင်ပါ လုပ်ဆောင်သွားမည်ဟု ၎င်းကဆိုသည်။

ဝါးပင်စိုက်ပျိုးမှုသည် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်က ဂျပန်နှင့် မြန်မာပူးပေါင်း၍ လေးနှစ်စီမံကိန်း ဆောင်ရွက်ခဲ့ဖူးသည်။

# ဧရာဝတီမြစ်အတွင်း အမှိုက်မပစ်ရေး ပညာပေးမည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ– ၂၆**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေထိုင်သူများ၏ အမှိုက်စွန့်ပစ်မှုများသည် သောင်ထွန်းရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်၍ အမှိုက်မပစ်ရေး ပညာပေးမှုများ ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။



*ဧရာဝတီမြစ်ကမ်းတစ်နေရာတွင် စည်းကမ်းမဲ့အမှိုက်ခွန်စွန့်ပစ်ထားစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြစ်ကြောင်း တစ်လျှောက်တွင် နေထိုင်သူများ၊ မြစ်ကမ်းစပ်ဆိုင်ခန်းများမှ အမှိုက်စွန့်ပစ်မှုများကြောင့် မြစ်အတွင်း အချို့နေရာများတွင် သောင်ထွန်းခြင်း၊ ရေလမ်းကြောင်း ပျောက်ခြင်းများဖြစ်ပေါ်နေရာ ယင်းမြစ်ကြောင်းတစ်လျှောက်နေထိုင်သူများကို စစ်တမ်းကောက်၍ ပညာပေးမှုများ ပြုလုပ်မည်ဟု အစိမ်းရောင်ကွန်ရက်မှ ကိုအိုလာက ပြောကြားသည်။

"မြစ်ဆိုရင် အမှိုက်ပစ်စရာလို့ပဲ မြင်နေတယ်"ဟု ကိုအိုလာက ပြောသည်။

ထိုသို့ အမှိုက်မပစ်ရေး ပညာပေးမှုကို Argro, ဧရာဝတီမြစ်ကာကွယ်စောင့်ရှောက်ရေး ကွန်ရက်နှင့် Green Network မှ မြစ်ကြောင်းထိန်းသိမ်းရေးဌာန၊ စည်ပင်၊ အုပ်ချုပ်ရေးမှူးတို့နှင့် ပူးပေါင်း၍ ပညာပေးမှုများ ပြုလုပ်မည်ဟု ၎င်းက ဆက်လက်ပြောသည်။

"အမှိုက်က ဘယ်လောက်များနေသလဲ မူတည်တယ်။ မြစ်ကြီးထဲမှာ အမှိုက်တွေကြောင့် ရေညစ်ပတ်တာ သန့်ရှင်းမှု ထိခိုက်တာတွေ ဖြစ်လာမယ်။ ပလတ်စတစ်တွေပါလို့ ငါးတွေက မျိုချမိရင်သေရော"ဟု ဧရာဝတီမြစ်ဝှမ်း အခွန့်ရှည်ရေးဆိုင်ရာ သုတေသနအဖွဲ့ ပါမောက္ခဒေါ်ခင်နီနီသိန်းက ပြောသည်။

## မဟာမြိုင်တောကြီးအတွင်း သစ်တောပြုန်းတီးမှု များလာ

**ကျော်ကျော်အောင်**

**ကလေးဝ၊ မေ– ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ် မဟာမြိုင်ဒေသတွင် သစ်ပင်၊ ဝါးပင်များကို ကိုယ်ကျိုးအတွက် ခုတ်ယူသုံးစွဲမှု များပြားလာသောကြောင့် သစ်တောပြုန်းတီးမှုမှာလည်း တစ်နှစ်ထက် တစ်နှစ်များပြားလာကြောင်း မဟာမြိုင်ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"မဟာမြိုင်ဘက်မှာ သစ်ပင်တွေ တစ်နှစ်ထက် တစ်နှစ် နည်းလာတယ်။ တောထဲက ရွာတွေကပဲ ခုတ်ကြတာပါ။ စားဝတ်နေရေးက ခက်ခဲ၊ ရေကရှားဆိုတော့ လုပ်ကိုင်စားသောက်ရတာ သိပ်မလွယ်တော့ ဒီလိုပဲ သစ်တောသစ်ပင်တွေ ခုတ်ရောင်းပြီး စီးပွားရှာကြရတယ်" ဟု သက္ကယ်ကျင်း ကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။

မဟာမြိုင်ဒေသတွင် ရွှေကျင် သစ်တောကြိုးဝိုင်းများရှိပြီး ယင်းကြိုးဝိုင်းများထဲမှ ခိုးထုတ်သူနည်းပါးကာ မဟာမြိုင်ဘုရားသာသနာ့ နယ်မြေအတွင်းမှ ခုတ်ယူခိုးထုတ်သူများ မကြာခဏ တွေ့ရှိနေရကြောင်း မဟာမြိုင်တောရဘုန်းတော်ကြီးကျောင်း ဆရာတော်တစ်ပါးက မိန့်ကြားသည်။

"ဘုန်းကြီးကျောင်းနဲ့ ဘေးပတ်ပတ်လည် တစ်မိုင်ကွာကို ဘုရားကြီးကျောင်းနဲ့ ဘေးပတ်ပတ်လည် တစ်မိုင်ကွာကို ဘုရားသာသနာ့မြေအဖြစ် သတ်မှတ်ထားတယ်။ ဒီသာသနာ့နယ်မြေထဲမှာ သစ်ပင်လာခုတ်တဲ့သူတွေက ရှိသေးတယ်။ လူသုံးယောက်လောက်ဖက်လောက်တဲ့ သစ်ပင်တစ်ပင်ကို ချိန်းဆွဲနဲ့ ဖြတ်လိုက်ရင် ငါးမိနစ်လောက်ပဲ ကြာတယ်။ ဖြတ်ထားတဲ့သစ်ပင်ကို သူတို့က ကျွဲနဲ့ဆွဲ ခိုင်းတယ်။ ကျွဲနဲ့ ဆွဲပြီး ကားပေါ်တင်တယ်။ ပြီးတော့ကားနဲ့ ခိုးထုတ်ကြတယ်"ဟု အထက်ပါဆရာတော်က မိန့်ကြားသည်။

မဟာမြိုင်ဒေသ တစ်ခုလုံး ခေတ်အဆက်ဆက် သစ်တောကြီးများ ဖုံးလွှမ်းခဲ့ကာ အဖိုးတန်ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ဝါးတော၊ ကြိမ်တောကြီးများနှင့် အပင်မျိုးစုံ ပေါက်ရောက်လျက်ရှိပြီး ကျေးငှက်မျိုးစုံ နေထိုင်ကျက်စားခဲ့ရာမှ ယခုအခါ တရားမဲ့သစ်ခုတ်ယူမှုများကြောင့် တောပြုန်းသည့်အန္တရာယ်၊ ရာသီဥတုဖောက်ပြန်သည့် အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရပြီဖြစ်ရာ သက်ဆိုင်ရာကလည်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ချက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်နေသူ ကလေးမြို့ခံများက ပြောကြားသည်။

# Tourism

7Day NEWS JOURNAL

Vol.12, No.8 • MAY 2 , 2013


## ပိတ်ဆို့မှု ရုပ်သိမ်းပြီးနောက် ဥရောပသို့ လည်ပတ်ရန် ပိုမိုလွယ်ကူနိုင်

**နိုင်ချို**

**ရန်ကုန်၊ မေ-၂၇**

ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှု ရုပ်သိမ်းလိုက်ခြင်းသည် မြန်မာခရီးသွားများအတွက် ဥရောပနိုင်ငံများသို့ အလည်အပတ် သွားရောက်ရန် ပိုမိုလွယ်ကူလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ထံမှ သတင်းရရှိသည်။

“Outbound Tour ကတရားဝင်ခွင့်ပြုတော့မယ်။ EU က စီးပွားရေးပိတ်ဆို့မှုကို အကုန်ရုပ်သိမ်းလိုက်တော့ ဝန်ဆောင်မှုလုပ်ငန်းတွေ ပုံရိပ်(Image) ပိုတက်တယ်။ မြန်မာနိုင်ငံသားတွေ ဥရောပနိုင်ငံတွေကိုသွားလည်ဖို့ အတားအဆီးတွေ၊ အခက်အခဲတွေ မရှိတော့ဘူးပေါ့” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကို ဥရောပသမဂ္ဂက ဧပြီလ ၂၂ရက်တွင် ရုပ်သိမ်းပေးခဲ့သည်။

မြန်မာနိုင်ငံသား ခရီးသွားအများစုမှာ အာဆီယံနိုင်ငံများ၊ အမေရိကန်၊ ဂျပန်စသည့် နိုင်ငံများသို့ Outbound Tour များ သွားရောက်မှု ရှိနေသော်လည်း ဥရောပနိုင်ငံများသို့ သွားရောက်လည်ပတ်မှုမှာ နည်းသေးသည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးတစ်ဦးက ပြောသည်။

“ Outbound Tour ကို မြန်မာနိုင်ငံသားအများစုက ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတွေကို သွားလည်ကြတာ များတယ်။ အမေရိကန်နဲ့ ဂျပန်က ဈေးမြင့်တော့ လူတန်းစားတစ်ရပ်လောက်ပဲ သွားကြတယ်။ ဥရောပကို သွားလည်တဲ့လူမရှိသလောက်ဘဲ။ အခုအချိန်သွားလည်ရင် ဗီဇာဝင်လို့ လွယ်သွားတာပေါ့” ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း အတွင်းရေးမှူးတစ်ဦးက ပြောကြားသည်။

ဥရောပနိုင်ငံများသို့ Outbound Tour သွားရောက်ပါက ကြယ်သုံးပွင့်အဆင့် ဟိုတယ်၌ တည်းခိုလျှင် တစ်ရက်လျှင်တစ်ဦးနှုန်း အမေရိကန် ဒေါ်လာ ၂၅၀ မှ ၃၀၀ အထိရှိကြောင်း ခရီးသွားလုပ်ငန်းများမှ သတင်းရရှိသည်။

၂၀၁၂-၂၀၁၃ ခရီးသွားရာသီတွင်မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော နိုင်ငံခြားသားဦးရေ မြင့်တက်လာကဲ့သို့ ပြည်ပသို့ သွားရောက်လည်ပတ်သော မြန်မာနိုင်ငံသား ခရီးသွား သုံးဆခန့် မြင့်တက်လာကြောင်း ပြည်ပသို့ ပို့ဆောင်ပေးသော ခရီးသွားအေဂျင်စီများမှ သတင်းရရှိသည်။

## ပြန်လည်နိုးထလာမည့် မြန်မာပြည်က သေမင်းတမန်ရထားလမ်း

**ထားထားမြင့်**

**ရန်ကုန်၊ မေ-၂၆**

ဒုတိယ ကမ္ဘာစစ်အတွင်း မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်၊ဘုရားသုံးဆူနှင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင်တို့ကို ဆက်သွယ်ထားသော သေမင်းတမန် ရထားလမ်းကို မြန်မာနိုင်ငံက ပြန်လည်ပြုပြင်ဖွင့်လှစ်ရန် လေ့လာတိုင်းတာမှုများ ပြုလုပ်နေပြီ ဖြစ်သည်။

နှစ်ပေါင်း ၇၀ နီးပါး အသုံးပြုခြင်း မရှိသော ရထားလမ်း ကို ပြန်လည်ပြုပြင်လိုသည့် ရည်ရွယ်ချက်မှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကိုဆွဲဆောင်ရန်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

“သေမင်းတမန် ရထားလမ်းကို အမှီပြုပြီး အိမ်နီးချင်းနိုင်ငံတွေက ခရီးစဉ်တွေ ကြော်ငြာနေတာ ကြာပြီ။ မြန်မာနိုင်ငံမှာက အခုမှ စပြီး ခရီးစဉ်ရောင်းရမှာ နောက်တောင်ကျနေပြီ။ ဒီရထားလမ်းမှာ သေဆုံးခဲ့တဲ့ သူတွေရဲ့ မိသားစုဝင်တွေကလည်း လာကြည့်ချင်ကြတယ်” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌဦးဖြိုးဝေရာဇာက ပြောသည်။

အိမ်နီးနားချင်း ထိုင်းနိုင်ငံကမူ အဆိုပါရထားလမ်းကို အသုံးချ၍ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိနေသည်မှာ ရာစုနှစ်အတော်ကြာရှိနေပြီ ဖြစ်သည်။ ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်မှ ၁၂၈ ကီလိုမီတာ ဝေးကွာသော အဆိုပါ နေရာကို ခရီးစဉ်အမျိုးမျိုးဖြင့် ကမ္ဘာတစ်ဝန်းမှ ခရီးသည်များ လာရောက်လည်ပတ်လျက်ရှိသည်။

“အဲဒီရထားလမ်းကို သွားချင်ရင် ထိုင်းဘက်က သွားရတာက ပိုအဆင်ပြေတယ်။ ခရီးသွားကုမ္ပဏီတွေက ဘန်ကောက်ကနေ တစ်ညအိပ် နှစ်ရက်ခရီးတွေ စီစဉ်ပေးတယ်။ လမ်းတွေလည်းကောင်းတယ်။ အဲဒီမှာ အမှတ်တရဆိုင်တွေ ပြတိုက်တွေ ထိုင်းနိုင်ငံက အကုန်လုပ်ထားပေးတယ်။ မြစ်တစ်လျှောက်လှေစီးလို့လည်းရတယ်။ ရထားလည်း စီးလို့ရတယ်”ဟု မကြာသေးမီက ထိုဒေသသွားရောက်လည်ပတ်ခဲ့သော ဒေါ်တင်စန်းက ပြောသည်။

ခရီးသွားများ စိတ်ဝင်စားသော နေရာဟု ဆိုသော်လည်း ထို နေရာကား ပျော်စရာ ရွှင်စရာအလည်အပတ် ခရီးမျိုးမဟုတ်ဘဲ စစ်၏ ဆိုးကျိုးအနိဋ္ဌာရုံနှင့် အသက်ပေးခဲ့ကြသူများအတွက် သံဝေဂရစရာအမှတ်တရပြန်ပြောင်းလေ့လာနိုင်သည့် ခရီးစဉ်မျိုးသာ ဖြစ်သည်။

၁၉၄၂ ခုနှစ် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာသောဂျပန်တပ်များက အရှေ့တောင်အာရှမှ ၎င်းတို့တပ်များကို စားနပ်ရိက္ခာပို့ရန်အတွက် မလက်ကာ ရေလက်ကြားနှင့် မုတ္တမပင်လယ်ကို အသုံးပြုခဲ့ကြသည်။ သို့သော် မဟာမိတ်တပ်များက အဆိုပါလမ်းကြောင်းကို တိုက်ခိုက်လာသောအခါ ဂျပန်စစ်တပ်အတွက် လမ်းကြောင်းသစ်တစ်ခုရှာရန် လိုအပ်လာခဲ့သည်။

အဆိုပါ လမ်းကြောင်းသစ်က မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်အကြား ၂၅၈ မိုင်ရှည်သော ရထားလမ်းဖောက်လုပ်ရန် ဖြစ်လာခဲ့သည်။

အဆိုပါ ရထားလမ်းကို အမြန်ဆုံးဖောက်လုပ်နိုင်ရန်အတွက် မြန်မာနှင့် အရှေ့တောင်အာရှနိုင်ငံများမှလူတစ်သိန်းရှစ်သောင်းကို ချွေးတပ်ဆွဲခဲ့သကဲ့သို့ မဟာမိတ်စစ်သုံ့ပန်း ခြောက်သောင်းကိုလည်း ရထားလမ်းဖောက်လုပ်ရာတွင် ခိုင်းစေခဲ့သည်။

စစ်သုံ့ပန်းများကို ထိုင်းနှင့်မြန်မာ နှစ်နေရာခွဲကာ အပြိုင်ဖောက်လုပ်စေခဲ့ရာ ၁၉၄၃ ခုနှစ်အောက်တိုဘာလတွင် ရထားလမ်းနှစ်ခုဆုံဆည်းအောင်ဖောက်လုပ်နိုင်ခဲ့သည်။ သို့သော်လည်း ရထားလမ်း ဖောက်လုပ်စဉ်က ဂျပန်တပ်များ၏ နှိပ်စက်မှု၊ ရောဂါဘယနှင့် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် အာရှသားကိုးသောင်းကျော်နှင့် မဟာမိတ်စစ်သုံ့ပန်း ၁၆,၀၀၀ သေဆုံးခဲ့ရသည်။

ထို့ကြောင့် သေမင်းတမန် ရထားလမ်းဟု နာမည်ဆိုးနှင့် ကမ္ဘာကျော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အဖြစ်အပျက်ကို ဒါရိုက်တာဒေးဗစ်လန်းက The Bridge on the River Kwai အမည်ဖြင့် ၁၉၅၇ ခုနှစ်က ရုပ်ရှင်ရိုက်ကူးခဲ့ရာ အော်စကာထူးချွန်ဆု ခုနစ်ဆုပင် ဆွတ်ခူးရရှိခဲ့သည်။

ယခု အဆိုပါ ရထားလမ်းပေါ်တွင် ထိုင်းနိုင်ငံက ရေအားလျှပ်စစ်စက်ရုံတစ်ခုပိတ်ဆို့တည်ဆောက်ထားသဖြင့် မူလကဲ့သို့ ထိုင်း၊ မြန်မာ တောက်လျှောက်တစ်ဆက်တည်း ပြန်ဖြစ်ရန် လွယ်ကူသည့် အခြေအနေ မရှိချေ။

ထို့အပြင် မြန်မာနိုင်ငံက ရထားခင်း ဇလီဖားတုံးများနှင့် တချို့နေရာများက လူနေအိမ်ခြေများ ရော်ဘာစိုက်ခင်းများ ကြားတိမ်မြုပ်ပျောက်ကွယ်နေပြီ ဖြစ်သည်။

“ဒါပေမဲ့ အဲဒီဒေသမှာ ထိုင်းဘက်ကို ဘုရားသုံးဆူဘက်က အပြန်အလှန် ကုန်တွေအတော်များများ တင်ပို့နေတာ တွေ့တယ်။ သေ ချာစနစ်တကျ လုပ်ပေးမယ်ဆိုရင် သံဖြူဇရပ်က နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးလာဖို့ရှိတယ်” ဟု ဒေါ်တင်စန်းက ဆိုသည်။

သေမင်းတမန် ရထားလမ်းကို ပြန်လည်ဖောက်လုပ်၍ ခရီးသွားလုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးအောင် လုပ်ဆောင်မည်ဆိုသည့် သတင်းကမူ ဒေသခံများအတွက် သတင်းကောင်းတစ်ခုပင်ဖြစ်သည်။

အဆိုပါ ရထားလမ်းဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်မှု နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် ကုန်သွယ်စီးဆင်းမှု မြန်ဆန်လာစေနိုင်သကဲ့သို့ လာရောက်လည်ပတ်မည့် ခရီးသည်များကြောင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေနိုင်သည်။

ထို့ကြောင့် ပြန်လည်နိုးထလာမည့် သေမင်းတမန် ရထားလမ်းပေါ်တွင် အတိတ်က မှားယွင်းသော လုပ်ရပ်များကို နားလည်သင်ခန်းစာယူနိုင်သလို ဒေသခံများ၏ လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း မျှော်လင့်ချက်ရောင်ခြည်များ သမ်းလာပြီ ဖြစ်သည်။



*သေမင်းတမန်ရထားလမ်းဖြတ်သန်းသွားသော ကွေးမြစ်တံတားပေါ်တွင် ကမ္ဘာလှည့်ခရီးသွားများကို မေ၂၄ရက်ကတွေ့ရစဉ်* ဓါတ်ပုံ - AFP

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013



























7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# "ကိုယ့်ပန်းတိုင်ကို ကိုယ်ရောက်နိုင်ခဲ့ရင် ပျော်ရတာပေါ့"

## စပိန်တင်းနစ်ကစားသမား ရာဖေးနာဒယ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး




Photo: AFP

စပိန်တင်းနစ်ကစားသမား ရာဖေးနာဒယ်ဟာ ခေတ်အားလုံးရဲ့ ကမ္ဘာ့အကောင်းဆုံး တင်းနစ်ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ၎င်းဟာ တင်းနစ်လောကရဲ့ အဆင့်အမြင့်ဆုံးဖြစ်တဲ့ ဂရင်းဆလမ်းပြိုင်ပွဲတစ်ဦးချင်းချန်ပီယံဆုတွေကို ၁၁ ခုအထိရရှိထားပြီး ပြင်သစ်အိုးပင်းပြိုင်ပွဲချန်ပီယံဆုကိုလည်း ခုနစ်ကြိမ်ဆွတ်ခူးထားကာ ကမ္ဘာ့စံချိန်သစ်တစ်ရပ်ကိုလည်း တင်ထားသူဖြစ်ပါတယ်။ နာဒယ်ဟာ ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲတွေကနေ ရှစ်လတာခန့် နားနေခဲ့ရပြီးနောက် မတ်လထဲမှာ အောင်မြင်မှုနဲ့အတူ ပြန်လာနိုင်ခဲ့ပါတယ်။ အင်ဒီးယန်းဝဲလ်ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ပြီးနောက် နာမည်ကျော် ဘယ်သန်ကစားသမားလေး နာဒယ်ဟာ ခုဆို ဥရောပ Tourပြိုင်ပွဲနဲ့၎င်းအကြိုက်ဆုံးပွဲဖြစ်တဲ့ ရိုလန်ဂါးရို့စ်ပြိုင်ပွဲကို ဝင်ရောက်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါကြောင့် လက်ရှိအချိန် သူရဲ့ ရည်မှန်းချက်က ကမ္ဘာ့နံပါတ်တစ်ဖြစ်ရေးလို့ ဆိုထားတဲ့ ရာဖေးနာဒယ်နဲ့ ယူရိုသတင်းရဲ့မေးမြန်းမှုတွေကို ဒီမှာပြန်လည် ကောက်နုတ်တင်ဆက်ပေးလိုက်ရပါတယ်။

**ရာဖေးနာဒယ်ရေမင်္ဂလာပါ။ ပထမဆုံးမေးချင်တာကတော့ ခင်ဗျားရဲ့ ဒူးအခြေအနေ ဘယ်လိုရှိလဲဆိုတာပါ။**

ဟုတ်ကဲ့။ ကြည့်ရတာ အပတ်တိုင်းမှာ နည်းနည်းချင်းပိုကောင်းလာတဲ့ပုံပေါ်နေတယ်။ အနိုင်ရဖို့ အခွင့်အလမ်းတွေ ပိုတိုးတက်လာမယ် မျှော်လင့်ရပါတယ်။

**ခင်ဗျားဖြစ်ခဲ့သလိုမျိုး အကြာကြီးနားပြီးမှ ပြန်လာနိုင်တာမျိုး၊ ပြိုင်ပွဲတွေ နိုင်ခဲ့တာမျိုးက ဖြစ်လေ့ဖြစ်ထပုံစံမျိုး မဟုတ်ပါဘူး။ ခင်ဗျားရဲ့ လျှို့ဝှက်ချက်က ဘာများပါလဲ။**

ကျွန်တော်မသိဘူးဗျ။ ကံကောင်းစွာပဲ ကိစ္စတွေက တကယ်ကောင်းကောင်းဖြစ်ခဲ့ပါတယ်။ ပထမဆုံးကစားတဲ့ပြိုင်ပွဲနှစ်ပွဲမှာပဲ တကယ်အရမ်းကြီးမကောင်းပေမဲ့ တော်တော်ကောင်းကောင်းလေး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အကာတ်ပယ်လ်ကိုပြိုင်ပွဲစကတည်းက ကျွန်တော်တကယ်ကောင်းကောင်း စကစားနိုင်ခဲ့ပြီး ကျွန်တော့်ဒူးကလည်း ပိုကောင်းလာခဲ့ပါတယ်။ ဒီနောက်တော့ ဒီလိုကာလတိုလေးအတွင်း စိတ်ကူးတောင်မကြည့်ခဲ့ဖူးတဲ့ ပုံစံမျိုးနဲ့ ကျွန်တော်ကစားပြီး ပွဲတွေအများကြီးကို နိုင်ခဲ့တော့တာပါပဲ။

**ဒီလိုဆိုခင်ဗျားရဲ့ ပထမဆုံးအောင်မြင်တဲ့ ရာသီဟာ ခင်ဗျားပြန်လာတဲ့ရာသီလို့ ကျွန်တော်တို့ ပြောနိုင်တာပေါ့။**

ဟုတ်ကဲ့။ ကျွန်တော့်အမြင်ကတော့ တကယ့်အရေးကြီးဆုံး အောင်မြင်မှုဆိုတာ ပြန်လာနိုင်တာထက် ကျွန်တော့်ဒူး ရာနှုန်းပြည့်ပြန်ကောင်းလာ တာပဲဖြစ်ပါတယ်။ ဒါဟာ ကာလရှည်အောင်မြင်မှုပါ။ ကာလတိုအတွင်းနိုင်တာတွေထက်ပိုပြီး စိတ်ကျေနပ်စရာကောင်းပါတယ် ပြန်လည်နာလန်ထကောင်းမွန်ရေးအတွက် ပထမဆုံးခြေလှမ်းကတော့ ယှဉ်ပြိုင်မှုတွေ ပြန်စဖို့အရေးဖြစ်ခဲ့ပါတယ်။ ကျွန်တော်ပြိုင်နိုင်ခဲ့တယ်။ တစ်ပတ်ပြီးတစ်ပတ် ပိုကောင်းလာတဲ့ပုံလည်း ပေါ်နေပါတယ်။

**ခင်ဗျားဒဏ်ရာရပြီးတဲ့နောက် ခင်ဗျားရဲ့ ဟန်ပြောင်းလဲရေးနဲ့ ပတ်သက်လို့ တစ်ယောက်ယောက်က အကြံပေးခဲ့တာရှိလား။**

အမှန်ကတော့ ဒီလိုမျိုး ကျွန်တော့်ရဲ့ကစားဟန်ပြောင်းလဲရေးက သိပ်မကောင်းခဲ့ပါဘူး။ လူတိုင်းက သူ့ကိုယ်ပိုင်ဟန် ရှိကြပါတယ်။ ကျွန်တော်လည်း နှစ်တိုင်း တိုးတက်အောင် ကိုယ်လုပ်နိုင်သလောက်လုပ်ခဲ့ပါတယ်။ ကျွန်တော်လည်း တိုးတက်ခဲ့ပြီး ပိုအားကောင်းမောင်းသန်တဲ့နည်းလမ်းနဲ့ ကစားဖို့ ပြောင်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ကစားဟန်ကို အလွန်အကျွံကြီး ပြောင်းလဲပစ်ဖို့ကတော့ သိပ်မဖြစ်နိုင်ဘူးထင်ပါတယ်။

**ခင်ဗျားဒဏ်ရာမရခင်က ခင်ဗျားဟာအကောင်းဆုံးပုံစံရှိခဲ့တယ်။ အဲဒီအဆင့်ကို ခင်ဗျားပြန်ရောက်နိုင်တယ်လို့ ထင်ပါသလား။**

အဲဒါ ကျွန်တော့်ရည်မှန်းချက်ပါ။ ကျွန်တော့်ဒူးတွေက ခွင့်ပြုရင်ပေါ့လေ။ ကျွန်တော်ပြင်းပြင်းထန်ထန်ကစားနိုင်မှာ သေချာပါတယ်။ ခုနစ်လလောက်နဲ့တော့ တင်းနစ်ကို ဘယ်လိုကစားရမယ်ဆိုတာ မေ့သွားမယ်လို့ ကျွန်တော်မထင်ပါဘူး။ ကျွန်တော်ပြန်ကစားတော့ အဆင့်ကောင်းကောင်းနဲ့ စကားနိုင်ခဲ့တယ်။ မနှစ်ကရခဲ့တဲ့ ရစ်သမ်မျိုး၊ အဆင့်မျိုး၊ ယုံကြည်မှုမျိုးရဖို့ကတော့ မလွယ်ဘူးထင်ပါတယ်။ ကြိုးစားလုပ်ဖို့ လိုပါတယ်။ အဲဒါက အားကစားမှာ ကောင်းတဲ့အချက်ပဲ။ ပန်းတိုင်ကြီးတွေဆီကို ရောက်ဖို့အလုပ်လုပ်ရင်း ရုန်းကန်ရင်းနဲ့သာ အောင်မြင်မှုရပါမယ်။ ဒါကြောင့်ပဲ ကိုယ့်ပန်းတိုင်ကို ကိုယ်ရောက်နိုင်ခဲ့ရင် ပျော်ရတာပေါ့။

**ကမ္ဘာ့ထိပ်တန်းကစားသမားတွေဖြစ်တဲ့ ဂျိုကိုဗစ်၊ ဖက်ဒါးရားနဲ့ မာရေးတို့လို ကစားသမားတွေနဲ့ ခင်ဗျားကို ဘယ်အရာက ကွာခြားစေတာပါလဲ။**

ကျွန်တော်မသိဘူး။ အဲဒါ ကျွန်တော်တို့ပြောတဲ့အပေါ်မှာပဲ မူတည်ပါလိမ့်မယ်။ ကျွန်တော်တို့က ရမှတ်တွေအကြောင်း ပြောရင် အဆင့်သတ်မှတ်ချက်တွေထဲမှာ မြင်နိုင်တာပဲ။ ကစားနိုင်စွမ်းအဆင့်အကြောင်း ပြောရင်တော့ ဒီကနေ့ကျွန်တော်ဘယ်မှာ ရပ်တည်နေလဲဆိုတာ အတိအကျမပြောနိုင်ပါဘူး။ ကျွန်တော်သူတို့နဲ့ ယှဉ်ကစားနိုင်တဲ့အဆင့်ရှိ၊ မရှိ ကျွန်တော်မသိပါဘူး။ လာမယ့်အပတ်တွေမှာ တွေ့ရမှာပါ။ ဒီကစားသမားတွေနဲ့ ကျွန်တော်ကစားနိုင်စွမ်းရှိ၊ မရှိရယ် ဘယ်သူက ကမ္ဘာမှာ အကောင်းဆုံးလည်း ဆိုတာပေါ့။

**ခင်ဗျားဟာ စပိန်လူမျိုးတွေကြားထဲမှာ အပြင်တွဲထွက်ပြီး ဘီယာတွဲသောက်ရမယ်ဆိုရင် ခင်ဗျားကပဲ ဝယ်တိုက်ရမယ်ဆိုတာကို သိပါသလား။ ဘာကြောင့်လဲဆိုတော့ စပိန်မှာ အခုအခြေအနေက သိပ်မကောင်းဘူး။ အားကစားသမားတစ်ဦးအနေနဲ့ စပိန်ရဲ့ စီးပွားရေးအခြေအနေကို ခင်ဗျားဘယ်လိုထင်ပါသလဲ။**

ဒါဟာ ဝမ်းနည်းဖွယ်ရာ အခြေအနေဆိုတာ အထင်အရှားပါပဲ။ လူတိုင်း (စီးပွားရေးကျဆင်းမှုကြောင့်) ဒုက္ခခံနေရတာကို မြင်ရတာခက်ခဲလှတယ်။ ကျွန်တော်တို့တစ်ဦးချင်းလည်း အခြေအနေကြောင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပြီး အကျိုးသက်ရောက်ခံနေရတာပါ။ ဒီနောက်ဆုံးနှစ်မှာတော့ လူတွေဟာ ခေတ်ကျပ်ထဲက ထွက်လာနေကြပြီ။ ကျွန်တော် သူတို့ကို အားပေးချင်ပါတယ်။ နေ့တိုင်းအတူ အလုပ်လုပ်ရင်းနဲ့ ဒီလိုဏ်ခေါင်းရဲ့အဆုံးကို ရောက်သွားမှာပါ။ တခြားတစ်ဖက်မှာ အလင်းရောင်ကိုနောက်ထပ်တစ်ကြိမ်ပြန်မြင်ရမှာပါ။ စပိန်ဟာကြီးကျယ်ခမ်းနားတဲ့ နိုင်ငံတစ်ခုဖြစ်တာကြောင့် ဒီလိုဖြစ်လာမယ်လို့ သေချာပေါက် ကျွန်တော်ပြောရဲပါတယ်။

*—Ref: Rafa Nadal: the comeback kid, Euronews, 21th April*

မွန်မြတ်ဆေးခန်း ဗိသာနုဘာ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူးခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ပျောက်ကင်းပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါဖြစ်သူများကို ပြန်လည်ကောင်းမွန်စေပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၅၁၀၃၃
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၀ ၅၈၅၉၄၅

# ပြင်သစ်သမ္မတအတွက် ခေါင်းကိုက်စရာပြဿနာ


Photo: AFP

**ကြည်နေဝင်းမင်း**

ပြင်သစ်နိုင်ငံသား ထက်ဝက်ခန့်မှာ နိုင်ငံခြားတွင် နေထိုင်၊ အလုပ်လုပ်ရေး စဉ်းစားဖူးကြသည်။ မစ္စဂျူလီတီဆာ (၂၂)နှစ်မှာ ၎င်းတို့ထဲမှ တစ်ယောက်ဖြစ်သည်။

"ကျောင်းဆရာမလုပ်မယ်လို့ ကျွန်မ စိတ်ကူးထားတယ်" ဟု သူမက ပြောသည်။ "ပြင်သစ်နိုင်ငံမှာ အမြဲတမ်း ဆရာတွေ လိုနေတယ် မဟုတ်လား။ ဆရာမတွေကိုအမြဲပဲလက်ခံတယ်လေ။ ဒါပေမဲ့လည်း ကျွန်မ နိုင်ငံတကာကကုန်သွယ်ရေး ဒီပလိုမာတစ်ခုလည်း တက်နေတယ်။ ကျွန်မ အလုပ်ပြောင်းချင်ရင် ပြင်သစ်နိုင်ငံမှာ အလုပ်ရမလားဆိုတာ မသေချာဘူးလေ"ဟု သူမကဆိုပါသည်။

ပြင်သစ်လူငယ်များအကြား အကောင်းမြင်ဝါဒထက် အဆိုးမြင်ဝါဒ လွှမ်းမိုးနေခြင်းမှာ အကြောင်းပြချက်ကောင်းရှိပါသည်။ အသက်(၃၅)နှစ်အောက် ပြင်သစ်လူငယ် ၂၇ ရာခိုင်နှုန်းမှာ အလုပ်မရှိဖြစ်နေကြသည်။ ယင်းအတွက်ကြောင့်လည်း နိုင်ငံရပ်ခြားအလုပ်မှာ စွဲဆောင်အားကောင်းနေခြင်းဖြစ်သည်။

မတ်လအတွင်းပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေမှာ ၃,၂၂၄,၀၀၀ သို့ရောက်ရှိလာခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် တင်ထားသော ၃,၁၉၅,၀၀၀ အရေအတွက်ကို စံချိန်ချိုးသွားပါသည်။ ယင်းတို့ထဲမှ သုံးပုံနှစ်ပုံ အလုပ်ရှာနေသည်မှာ တစ်နှစ်ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သည်။

"ဒါဟာ သမ္မတ ဖရန်ဆွာဟော်လန်ဒီရဲ့ပြဿနာပဲလေ"ဟု မစ္စဂျူလီက ဆိုလိုက်သည်။ "လူတွေက သမ္မတဟော်လန်ဒီကို မဲပေးတာအားလုံးကို သူကဖြေရှင်းနိုင်မယ်လို့ ထင်ခဲ့ကြတယ်။ အားလုံးပြီးပြည့်စုံသွားလိမ့်မယ်။ နောက်ထပ် အိုဘားမားတစ်ယောက်၊ သူရဲကောင်းကြီးလို့ထင်ခဲ့ကြတယ်။ အခုတော့ သူတို့ စိတ်ပျက်နေကြပြီ။ ဟော်လန်ဒီလည်း ဘာမှမထူးဘူးလို့ ပြောနေကြပြီ။ ဒါပေမဲ့လည်း လက်ရှိ တစ်ကမ္ဘာလုံး အကျပ်အတည်းတွေ့နေတဲ့ အချိန်ကြီးမှာ ဘယ်သမ္မတမှ အားလုံးကောင်းသွားအောင် မလုပ်နိုင်ဘူး"

သူမ မှန်သည်။ အခြေအနေကို ရှင်းရှင်းလင်းလင်း မမြင်နိုင်သူများစွာ ရှိပါသည်။ ရှေ့လတွင် မစ္စတာဟော်လန်ဒီ၏ သမ္မတသက်တမ်း နှစ်ပတ်လည်နီးကပ်လာသည်နှင့် အမျှ ၎င်းကိုထောက်ခံမှု ရာခိုင်နှုန်းမှာ မဖြစ်စလောက် ၂၇ ရာခိုင်နှုန်းသာ ရှိသည်။ မည်သည့်သမ္မတမျှ သက်တမ်းတစ်နှစ်အတွင်းထိုမျှလောက် မြန်မြန်ထောက်ခံမှု မကျဆင်းခဲ့။ အလုပ်လက်မဲ့ပြဿနာက လူထုစစ်တမ်း အနုတ်ဘက် မဲတင်းနေခြင်းကို သံသယရှိစရာ မလိုပေ။

နိုင်ငံစီးပွားရေးက ရပ်တန့်နေပြီး အစိုးရကလည်း ယခုအချိန်မှစ၍ ၂၀၁၇ ခုနှစ်အတွင်း ယူရိုငွေ ၆၀ ဘီလီယံ အသုံးစရိတ်လျှော့ချရေး စီစဉ်ထားရာ လှုပ်သာလှည့်သာ အခြေအနေကျဉ်းမြောင်းပါသည်။

သို့သော် မစ္စတာဟော်လန်ဒီကလည်း အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေး၊ အထူးသဖြင့် လူငယ်အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေးကို သူလုပ်နိုင်သလောက် လုပ်ပေးနေပါသည်။ အသက်(၁၆)နှင့် (၂၅)နှစ်ကြား လူငယ်များအား အနည်းဆုံးတစ်နှစ် အလုပ်ခန့်ပေးသော ကုမ္ပဏီများအတွက် အစိုးရထောက်ပံ့ကြေးများ ရက်ရက်ရောရော ပေးအပ်သည်။ ယင်းအစီအစဉ်ကိုလည်း 'မျိုးဆက်ကန်ထရိုက်များ'ဟု ခေါ်ဝေါ်ပါသည်။

လူငယ်များကို ငှားရမ်းပြီး အသက်(၅၇)နှစ်နှင့်အထက် လူကြီးများကို ဆက်လက်အလုပ်ခန့်ထားသော ကုမ္ပဏီငယ်များအတွက် အထူးထောက်ပံ့ကြေးများ ထားရှိပါသည်။ ယင်းအစီအစဉ်မှာ သက်ကြီးအလုပ်သမားများအား အလုပ်ခွင်တွင် ဆက်လက်ထားရှိရင်း ၎င်းတို့၏ ကျွမ်းကျင်မှုများ၊ ဗဟုသုတများကို လူငယ်မျိုးဆက်များသို့ လွှဲပြောင်းပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ရှေ့လာမည့် ငါးနှစ်အတွင်း ယင်းသို့ကန်ထရိုက်စာချုပ်ပေါင်း ငါးသိန်းခန့် ချုပ်ဆိုနိုင်မည်ဟု အစိုးရက မျှော်လင့်ထားပါသည်။ ဤကဲ့သို့သော ကန်ထရိုက်စာချုပ်များ ချုပ်ဆိုခြင်းကို အားပေးအားမြှောက်ပြုရန် အမျိုးသားအလုပ်အကိုင်အေဂျင်စီတွင် အပိုလုပ်သား ၂၀၀၀ ခန့်အပ်ထားပါသည်။

"ဒီတစ်နှစ်အတွင်း အလုပ်လက်မဲ့လျှော့ချနိုင်မယ်ဆိုတာကို နှစ်နှစ်ကာကာ ယုံကြည်ရဲ့လားလို့ မေးလာရင်တော့ ဒါဟာ ယုံကြည်မှုကိစ္စ မဟုတ်ဘူး။ ပြီးခဲ့တဲ့ လအနည်းငယ်က ကျွန်တော်တို့ ချမှတ်ခဲ့တဲ့ အစီအစဉ်တွေကို ဆက်ပြီးလုပ်ဆောင်သွားမယ်။ ဒါပေမဲ့ ဒီနှစ်မကုန်ခင်မှာ အလုပ်လက်မဲ့ကိစ္စကို ပြောင်းပြန်လှန်နိုင်မှာတော့ မဟုတ်ဘူး"ဟု မစ္စတာဟော်လန်ဒီက ဆိုပါသည်။

ယင်းထင်မြင်ချက်ကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (OECD)အဖွဲ့ကလည်း မျှဝေခံစားပါသည်။ စီးပွားရေးပြန်လည် တိုးတက်စပြုလာမှသာ ပြင်သစ်နိုင်ငံအနေဖြင့် အလုပ်အကိုင် စတင်ဖန်တီးနိုင်လာပါလိမ့်မည်။ တစ်ဖက်တွင်လည်း စီးပွားရေးက သုံးလပတ်နှစ်ကြိမ်ဆက်တိုက် ရေသေထဲရောက်နေပါသည်။

လက်ယာယိမ်း အတိုက်အခံများက ရင်းနှီးမြှုပ်နှံမှု ပျက်စီးခြင်းနှင့် နိုင်ငံစီးပွားရေးအပေါ် ယုံကြည်မှု ဆုတ်ယုတ်လာစေခြင်းအတွက် သမ္မတဟော်လန်ဒီ၏ အခွန်ပေါ်လစီကို အပြစ်တင်ပါသည်။ မစ္စတာဟော်လန်ဒီကမူ ကုမ္ပဏီများအတွက် ယူရိုငွေ ဘီလီယံ ၂၀ အခွန်အနားပေးခြင်း အစီအစဉ်က ယင်းသို့ဝေဖန်ပြစ်တင်မှု အချို့ကို တွန်းလှန်နိုင်ပြီး ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုကို မွန်းကျပ်စေသည့် အလုပ်သမားကုန်ကျစရိတ်ကိုလျှော့ချနိုင်မည်ဟု မျှော်လင့်နေပါသည်။

လူဘယ်လောက်များများ နိုင်ငံခြားထွက်သွားသည်ကို သိရှိရန် ယုံကြည်ရလောက်သော ကိန်း ဂဏန်းမရှိပေ။ သို့သော် အထောက်အထားများ ရှိနေပါသည်။ ဘော်ဒိုး၊ နန့်စ်နှင့် စထရက်ဘာ့ဂ် မြို့ကြီးများထက် လန်ဒန်မြို့တွင် နေထိုင်သော ပြင်သစ်လူမျိုး ပိုများသည်။ နေထိုင်သူ လူဦးရေနှင့်တွက်လျှင် လန်ဒန်မှာ ပြင်သစ်၏ ဆဋ္ဌမအကြီးဆုံးမြို့ကြီး ဖြစ်သည်။


"နိုင်ငံရပ်ခြားသွားဖို့စိတ်ကူးတာကောင်းပါတယ်" ဆော်ဘွန်းမြို့တွင် ပညာသင်ကြားနေသူ အော်ရိုးဒါဆေးလ်ဗား(၁၉)နှစ်က ဆိုပါသည်။ "ကျွန်တော်ကတော့ သိပ်မပူရသေးဘူး။ နွေရာသီအလုပ်သင်လုပ်မယ့်ကိစ္စ အဆင်ပြေသွားပြီ။ နိုင်ငံရပ်ခြားသွားဖို့ အထူးသဖြင့် လန်ဒန်သွားဖို့ စိတ်ကူးကြည့်ဖူးတယ်။ ဒါပေမဲ့လည်း သူစိမ်းတစ်ယောက်အနေနဲ့ နိုင်ငံရပ်ခြားတိုင်းပြည်မှာ အလုပ်ရှာရတာ အများကြီးပိုခက်မှာပဲလို့ ကျွန်တော် ပူပန်နေတယ်"ဟု ဆေးလ်ဗားက စကားဆက်ပါသည်။

ယင်း အခြေအနေများက ယူရိုဇုန်ရှုံးသွပ်ခဲ့သူများကိုလည်း စိတ်ပူပန်လာစေပါသည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူရိုရုံးချုပ်များ အခြေစိုက်ရာ ဘရပ်ဆဲလ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အတွင်း၌လည်း ခြိုးခြံချွေတာရေး အစီအစဉ်မှာ ပြင်သစ်၊ ဗြိတိန်နှင့် ဥရောပတောင်ပိုင်းနိုင်ငံများတွင် အလုပ်မဖြစ်ကြောင်း နည်းဗျူဟာအရ ပြောင်းလဲမှုရှိလာသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမယ်န်ျူရယ် ဘာရိုဆိုက လွန်ခဲ့သောရက်သတ္တပတ်ကပြောကြားရာတွင် "ခြိုးခြံချွေတာရေး ပေါ်လစီဟာ အခြေခံသဘောတရားအရ မှန်ကန်တယ်လို့ ထင်မြင်ပေမယ့်လည်း ခံနိုင်ရည်အဆုံးသတ်ဆီ ရောက်သွားပြီလို့ ကျွန်တော် ထင်တယ်"ဟု ၎င်းကဆိုပြီး ဆက်လက်၍ "ပေါ်လစီက မှန်ကန်ပေမယ့်လည်း အခုနှုန်းအတိုင်းဆိုရင် နိုင်ငံရေးနဲ့ လူမှုရေးအရ ရေရှည်ထိန်းထားနိုင်မှာ မဟုတ်ဘူး"။

မစ္စတာဟော်လန်ဒီကလည်း ယင်းအချက်ကိုပင် အငြင်းအခုံလုပ်ခဲ့သည်။ ၂၀၁၂ ဒီဇင်ဘာမှစ၍ ဂျာမနီ၏ တင်းကျပ်သော ခြိုးခြံချွေတာရေးအစီအစဉ်ကို စိန်ခေါ်ခဲ့သည်။ ရွေးကောက်ပွဲအတွင်း 'Change Now'ဆိုသော ကြွေးကြော်သံက လူငယ်များကို အားပြည့်စေခဲ့သည်။ အသက်(၁၈)နှစ်နှင့် (၂၄)နှစ်ကြား လူငယ် ၅၇ ရာခိုင်နှုန်းက မစ္စတာဟော်လန်ဒီကို ရွေးချယ်ခဲ့သည်။ ဝေဖန်သူများကမူ လူငယ်များကို မစ္စတာဟော်လန်ဒီက ထိတ်လန့်စရာ အခြေအနေအတွက် ပြင်ဆင်ပေးရန် ပျက်ကွက်ခဲ့သည်ဟု ပြောသည်။ ၎င်းသမ္မတသက်တမ်းတစ်နှစ်တာကာလ၌ အလုပ်လက်မဲ့နှုန်း လစဉ်တိုးလာခဲ့ပြီး ယင်းအခြေအနေကို ပြောင်းပြန်လှန်ရန်မှာ မစ္စတာဟော်လန်ဒီအတွက် အကြီးမားဆုံး စိန်ခေါ်မှုပင် ဖြစ်ပါသည်။

*—Ref: The Struggle to get France working again*


**အောင်ဝေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)**
**မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု**
အောင်ဝေယျာမင်းအထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဝေယျာမင်း Ph.D, M.A.R.P, C.T.M.P(Kol kata India) ကိုယ်တိုင်ဦးစီး၍ ပညာရှင်များနှင့် မနာမကျင်၊ မခွဲမစိတ်ဘဲ သော်မီလိပ်ခေါင်းအထူးကု ကွန်ပျူတာစက်ကို အသုံးပြု၍ Turell [illegible]
(အောင်ဝေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)
**အနိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ခေါင်းမိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု**
[illegible]
No. 68 ၊ ၁၂ လမ်း (အလယ်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့
ဖုန်း - ၀၁- [illegible]

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

## ကြက်ငှက်တုပ်ကွေး ပြန့်ပွားလာနိုင်ခြင်းကြောင့် တရုတ်ကြက်သား တင်သွင်းမှု မလေးရှားပိတ်ပင်

**ကွာလာလမ်ပူ၊ မေ-၂၇**
မကြာမီက တရုတ်ပြည်ပြင်ပ၌ ပထမဆုံးအကြိမ် အဖြစ်တိုင်ပေတွင် ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေ့ရှိကြောင်း အတည်ပြုခဲ့ပြီးနောက် နိုင်ငံတွင်းသို့ တရုတ်နိုင်ငံမှ ကြက်သားတင်သွင်းခြင်းကို ပိတ်ပင်ကြောင်း မလေးရှားအစိုးရက ကြေညာခဲ့သည်။

မလေးရှားတိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဌာနမှပြောခွင့်ရအမျိုးသမီးက တရုတ်နိုင်ငံတွင် ထိုငှက်တုပ်ကွေးမျိုး စိတ်သစ်ကို ထိန်းချုပ်နိုင်ပြီး ဗိုင်းရပ်စ်ပြန့်ပွားမှု ကင်းရှင်းကြောင်း ကြေညာနိုင်မှသာ တရုတ်နိုင်ငံမှ ကြက်သားများကို မလေးရှားနိုင်ငံသို့ ပြန်တင်သွင်းသွားမည်ဟု ကြေညာခဲ့သည်။

မလေးရှားသည် ယခုလအစောပိုင်းတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က တရုတ်မှ ကြက်သားတင်သွင်းမှုကိုပိတ်ပင်ခဲ့ပြီးနောက် တတိယမြောက်ပိတ်ပင်သောနိုင်ငံဖြစ်လာသည်။ မလေးရှားနိုင်ငံသည် ပြည်တွင်းကြက်မွေးမြူရေးသမားများကို ၎င်းတို့ ကြက်ကောင်ရေ စုစုပေါင်း၏ သုံးရာခိုင်နှုန်းခန့် ကြက်နာကျလာပါက အစိုးရတိမွေးကုသို့ အကြောင်းကြားရန် နှိုးဆော်ထားသည်။ —*Ref: Reuters*



Photo: AFP

*တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲတည်ထောင်ထားသည့် ကေဆောင်စက်မှုဇုန်မှ ထွက်ခွာလာသော တောင်ကိုရီးယားလုပ်သားတစ်ဦးကို မေ ၂၇ ရက်တွင် နယ်စပ်မြို့ ပါဂျူးရှိ နယ်စပ်ဖြတ်ကျော်စစ်ဆေးရေးရုံး ဂိတ်ရှေ့ ရောက်ရှိလာသောစဉ် မီဒီယာသမားများနှင့် တွေ့ရပုံ*

## အစိုးရဆုံးဖြတ်ချက်ကြောင့် တောင်ကိုရီးယားလုပ်သားများ ကေဆောင်စက်မှုဇုန်မှ ပြန်လည်ထွက်ခွာ

**ပါဂျူး၊ မေ-၂၇**
တောင်ကိုရီးယားလုပ်သား ဒါဇင်ပေါင်းများစွာသည် ၎င်းတို့ အစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် မြောက်ကိုရီးယားနိုင်ငံအတွင်း နှစ်နိုင်ငံပူးတွဲဖွင့်လှစ်ထားသော ကေဆောင်စက်မှုဇုန်မှပြန်လည်ထွက်ခွာကာ ဇာတိမြေသို့ပြန်ခဲ့ကြောင်း သိရသည်။

ထိုသို့ လုပ်သားများ အိမ်ပြန်ကြခြင်းမှာ မြောက်ကိုရီးယားအစိုးရက ထိန်းသိမ်းထားသော အမေရိကန်နိုင်ငံသားတစ်ဦးကို တရားခွင်တင် စစ်ဆေးသွားတော့မည်ဟုကြေညာပြီး တစ်ရက်တည်းတွင် ဖြစ်သည်။

ကေဆောင်စက်မှုဇုန်မှ ပြန်လည်ထွက်လာခဲ့သော လုပ်သားများထဲတွင် တရုတ်နိုင်ငံသားတစ်ဦးအပါအဝင် ၁၂၆ ဦးပါဝင်ခဲ့ကာ ၎င်းတို့သည် ပါဂျူးရှိနယ်စပ်စစ်ဆေးရေးဂိတ်မှ တစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ တောင်ကိုရီးယားအစိုးရသည် မေ ၂၆ ရက်တွင်ကေဆောင်စက်မှုဇုန်ပြန်ဖွင့်ရေးဆွေးနွေးပွဲများ တစ်ပတ်အတွင်းပြုလုပ်သွားရန် ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားနိုင်ငံက တုံ့ပြန်မှုမရှိခဲ့၍ ဇုန်အတွင်းရှိ ၎င်း၏ လုပ်ငန်းများအားလုံးမှ လုပ်သားများကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ဆိုးလ် လျှပ်စစ်ကုမ္ပဏီမှ မန်နေဂျာ ချိုယောင်ဂျူးက "ကျွန်တော်ကတော့ ပထမဆုံးအကြိမ် အိမ်ပြန်ရလို့ စိတ်သက်သာရာ ရတာထက် အများကြီးပိုစိုးရိမ်နေမိပါတယ်" ဟု ကေဆောင်မှ ထွက်ခွာရခြင်းနှင့် ပတ်သက်၍ ပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည်ပြီးခဲ့သည့်လဆန်းပိုင်းမှစ၍ ကေဆောင်စက်မှုဇုန်သို့ မြောက်ပိုင်းမှ လုပ်သားများ သွားရောက်ခွင့်ကိုပိတ်ပင်ခဲ့သည်။ ပြန်သွားသည့်လုပ်သားများထဲတွင်မပါဘဲ ဇုန်တွင် ကျန်နေရစ်သော တောင်ပိုင်းမှ အစိုးရလုပ်သား ၅၀ ဦးခန့်မှာ တယ်လီကွန်းနှင့် လျှပ်စစ်အင်ဂျင်နီယာများဖြစ်၍ ဇုန်ကို စီမံခန့်ခွဲနေသောအရာရှိများလည်း ပါဝင်သည်။ ၎င်းတို့မှာမူ နောက်တစ်ရက် မေ ၂၉ ရက်တွင် ပြန်ရမည်ဖြစ်သည်။

၂၀၀၄ တွင် တည်ထောင်ခဲ့ပြီး တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းမှု၏ ရှားပါးပြယုဂ်တစ်ခုဖြစ်သော ကေဆောင်စက်မှုဇုန်တွင် မြောက်ပိုင်းမှ လုပ်သား ၅၃,၀၀၀ ခန့် လုပ်ကိုင်ခဲ့ကာ မြောက်ကိုရီးယားနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရရှိရာနေရာတစ်ခုလည်း ဖြစ်ခဲ့သည်။

—*Ref: AFP*

## ဒေလီအဓမ္မမှုဖြစ်ပြီး သုံးလအတွင်း အိန္ဒိယသို့လာသည့် ကမ္ဘာလှည့်ခရီးသည် ၃၅ ရာခိုင်နှုန်းကျဆင်း

**နယူးဒေလီ၊ မေ-၂၇**
ပြီးခဲ့သည့် ဒီဇင်ဘာက ဆေးကျောင်းသူ မိန်းမပျိုတစ်ဦးကို အုပ်စုလိုက် အဓမ္မမှုသတင်း နိုင်ငံတကာသို့ ပျံ့နှံ့ပြီးနောက် အိန္ဒိယနိုင်ငံသို့ ဇန်နဝါရီမှ မတ်လအထိ သုံးလတာအတွင်း သွားရောက်လည်ပတ်သော အမျိုးသမီး ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည်ယခင်ကထက်၃၅ရာခိုင်နှုန်း ကျဆင်းသွားသည်။

အိန္ဒိယစက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးကုန်သည်ကြီးများအသင်း၏ အဆိုအရ ခရီးသွားလုပ်ငန်းပေါင်း ၁,၂၀၀ ခန့်ကို စစ်တမ်းကောက်ယူကြည့်ခဲ့ရာ ယင်းမှ လုပ်ငန်း ၇၂ ရာခိုင်နှုန်းခန့်က ဗြိတိန်၊ ကနေဒါ၊ အမေရိကန်နှင့် ဩစတြေးလျတို့မှ အိန္ဒိယသို့ လာရောက်ရန် စီစဉ်ထားသော ခရီးစဉ်များကို၎င်းတို့၏ဧည့်သည်များက ဖျက်သိမ်းခဲ့ကြကြောင်း ဆိုခဲ့သည်။

ထို့အပြင် စစ်တမ်းတွင် အိန္ဒိယနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်သော ခရီးသည် စုစုပေါင်း အရေအတွက်သည်လည်း ဒေလီအဓမ္မမှုဖြစ်ပြီးကာလနောက်ပိုင်း ၂၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်း တွေ့ရသည်ဟု ဖော်ပြထားသည်။

ကုန်သည်ကြီးများအသင်း၏ အကြီးအကဲ ဒီ၊ အက်စ်၊ ရာဝတ်ကလည်း "ဒေလီမှာဖြစ်ခဲ့တဲ့ရက်စက်တဲ့အဓမ္မမှုဟာ ဒီနိုင်ငံကိုလာလည်မယ့် အမျိုးသမီးခရီးသွားတွေရဲ့ လုံခြုံရေးကို ပူပန်မှုတွေ မြင့်တက်စေခဲ့ပါတယ်"ဟု ပြောသည်။ ၎င်းက ကမ္ဘာလှည့်များသည် အိန္ဒိယသို့သွားရန် မစဉ်းစားတော့ဘဲ အခြားအာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကိုသာ ပြောင်းလဲသွားရောက်ခဲ့ကြကြောင်း ဆိုသည်။

အိန္ဒိယခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အဆိုအရ ယမန်နှစ်က နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၆ ဒသမ ၆ သန်း လာရောက်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၁၇ ဒသမ ၇၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

—*Ref: The Straits Time*

## ထိုင်းအစိုးရ လစာစနစ်သစ်ကြောင့် ဆရာဝန် ၁၄၆ ဦး အလုပ်မှနုတ်ထွက်

**ဘန်ကောက်၊မေ-၂၇**
လုပ်ငန်းစွမ်းဆောင်ရည်အပေါ် မူတည်၍ လစာပေးမည့် အစိုးရ၏ စနစ်သစ်ကြောင့် ထိုင်းနိုင်ငံတွင် ကျေးလက်နှင့် မြို့ပြရှိ ဆေးရုံများမှ ဆရာဝန် ၁၄၆ ဦး အလုပ်မှ နုတ်ထွက်ခဲ့ကြပြီး အချို့မှာပုဂ္ဂလိကဆေးရုံများသို့ ပြောင်းရွှေ့သွားသည်။

အလုပ်ထွက်သွားသည့် ဆရာဝန်များတွင် ၁၁ ဦးမှာ အထူးကု ဆရာဝန်များဖြစ်ကြောင်း ကျေးလက်ဆရာဝန်များအသင်း ဥက္ကဋ္ဌဟောင်းဖြစ်သူ ဒေါက်တာ အာရက်ဝေါင်ဝိုရာချတ်က ပြောသည်။ ထိုင်းနိုင်ငံတွင် စာရင်းများအရ ဆရာဝန်ဦးရေ ၃,၄၂၅ ဦးမှာ ကျေးလက်ဆေးရုံများတွင် လုပ်ကိုင်နေကြသည်ဟု သိရသည်။

ယမန်နေ့ကစ၍ ပြဌာန်းခဲ့သော ထိုင်းကျန်းမာရေးဝန်ကြီးဌာန၏ လစာစနစ်သစ်အရ ကျေးလက်ဆေးရုံ ၇၃၆ အနက် ၆၁၄ ခုတွင် နေရာဝေးကွာမှုကြောင့် ခွင့်ပြုငွေများဖြတ်တောက်မည်ဟု သိရသည်။

ဒေါက်တာဝေါင်ဝိုရာချတ်က "ဆရာဝန်တွေနဲ့ အထူးကုတွေ နယ်ဆေးရုံတွေကနေ နုတ်ထွက်ကြတာဟာ အလှမ်းဝေးတဲ့နေရာတွေမှာ နေထိုင်ရတဲ့ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အရေးပေါ် ထိခိုက်စေမှာပါ"ဟု ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ လစာစနစ်သစ်မှာ ဆရာဝန်များ၏ လုပ်ဆောင်ရမည့် အလုပ်ပမာဏအလိုက်သာ ပေးမည်ဖြစ်၍ ဆေးကုသမှုလိုအပ်ချက် နည်းပါးသောကျေးလက်များမှဆရာဝန်များမှာ မူလကထက် လစာလျော့ရတော့မည်ဖြစ်ကြောင်း သိရသည်။

—*Ref: CNN*

# Entertainment

7DAY NEWS JOURNAL

Vol.12, No.8 • MAY 2 , 2013




ဓာတ်ပုံ-ကျော်ဇင်သန်း

## “မောင်တင်ဦးက ရွှေဖြစ်တဲ့ ရွှံ့ကိုပဲ ရွေးကိုင်တတ်ခဲ့တာ”

### ဒါရိုက်တာမောင်တင်ဦးနှင့်တွေ့ဆုံခြင်း

**အေးသူစံ**

‘နေထွက်သောည’၊ ‘တစ်ခါကတစ်ဘဝ’၊ ‘သကြ်န်မိုး’၊ တိုက်ပွဲခေါ်သံ’၊ ‘နှလုံးလှလှူမိုက်’ စတဲ့ဇာတ်ကားကောင်းများ ရိုက်ကူးခဲ့ခြင်းကြောင့် အကောင်း ဆုံးဒါရိုက်တာဆုငါးကြိမ်တိုင်တိုင်ရထားတဲ့ ဒါရိုက်တာ မောင်တင်ဦးဟာ ရုပ်ရှင်ရွှေခေတ်လွန်ကာလများမှာ နာမည်ကြီး ဒါရိုက်တာတစ်ဦးအဖြစ် ထင်ရှားခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် သကြ်န် ပွဲတော်နီးတိုင်း လွင့်ပျံ့လာတဲ့ သကြ်န်တေးသံတွေနဲ့ သကြ်န်ဇာတ်ကားတွေ ကြားထဲမှာခုထိ သရဖူဆောင်းထားနိုင်ဆဲ ‘သကြ်န်မိုး’ ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်ဝင်သီချင်းတွေကို တွဲစပ်ဖန်တီးရိုက်ကူး ခဲ့သူအဖြစ် ထင်ရှားသူတစ်ဦးလည်းဖြစ်ပါတယ်။ တက်သစ်စ သရုပ်ဆောင်ပေါင်းများစွာကို အကယ်ဒမီရွှေစင်ရုပ်ဆု ပိုင်ဆိုင်နိုင်အောင် အနုပညာအစွမ်းထက်လွန်းလို့ ရုပ်ရှင်လောကမှာ တစ်ချိန်က ဆရာတစ်ဆူအဖြစ် တပည့်တပန်း ပေါများခဲ့သူပါ။ ဒါရိုက်တာမောင်တင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့တာကို ဖော်ပြပေး လိုက်ပါတယ်။

**သကြ်န်မိုးနောက်ပိုင်းမှာ တကယ့်ဂန္ထဝင်သကြ်န်ရုပ်ရှင်ကားတွေ ထွက်မလာတော့တာ ဘာကြောင့်ပါလဲ။**

နောက်ပိုင်းမှာတော့ သကြ်န်မိုးလိုကားမျိုးအတွက် စိတ်ကူး စိတ်သန်းတော့ရှိတာပေ့ါ။ တန်ခူးလေဆိုပြီး ကားကြီးတစ်ကား ရိုက်ဖို့စဉ်းစားခဲ့တယ်။ သကြ်န်မိုးပြီး ဆယ်နှစ်လောက် ကြာလာတော့ ရင်ထဲမှာ အသီးအပွင့်အခိုင်တွေ ပိုများလာတယ်။ ခုချိန်မှာ အဲဒီ အသီးတွေက ကြွေကျတော့မယ်။ သကြ်န်မိုးလို ထုတ်လုပ်မှုမျိုးကို ဒီအချိန်မှာဘယ်သူမှ မထုတ်လုပ်နိုင်ကြတော့ဘူး။ ဒီပန်းခိုင်တွေ ဒီအသီးတွေကို ဒီအတိုင်းကြီး အကြွေခံရတော့မယ့် အခြေအနေ ဖြစ်နေတယ်။ အနုပညာသမားတစ်ယောက်အနေနဲ့တော့ မတတ်နိုင်တဲ့ကိစ္စ။ ဒီတော့ အနုပညာသမားတစ်ယောက်အနေနဲ့ အာသာပြေအောင် ‘တန်ခူးတခွေ’ ဆိုတဲ့ဗီဒီယိုရိုက်တယ်။ စိတ်ထဲမှာ အကြီးကြီးမလုပ်ရတဲ့အခါ သေးသေးလေးလုပ်ကြည့်တာပါ။ **စာ(၄၁)သို့**



## ချီလီပရိသတ်များရဲ့ လီမင်ဟိုသစ်တော

**ဆိုးလ်၊ မေ-၂၅**

ချီလီနိုင်ငံရှိလီမင်ဟို၏ ပရိသတ်များက မီးလောင်သွားသော သစ်တောကို လီမင်ဟိုအမည်ဖြင့် ပြန်လည်ထူထောင်ရန် စီစဉ်နေကြသည်။

သစ်တောကိုပြန်လည်ထူထောင်နိုင်ရန် အပင်ပေါင်း ၃၃၂၆ပင် လှူဒါန်းစိုက်ပျိုးခဲ့ကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်သည် သစ်တောကို နဂိုမူလအတိုင်း ပြန်ဖြစ်စေရန်ဖြစ်ပြီး ၎င်းတို့၏ မျှော်မှန်းချက်သည်တစ်နေ့ချစ်ခင်ရသောလီမင်ဟိုသည်၎င်းတို့နိုင်ငံသို့လာရောက်လိမ့်မည်ဟုရည်ရွယ်ခြင်းဖြစ်သည်။

ရုပ်ရှင်မင်းသားလီမင်ဟိုသည်နာမည်ကျော် ရုပ်ရှင်ဇာတ်ကား Secret Garden ဒါရိုက်တာ ကင်အန်စွတ်ရေးသားသော ဒရာမာဇာတ်လမ်းသစ်တစ်ခုတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

လီမင်ဟိုသည် ရုပ်သံဇာတ် လမ်းများမရိုက်မီ တေးသီချင်း အယ်လ်ဘမ်တစ်ခု ထွက်ရှိမည်ဖြစ်ပြီး နယ်လှည့်ဖျော်ဖြေပွဲများလည်း ပြုလုပ်မည်ဖြစ်သည်။ တေးအယ်လ်ဘမ် ထွက်ရှိရခြင်း နှင့် နယ်လှည့်ဖျော်ဖြေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ၎င်း၏ အမာခံပရိသတ်များနှင့် တွေ့ဆုံ နိုင်ရန်ဖြစ်ပြီး ပရိသတ်များ ဖျော် ဖြေမှုများပေးချင်သောကြောင့်ဖြစ်သည်ဟု ၎င်းကဆိုသည်။

“ကျွန်တော့်ကို ချစ်ခင်မြတ်နိုးတဲ့ ကျွန်တော်ရဲ့ ပရိသတ်ကြီးတွေကို တုံ့ပြန်မှုအနေနဲ့လက်ဆောင်လေးတွေပေးဖို့စုထားပါတယ်။ ကျွန်တော်သရုပ်ဆောင်မှုကိုလည်း အကောင်းဆုံး ကြိုးစားသွားမှာပါ။ ချစ်ခင်မြတ်နိုးပေးတဲ့အတွက်လည်း ကျေးဇူးအများ ကြီးတင်ပါတယ်” ဟု မင်းသားလီမင်ဟိုက ပြောကြားလိုက်သည်။

Ref: Kpopstarz



မိုးယုစံ သွေးလှူဒါန်းနေစဉ်

ဓာတ်ပုံ-ကျော်ဇင်သန်း

## ဘာသာပေါင်းစုံ ညီညွတ်မှု သွေးကွန်ရက် သွေးလှူပွဲတွင် အနုပညာရှင်များ အားဖြည့်

**ဖွဲ့ညက်**

**ရန်ကုန်၊ မေ-၂၇**

လူမျိုး၊ ဘာသာပေါင်း စုံ ညီညွတ်မှု သွေးကွန်ရက် (ရန်ကုန်)၏ အသင်းဖွဲ့စည်းမှု အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲတွင် နာမည်ကျော်အနုပညာရှင်အချို့ ပါဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါပွဲတွင် သွေးမေတ္တာအဖွဲ့မှ ဒုဥက္ကဋ္ဌဖြစ်သူ အကယ်ဒမီဝေဠုကျော်က ယခုကွန်ရက်ဖွဲ့စည်းခြင်းသည် ၎င်းတို့၏ သွေးမေတ္တာအဖွဲ့မှဦးစီးလုပ်ဆောင်ခြင်းမဟုတ်ဘဲ ရန်ကုန်မြို့တော်ရှိဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးအဖွဲ့များ သုံးပုံတစ်ပုံပါဝင်လာလျှင် ဖွဲ့စည်းပုံဖြင့် စတင်ဖွဲ့စည်းမည်ဟု ပြောသည်။ ထို့ပြင် ကွန်ရက်ဖွဲ့စည်းမှု အားနည်းပါကလည်း လှူလိုက်သော အလှူရှင်များ၏ ပစ္စည်းများ လိုအပ်သည်ထက် ပိုမိုကာ အပြည့်အစုံအကျိုးမဖြစ်နိုင်ကြောင်း ၎င်း၏ အတွေ့အကြုံများနှင့်ယှဉ်၍ ပြောသည်။

သွေးလှူပွဲသို့ ရုပ်ရှင်အစည်းအရုံး ဒုဥက္ကဋ္ဌ အကယ်ဒမီလူမင်း၊ ဒါရိုက်တာအဏ်ထော်ဏီအပါအဝင် အနုပညာနယ်ပယ်စုံမှလူများ လာရောက်လှူဒါန်းခဲ့ပြီး သွေးမေတ္တာအဖွဲ့ဝင် မိုးယုစံနှင့် မိုခမ်းတို့လည်း ပါဝင်လှူဒါန်းခဲ့သည်။

ယင်းပွဲသို့ ဘာသာပေါင်းစုံမှ အသင်းအဖွဲ့ ငါးဆယ်ခန့် တက်ရောက်ခဲ့ပြီး သွေးလှူရှင် ၁၅၀ဦးက လှူဒါန်းခဲ့သည်ဟု သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# လီယမ်ဟမ်းစ်ဝါ့သ်နဲ့ မိုင်လေဆိုင်းရပ်စ် တစ်ခန်းရပ်ပြီလား



**လော့စ်အိန်ဂျလိစ်၊ မေ-၂၆**

မိုင်လေဆိုင်းရပ်စ်နှင့် လီယမ်ဟမ်းဝါ့သ်တို့၏ ချစ်ဇာတ်လမ်း ပြီးဆုံးသွားပြီဟု သတင်းများထွက်ရှိနေသည်။ ၂၃နှစ်အရွယ် လီယမ်းဟမ်းဝါ့သ်သည် ၃၅နှစ်ရှိပြီဖြစ်သော Mod Men မင်းသမီး ဇန်နဝါရီဂျုန်းနှင့် တိတ်တဆိတ်တွဲနေကြောင်း သိရသည်။


လီယမ်၏ ဇန်နဝါရီနှင့် အပျော်သဘောတွဲရန် အနေအထားမှ အတည်သဘောသို့ ပြောင်းလဲသွားခဲ့သည်။

"လီယမ်က တစ်ချိန်လုံး ဇန်နဝါရီရဲ့ အိမ်မှာပါပဲ။ သူက သူမ ကြိုက်တတ်တဲ့ ဝိုင်တွေယူလာတယ်။ သူတို့ညဘက်တွေ ဇန်နဝါရီ အိမ်မှာပဲ တွေ့ကြတယ်။ အပြင်မထွက်ကြပါဘူး။ လူသိမခံချင်လို့လေ" ဟု ၎င်းတို့နှင့် ရင်းနှီးသူတစ်ဦးက ပြောကြားသည်။

မိုင်လေဆိုင်းရပ်စ်က လီယမ်ဟမ်းဝါ့သ်နှင့် လက်ထပ်လိုကြောင်းနှင့် ၎င်းတို့၏ ဆက်ဆံ ရေးကို မပျက်စီးလိုပေ။

လီယမ်သည် ဇန်နဝါရီနှင့် မည်သည့်အတိုင်းအတာအထိ ဆက်ဆံရေးရှိမည်ကို စိတ်ဝင်စားနေကြောင်းနှင့် ဇန်နဝါရီကလည်း လီယမ်နှင့်ပတ်သက်မှုကို အစွမ်း ကုန်ထိန်းသိမ်းလျက်ရှိသည်။

Ref: showbizspy






# ဦးအုန်းကျော်နှင့် ဂီတအစည်းအရုံးအမှု ငါးနှစ်အကြာတွင် ပြီး

**အေးသူစံ**

**မေ-၂၆**

မြန်မာနိုင်ငံဂီတအစည်းအရုံးပိုင် မြေညီထပ်အခန်းအား ငှားရမ်းထားသူထံမှပြန်လည်ရရှိရန်တရားစွဲဆိုထားသောအမှုမှာ ငါးနှစ်နီးပါး အကြာ ယခုနှစ် မတ်လ ၂၄ရက်တွင်အစည်းအရုံးက အနိုင်ရရှိသွားကြောင်း ယင်းအစည်းအရုံးဘက်မှ လိုက်ပါဆောင်ရွက်ပေးသူ ရှေ့နေ ဒေါ်နီလာအေးက ပြောသည်။

"တာမွေတရားရုံးက မတ်လ ၂၄ရက်နေ့မှာ မြေညီထပ်ကို အစည်းအရုံးကို ပြန်ပေးလိုက်ပြီး လက်ရှိနေထိုင်နေတဲ့ ဦးအုန်းကျော်နဲ့ ဆက်နွယ်နေသူများကို အခန်းကနေ ဖယ်ရှားပေးဖို့တရားမဇာရီအမှုကိုမေ ၂၄ရက်ကထပ်ပြီး လျှောက်ထားပါတယ်"ဟု ရှေ့နေ ဒေါ်နီလာအေးက ပြောသည်။

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ဓမ္မဒါနလမ်းရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး မြေညီထပ်အား၁၉၉၈ ခုနှစ်တွင် အစည်းအရုံး အမှုဆောင်အဖွဲ့မှ ယင်းအချိန်က အစည်းအရုံးတွင်ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသူ အကော်ဒီယံဦးအုန်းကျော်သို့ တစ်လလျှင် ကျပ်သုံးသောင်းဖြင့်ငှားရမ်းထားခဲ့သည်။ ၁၉၉၉ မှ ၂၀၀၃ခုနှစ်ထိ ကျပ်လေးသောင်းဖြင့် ငှားရမ်းခဲ့ပြီးနောက် ၂၀၀၅ခုနှစ်တွင်မြန်မာနိုင်ငံဂီတအစည်းအရုံးအမှု ဆောင်သစ်တက်လာချိန်၌ ငှားရမ်းခကို တိုးမြှင့်ကောက်ခံပြီး ငှားရမ်းမည့် သက်တမ်းကိုတစ်နှစ်တာ သတ်မှတ်လိုက်ခြင်းကို အကော်ဒီယံဦးအုန်းကျော်က လက်မခံခဲ့ပေ။ ယင်းကြောင့် ၂၀၀၉ခုနှစ်တွင် တရားမကြီးအမှုအမှတ်၈/၂၀၀၉၊ ၁၃၆၀ခုနှစ်မြို့ပြ ငှားရမ်းရေးဆိုင်ရာကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ၁၂(၁)(က)နှင့် ၁၂ (၁)(ဂ) တို့ဖြင့် တာမွေမြို့နယ် တရားရုံးတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး တရားလိုပြုလုပ်၍ အကော်ဒီယံ ဦးအုန်းကျော်အား တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အစည်းအရုံးမှာ လက်ရှိရထားတဲ့နေရာက အရမ်းကျဉ်းပြီး သင်တန်းဖွင့်ဖို့ကအစ နေရာအခက်အခဲရှိတယ်။ ခုမြေညီထပ်ပြန်ရလိုက်တော့ လုပ်စရာရှိတာတွေအတွက် အရမ်းအဆင်ပြေသွားတယ်"ဟုမြန်မာနိုင်ငံဂီတအစည်းအရုံးဒုဥက္ကဋ္ဌ ဦးလွင်မြင့်ကပြောသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တရားစွဲဆိုထားစဉ်အတွင်း တရားပြိုင်ဖြစ်သူ အကော်ဒီယံဦးအုန်းကျော်ကမြန်မာနိုင်ငံ ဂီတအစည်းအရုံးအဆောက်အအုံမှာ ၎င်း၏ လုံ့လဝိရိယစိုက်ထုတ်မှုဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းဖြင့် အမှုကိုချေပရင်ဆိုင်ခဲ့ကြောင်း သိရသည်။

အမှုမှာတာမွေမြို့နယ်တရားရုံးမှ အစည်းအရုံးသို့ အနိုင်ဒီဂရီချမှတ်ခဲ့ပြီးနောက် တရားရှုံးများဘက်မှအယူခံတက်နိုင်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးဘက်မှ ခန့်မှန်းပြောဆိုနေပြီး အကော်ဒီယံဦးအုန်းကျော် မိသားစု၏ ဖုန်းထံမေ ၂၅ရက်တွင် ဆက်သွယ်မေးမြန်းရာ ဖုန်းပြန်လည် ဖြေကြားမှုမရှိခဲ့ပေ။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးတွင် ယခင်အမှုဆောင်လက်ထက်ကတည်းက စတင်စွဲဆိုခဲ့သောအမှုဖြစ်ပြီး ငါးနှစ်နီးပါး ကြာသွားခြင်းမှာ ရုံးထိုင်တရားသူကြီးများ ပြောင်းရွှေ့သွားခြင်း၊ တရားမကျင့်ထုံးဥပဒေနှင့်အညီ တရားလိုတရားပြိုင်အခွင့်အရေးအရအဆင့်မြင့်တရားရုံးအဆင့်ဆင့်သို့ အယူခံတက်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အဆိုပါရှေ့နေက ပြောသည်။

7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

စာ(၃၉)မှ

# မောင်တင်ဦးနှင့်တွေ့ဆုံခြင်း

**အခုခေတ် ထုတ်လုပ်သူ တော်တော်များများက ငွေရှင်သဘောလောက်ပဲရှိကြပြီး အနုပညာပိုင်းမှာ အားနည်းကြတယ်လို့ ပြောကြပါတယ်။ သကြန်မိုးလို ဇာတ်ကားတစ်ကား ထွက်ပေါ်လာဖို့ ထုတ်လုပ်သူရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးမှာပေါ့နော်။**

သကြန်မိုးထုတ်လုပ်တဲ့ ရီမြင့်က ကိုဇော်မြင့်မတိုင်ခင် သူ့အဖေလက်ထက်တည်းက လက်တွဲလုပ်ခဲ့တာ။ နောင်ပိုင်း ကိုဇော်မြင့်က ရီမြင့်ကို ထူထောင်တယ်။ သူ့မှာ အနုပညာစိတ်အပြည့်ရှိတယ်။ အနုပညာဖန်တီးမှုကိုလည်း နားလည်တယ်။ တကယ်ဖန်တီး နိုင်တဲ့သူကို ရှာဖွေတတ်တယ်။ အဲဒီလူဖန်တီးတာကိုလည်း လက်ခံတော့ သူထုတ်လုပ်တဲ့ ကားက တန်းဝင်တယ်။ တချို့ကျတော့ ဒါကို နားမလည်ဘူး။ သူထုတ်လုပ်တဲ့ 'ထာဝရအလင်းတန်းများ' ဆို ပရိသတ်နားမလည်လောက်အောင်ထိ ဆုတွေရတယ်လေ။

**သကြန်မိုးပြီး ၂၇ နှစ်အတွင်း ဇာတ်ကားကောင်း မထွက်နိုင်တာက ဒီလိုထုတ်လုပ်သူတွေ မရှိတော့တာကြောင့်လား။**

သကြန်မိုးအပြီး ထွက်လာတဲ့ 'ပန်းမြိုင်လယ်က ဥယျာဉ်မှူး' ရော မကောင်းဘူးလား။ 'တိုက်ပွဲခေါ်သံ' လည်း ကောင်းတာပဲ။ 'နှလုံးလှလှမိုက်'၊ 'နေကမ္ဘေးတဲ့လ' အဲဒီကားကောင်းတွေလည်း ရှိတာပဲ။ ဒီကားတွေကို ထုတ်လုပ်ခဲ့တဲ့ ထုတ်လုပ်ရေးတွေလည်း ခုထိ ရှိနေသေးတာပဲ။ ဒါပေမဲ့ သကြန်ကို ထိတို့ဖို့ဆိုတာ သကြန်ကို ရူးသွပ်တဲ့ အကုန်အကျခံနိုင်တဲ့သူ ဖြစ်ဦးမှ။ ကိုဇော်မြင့်တို့က မှတ်တမ်းတစ်ခု တင်ပြီးရင် အဲဒီမှတ်တမ်းစံချိန်ကိုကျော်နိုင်မယ့် ကားမျိုး မဟုတ်ရင် ရိုက်မှာမဟုတ်ဘူး။ ကျွန်တော်ကလည်း ပေါ့ပေါ့တန်တန်နဲ့တော့ သကြန်ကားမရိုက်တော့ဘူး။

**ဒါနဲ့ ဦးစီစဉ်ဖန်တီးခဲ့တဲ့ 'ပိတောက်ပင်လယ်' ရုပ်ရှင်ကားကြီးကတော့ သကြန်မိုးကို မမီခဲ့ဘူးနော်။**

အဲဒါ ကျွန်တော်ရိုက်တာ မဟုတ်ဘူး။ ရိုက်ဖို့သွားတော့ ကမ်းခြေမှာ မုန်တိုင်းကျနေလို့ ကျွန်တော်က ရှူတင်မန်နေဂျာဖြစ်သွားတယ်။ ဇာဂနာ၊ ကိုဟိန်းစိုးနဲ့ ကိုအောင်မင်းသိမ်းတို့ ရိုက်တယ်။ ပျက်စီးသွားတဲ့ ရိုက်ကွင်းတွေ အကုန်လှည့်ပတ်ပြီး ပြင်ဆင်ရတယ်။ ထုတ်လုပ်သူ ဧရာမြေကလည်း မျက်နှာဆီးရွက်လောက်ပဲ ရှိတယ်။ ဒီမှာလည်း ရင်းနှီးစိုက်ထုတ်ပြီးနေပြီ။ ပျက်စီးသွားတဲ့ အရာတွေကို ဘယ်သူ့သြဇာနဲ့မှ ပြန်ပြင်မပေးကြဘူး။ ကျွန်တော် တစ်ယောက်တည်းက ချော့တစ်လှည့်၊ ချောက်တစ်လှည့်နဲ့ပဲ လိုက်လုပ်ရတာ။ သုံးဆိုင်းခွဲ ရိုက်ရတယ်။ ဒီကားဟာ အနုပညာအရတော့ ပရိသတ်ကိုလည်း ကျွန်တော်တောင်းပန်ပြီးပါပြီ။ သေတဲ့အထိလည်း ပြောနေရဦးမှာပါ။

**အခု ဆာတိုရီထုတ်လုပ်ရေးအတွက် ရိုက်ပေးခဲ့တဲ့ 'တန်ခူးရင်ခွင်' ဇာတ်ကားနဲ့ပတ်သက်ပြီး သကြန်မိုးနဲ့ နှိုင်းယှဉ်ဝေဖန်တာတွေ ကြားရတော့ ဘယ်လိုနေပါသလဲ။**

တန်ခူးရင်ခွင်ဟာ သကြန်မှာ အပြင်ထွက်မလည်ပတ်နိုင်ကြတဲ့ လူငယ်ကလေးတွေအတွက် ကိုယ့်အိမ်မှာပဲ အပန်းဖြေကြည့်ရှုနိုင်ဖို့ သကြန်ဗီဒီယိုကားတစ်ကားအဖြစ် ဖန်တီးခဲ့တာပါ။ ဇာတ်ညွှန်းကလည်း ဆာတိုရီက ကိုရီဇော်နဲ့ ပွင့်သစ်ချိုတို့ဇာတ်ပါ။ သကြန်မိုးက ဂန္ထဝင်ဇာတ်ကားကြီးပါ။ ဒီနှစ်ခု ယှဉ်ပြီး ပြောတာတော့ တော်တော်လေး ခက်ပါတယ်။

**သရုပ်ဆောင်သစ်တွေ စင်တင်တဲ့အခါမှာ ဦးနဲ့ပတ်သက်တဲ့ စကားတစ်ခွန်း ရှိခဲ့ပါတယ်။ မောင်တင်ဦးကိုင်ရင် ရွှံ့တောင်ရွှေ ဖြစ်တယ်ဆိုတာလေ။**

ရွှေဖြစ်တဲ့ရွှံ့ကိုကိုင်မှ ရွှေဖြစ်တာ။ မောင်တင်ဦးက ရွှေဖြစ်တဲ့ ရွှံ့ကိုပဲ ရွေးကိုင်တတ်ခဲ့တာ။ မူလတည်းက ဒီရွှံ့က ရွှေဖြစ်တော့မှာ။ ရွှေကြောကိုလိုက်ပြီး ရှာတတ်တဲ့ သူတစ်ယောက်မို့ပါ။ ရွှံ့တိုင်းတော့ ရွှေမဖြစ်ပါဘူး။

**ဦးတင်ပေးတဲ့ သရုပ်ဆောင်တွေတော်တော်များများက အောင်မြင်ကြပေမယ့် ခုနောက်ပိုင်း ဦးက မသင်ကြားနိုင်တော့ဘူးဆိုတဲ့ ဝေဖန်မှုလေးတွေအပေါ် ဖြေရှင်းပြောပြပါဦး။**

တချို့ဖြစ်ချင်လို့လာတယ်။ ဖြစ်နိုင်ခြေရှိမရှိ တိတိကျကျ ဆုံးဖြတ်ဖို့က ကိုယ့်တာဝန်ပေါ့။ ဒါပေမဲ့ အသက်ကြီးလာတဲ့အခါမှာ အားနာစိတ်လေး နည်းနည်းဝင်လာတယ်။ ဒီနေ့ကလေးတွေက ရှိုးလျှောက်ချင်တယ်။ သီချင်းဆိုချင်တဲ့ စိတ်တွေက များနေတယ်။ အနုပညာရှင်ဖြစ် စိတ်ထက်ကျော်ကြားချင်တဲ့စိတ်က ပိုများနေတယ်။ ဒါကို ပံ့ပိုးသူမိဘသားချင်းတွေကလည်း လိုက်လျောတယ်။ အဲဒီမှာ ကျွန်တော်ကြားညပ်တယ်။ လက်ခံပြီးဘယ်လိုမှ ပြောမရဆိုမရတွေဖြစ်ကုန်တယ်။ ဒီမှာတင်ဖြစ်သင့်သလောက် မဖြစ်ကြတော့ဘူး။ ဒါနှစ်ဦးနှစ်ဖက် အမှားပေါ့။

**ငယ်ဘဝတုန်းက ဒါရိုက်တာဘဝမှာလက်တွဲခေါ်ယူခဲ့တဲ့ တပည့်တွေအပေါ်မှာ အရမ်းစည်းကမ်းတင်းကျပ်တယ်လို့ ကြားဖူးပါတယ်။**

စည်းကမ်းတင်းကျပ်တာ မဟုတ်ဘူး။ လုံးဝတစ်သွေးတစ်သံတစ်မိန့်ပဲ။ စည်းကမ်းတင်းကျပ်တာကသေးသေးလေး။ အနုပညာသမားက အတ္တအရမ်းကြီးတယ်။ အတ္တကြီးအောင်လည်း သူတို့ကို ဖန်တီးပေးတယ်။ မို့မို့မြင့်အောင်က အတ္တအရမ်းကြီးလို့ အောင်မြင်သွားတာ။ သူ့လောက် အတ္တကြီးတဲ့ သရုပ်ဆောင် ကျွန်တော့်တပည့်ထဲမှာ သူပဲရှိတယ်။ အဲဒီအတ္တစိတ်တစ်ခုကို အနုပညာနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ သူ့ပလ္လင်ကို သူတက်တာပဲ။ သူ့နိုင်ငံကို သူထူထောင်တာပဲ။

**စင်တင်ပေးလိုက်လို့ အောင်မြင်ပြီးသွားရင် ကိုယ့်ကို ဆရာလို့ခေါ်ဖို့တွန့်ဆုတ်ကြတာဟာ ကျွန်မတို့နိုင်ငံမှာ ရုပ်ရှင်သင်တန်းကျောင်းတွေ သိပ်မရှိသေးတာကြောင့်ပါလားရှင့်။**

မဆိုင်ဘူး။ စာဖတ်အားနည်းကြလို့ပါ။ အနုပညာသမား တစ်ယောက်ခေါင်းပေါ် တင်ထားရမှာ စာပေပဲ။ စာကို တအားဖတ်တဲ့သူမှ အသိဉာဏ်ဖွံ့ဖြိုးတယ်။ ပရိသတ်ကို ပေးဆပ်နိုင်တဲ့ အနုပညာစွမ်းအားတွေက စာပေကပေးတာ။ စာပေဖတ်ပြီး သုံးသပ်ပါ။ ဝေဖန်ပါ။ အရသာရှိရှိစားသုံးပါ။ နောက်ထပ်ဆင့်ပွားပါ။ ဒါဆို အနုပညာသမားဖြစ်မှာသေချာတယ်။ ဒါဆို ဆရာမခေါ်နိုင်တဲ့ ပြဿနာရှိမှာ မဟုတ်ဘူး။

**ပြောင်းမြောက်ထင်ရှားတဲ့ အနုပညာသည် တစ်ယောက်ဖြစ်ဖို့ဆို ဘာတွေ လိုအပ်ပါသလဲ။**

ဒါကံတရားနဲ့လည်း ဆိုင်တယ်။ ဒီကလေးတစ်ယောက်ကို ဘယ်လိုပဲပြုစုပျိုးထောင် သူတို့မှာ Talents အမျိုးမျိုးပေါင်းစပ်ရမှာ။ ကံတရားလည်း လိုသေးတယ်။ သူတို့မှာ လိုအပ်တာတွေလည်းရှိ၊ အာရုံတွေကလည်း တအားများ။ သူတို့ကိုကြည့်ရတာ မူးနောက်နေတာပဲ။ အာရုံနောက်မှုက ကလေးတွေနဲ့ ဆရာသမားတွေကြားမှာ ကွာဟမှု ကြီးလာတယ်။ ရန်ကုန်မြို့ရဲ့ Night Life တွေကလည်း အများကြီး၊ ဒီကြားထဲ စပွန်ဆာကိစ္စတွေကလည်း အများကြီး။ တားလို့မရတာတွေက များနေတယ်။ ကလေးတွေက သင်ပြတာလည်း လက်မခံဘူး။ ဒါတွေကြောင့် ပြောင်မြောက်တဲ့ သူတွေ ထွက်မလာတော့တာ။ ဒီတော့ ကိုယ့်ရဲ့ စံသတ်မှတ်ချက်တွေနဲ့ မကိုက်ညီတဲ့ နောက်တော့ မရိုက်တော့ဘူး။ ရပ်ထားလိုက်တော့တယ်။

**ဒီနေ့ခေတ် သကြန်ပုံရိပ်တွေက ရိုးရာယဉ်ကျေးမှုကနေ သွေဖယ်လာတာကိုအနုပညာပိုင်းနဲ့ ဘယ်လိုပြန်ပြီး ထိန်းမတ်တင်ပြလိုပါသလဲ။**

ဒီနေ့ခေတ်ပရိသတ်က လာထားအာဘွားတို့၊ အလန်းဇယားတို့ အဲဒီအပေါ်မှာ လန်းနေကြတာ။ ပရိသတ်အများစုက ဒီလိုဖြစ်နေတယ်။ ပရိသတ်တွေကို အခုလိုဒရာမာဘက်ကိုဘယ်လိုပြောင်းလဲရမလဲဆိုတော့ နိုင်ငံရေးနဲ့ အနုပညာဆိုတာ ဒွန်တွဲနေတယ်။ မွန်းကြပ်မှုတွေ များနေချိန်မှာ အလန်းဇယားကို လက်ခံကြမှာပဲ။ မွန်းကြပ်မှုတွေမရှိတော့တဲ့တစ်ချိန်မှာ အနုပညာစားသုံးမှုတွေ လိုအပ်လာမှာပဲ။ အဲဒီအချိန်ထိ မောင်တင်ဦးရှိသေးရင် မောင်တင်ဦးရဲ့ ပြောင်မြောက်တဲ့ လက်ရာတွေ မြင်တွေ့ရဦးမှာပေါ့။

**ဂန္ထဝင် သကြန်ဇာတ်ကား တစ်ကားဖန်တီးခဲ့သူတစ်ယောက် အနေနဲ့ သကြန်အပေါ် ခံစားချက်လေး မျှဝေပါဦး။**

သကြန်ဆိုတာ မြန်မာ့ရိုးရာပွဲတော်တွေထဲမှာ အစွဲပြဳဆုံးပွဲတော်လေးပါ။ အေးချမ်းသာယာပြီးတစ်ယောက်နဲ့ တစ်ယောက်မိတ်မပျက်စေဘဲ ရင်တွင်းစကားတွေကို သကြန်ရေပက်ပိတောက်လက်ဆောင်ပေးပြီး နားလည်မှုယူတဲ့ ပွဲတော်လေးပါ။ ခုတော့ သကြန်အချိန် လမ်းပေါ်ထွက်ကြည့်လိုက်ပါ။ မိန်းကလေးတွေ ပေါင်တိုစကတ်လေးဝတ်ပြီး စင်ပေါ်မှာ တိုင်တစ်လုံးကိုဖက်လို့ ဘာလုပ်နေမှန်းကို မသိတော့ပါဘူး။ ကျွန်တော်တို့လည်း ဘာတတ်နိုင်ဦးမှာလဲ။ မြန်မာမက်ဆေ့ချ်ဆိုတာကို လူငယ်တွေ သိဖို့လိုတယ်။ ကိုရီးယားဇာတ်လမ်းတွဲတွေမှာ ကြည့်လိုက်ပါ။ ကားမောင်းတာနဲ့ ခါးပတ်ကြိုးကိုတပ်လိုက်တာ။ ဒါသူတို့ကို ဘယ်သူကမှ ဖိအားပေးပြီး ရိုက်ခိုင်းတာမဟုတ်ဘူး။ ဒီကနေ့ မြန်မာစူပါစတားနံပါတ်ဝမ်းတွေက ပရိသတ်ကို လမ်းညွှန်လုပ်ပြစရာတွေ အများကြီးပါ။ လုပ်ပြနိုင်ရင် သူတို့ ဂုဏ်တောင်ပိုတက်သွားမှာပါ။

**ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။**


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Oblivion | Universal Pictures | ၃၇,၀၅၄,၅၀၀ | ၁ |
| ၂။ | 42 | Warner Bros. Pictures | ၅၃,၇၅၃,၅၀၀ | ၂ |
| ၃။ | The Croods | 20th Century Fox & DreamWorks Studios & Paramount Pictures | ၁၅၄,၆၃၃,၀၀၀ | ၅ |
| ၄။ | Scary Movie V | Dimension Films & The Weinstein Company | ၂၂,၇၉၈,၂၀၀ | ၂ |
| ၅။ | G.I.Joe:Retaliation | Paramount Pictures | ၁၁၁,၂၀၀,၀၀၀ | ၄ |
| ၆။ | The Place Beyond the Pines | Focus Features | ၁၁,၄၄၇,၈၀၀ | ၄ |
| ၇။ | Olympus Has Fallen | FilmDistrict | ၈၈,၇၇၆,၈၀၀ | ၅ |
| ၈။ | Evil Dead | TriStar Pictures | ၄၈,၄၅၇,၀၀၀ | ၃ |
| ၉။ | Jurassic Park | Universal Pictures | ၃၈,၅၂၅,၄၀၀ | ၃ |
| ၁၀။ | Oz the Great and Powerful | Walt Disney Studios Motion Pictures | ၂၂၃,၇၂၇,၀၀၀ | ၇ |

## Movie Review

### The Iceman




အဖြစ်မှန်ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားတွင် ရစ်ချက်ကူလင်စကီးမှာ ကြေးစားလူသတ်သမားဖြစ်ပြီး ၎င်း၏ဘဝတစ်လျှောက် လူဆိုးအဖွဲ့များတွင် ပါဝင်ခဲ့ပုံမှ နောက်ဆုံး လူပေါင်း ၁၀၀ ကျော် သတ်ဖြတ်သည်အထိ ခြေရာကောက်ထားသည်။ ရစ်ချက်ကူလင်စကီးသည် ဖခင်ကောင်း၊ ယောက်ျားကောင်းတစ်ဦးအဖြစ်ဟု ထင်ရသော်လည်း လက်မရွံ့လူသတ်သမားဖြစ်သည်။ ၁၉၈၆ ခုနှစ် ၎င်းအားဖမ်းမိချိန်အထိ ဇနီးနှင့်သမီးများက ၎င်း၏အလုပ်အကိုင်ကို မရိပ်မိခဲ့ကြပေ။

ဒါရိုက်တာ Ariel Vromen ရိုက်ကူးပြီး Michael Shannon, Winona Ryder, James Franco Ray Liotla တို့ ပါဝင်သရုပ်ဆောင်ထားသော ဇာတ်ကားကို Millennium Entertainment က မေလ ၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။



*မြန်မာလူငယ်လေးများအား ဘောလုံးစွမ်းရည်ပြသနေသော မန်ယူကစားသမားဟောင်း ဒင်းနစ်အာဝင်* ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ဖာဂူဆန်နှင့် မန်ယူအပေါ် ဒင်းနစ်အာဝင် ဘာပြောသလဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဧပြီ -၂၆**

မန်ချက်စတာယူနိုက်တက်အသင်းကို ကိုင်တွယ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိပြီဖြစ်သည့် နည်းပြဖာဂူဆန်သည် အလွန်ထူးချွန်သူဖြစ်ပြီး ၎င်းအနားယူသွားပါက မန်ယူအသင်းအနေဖြင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း မန်ယူကစားသမားဟောင်း ဒင်းနစ်အာဝင်က ပြောသည်။

“နည်းပြဖာဂူဆန်ဟာ မန်ယူအသင်းကို ကောင်းကောင်းကိုင်တွယ်နိုင်ခဲ့သူပါ။ နှစ်ပေါင်းများစွာ အောင်ပွဲတွေရအောင်လည်း စွမ်းဆောင်ထားပါတယ်။ အသင်းနဲ့ နှစ်ရှည်အခြေကျနေတဲ့ ဖာဂူဆန်မရှိတော့ရင်တော့ အခက်အခဲတွေ ကြုံတွေ့လာရနိုင်ပါတယ်။ မန်ယူအသင်းကို နောက်ကိုင်တွယ်မယ့် နည်းပြအတွက် စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရဖွယ်ရှိနေပါတယ်”ဟု ဧပြီလ ၂၆ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်သည့် ရန်ပုံငွေဘောလုံးပွဲ စာနယ်ဇင်းအကြိုရှင်းလင်းပွဲသို့ ရောက်ရှိလာသည့် မန်ယူကစားသမားဟောင်း ဒင်းနစ်အာဝင်က ပြောသည်။ အသက်(၇၁)နှစ်ရှိပြီဖြစ်သည့် ဖာဂူဆန်သည် ၁၉၈၆ နိုဝင်ဘာမှစ၍ မန်ယူအသင်းကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

ထို့ပြင် ၁၉၉၉ ခုနှစ် ဘောလုံးရာသီက အဓိကဆုဖလားသုံးလုံး ရယူပေးခဲ့သော မန်ယူအသင်းမှာ အလွန်ကောင်းသည့် အသင်းဖြစ်ကြောင်း အဆိုပါ အသင်းတွင် ပါဝင်ခဲ့သူဒင်းနစ်အာဝင်က ဆိုသည်။

“ပေါစခိုး၊ ရှိင်ကိန်း၊ ဆိုးရှား အစရှိတဲ့ ကစားသမားတွေပါတဲ့ အဲဒီတုန်းကအသင်းက အရမ်းကို ကောင်းလွန်းတဲ့ အသင်းပါ”ဟု မန်ယူကစားသမားဟောင်းက ဆိုသည်။ မြန်မာဘောလုံးပရိသတ်အများစုအားပေးသည့် ကမ္ဘာကျော် မန်ချက်စတာယူနိုက်တက်သည် ယခုနှစ်တွင် ရာသီမကုန်မီ လေးပွဲအလို၌ အမှတ်ပေးချန်ပီယံ ဖြစ်ခဲ့သည်။

ယခုနှစ် မန်ယူအသင်းရရှိသည့် အမှတ်ပေးဖလားသည် အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် (၂၀) ကြိမ်မြောက် အမှတ်ပေးဖလားဖြစ်ပြီး ၁၉၉၂-၉၃ ရာသီမှစတင်ပြောင်းလဲ ကျင်းပခဲ့သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း (၁၃)ကြိမ်မြောက် ဆုဖလား ဖြစ်သည်။

မန်ယူကစားသမားဟောင်းများဖြစ်သည့် အင်ဒီကိုး၊ လီရှပ်၊ ဒင်းနစ်အာဝင်၊ ကလေတန်ဘလက်မိုးတို့သည် လာမည့်ဇွန်လ ၉ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ရန်ပုံငွေခြေစမ်းပွဲလာရောက် ကစားမည်ဖြစ်သည်။

“မြန်မာပြည်ကို ရောက်လာရတာ ဝမ်းသာပါတယ်။ အလှူပွဲခြေစမ်းပွဲမှာလည်း ပါဝင်ရတဲ့အတွက်ကျေနပ်ရပါတယ်”ဟုဒင်းနစ်အာဝင်ကပြောသည်။ အကြိုသတင်းစာရှင်းလင်းပွဲသို့ အာဝင်နှင့်အတူ ကလေတန်ဘလက်မိုးလည်း ပါဝင်လာခဲ့သည်။

မန်ယူဂန္ထဝင်ဘောလုံးသမားလေးဦးပါဝင်သည့် အဆိုပါခြေစမ်းပွဲကို ရောဝတီဖောင်ဒေးရှင်း၊ CEA Myanmarနှင့် ပါ့ခ်ရှိုင်ရွယ်ဟိုတယ်တို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရရှိသည့်ကွင်းဝင်ကြေးများနှင့် စပွန်ဆာများအားလုံးကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဆေးရုံနှင့် အိတ်ချ်အိုင်ဗီပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ လှူဒါန်းသွားမည် ဖြစ်သည်။

ဧပြီလ ၂၆ ရက်က စာနယ်ရှင်းလင်းပွဲအတွက် ရန်ကုန်မြို့သို့ တစ်ရက်ကြာလာရောက်ခဲ့သည့် ဒင်းနစ်အာဝင်နှင့် ကလေတန်ဘလက်မိုးတို့သည် လှူဒါန်းမည့် သာကေတမြို့နယ်ရှိမဟာဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့လည်း သွားရောက်လေ့လာခဲ့သည်။

ထို့အပြင်၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့်လည်း တွေ့ဆုံခဲ့ပြီး ခြေစမ်းပွဲကစားမည့် သုဝဏ္ဏဘောလုံးကွင်းသို့လည်း သွားရောက်ကြည့်ရှုခဲ့သည်။




7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# ဆီးဂိမ်းအားကစားနည်းခုနစ်မျိုး ရန်ကုန်တွင် ကျင်းပမည်



*မြန်မာအမျိုးသားဘောလုံးအသင်းအုပ်စုပွဲစဉ်များ ကျင်းပမည့်သုဝဏ္ဏကွင်း* ဓာတ်ပုံ - ခန့်ထက်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၈**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အားကစားနည်းခုနစ်မျိုးကို ရန်ကုန်မြို့ရှိ အားကစားကွင်း၊ အားကစားရုံနေရာခြောက်ခုတွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းစုစုပေါင်း ၃၃ မျိုးအနက် အများစုကို နေပြည်တော်တွင် လက်ခံကျင်းပမည်ဖြစ်ပြီး အလေးမ၊ ကာယဗလ၊ နပမ်း၊ ကမ်ပို၊ သေနတ်ပစ်၊ ဟော်ကီနှင့် အိမ်ရှင်မြန်မာ(အမျိုးသား) ဘောလုံးအသင်း ပါဝင်သည့် အုပ်စုပွဲစဉ်များပါ အားကစားနည်း ခုနစ်မျိုးကို ရန်ကုန်မြို့တွင် လက်ခံကျင်းပမည် ဖြစ်သည်။

လာမည့် ဆီးဂိမ်းအားကစားပြိုင်ပွဲများ လက်ခံကျင်းပမည့် နေပြည်တော်တွင် အားကစားကွင်း၊ အားကစားရုံများအား အသစ်ဆောက်လုပ်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင်မူ ရှိထားပြီး ကွင်း၊ ရုံများတွင်သာ လက်ခံကျင်းပသွားမည် ဖြစ်သည်။

"ရန်ကုန်မှာ လက်ခံကျင်းပမယ့် အားကစားကွင်း၊ အားကစားရုံတွေ ဆီးဂိမ်းအတွက် ပြုပြင်မှုတွေ တိုးမြှင့် လုပ်ဆောင်နေပြီဖြစ်ပါတယ်။ လူကြီးတွေလည်း မကြာခဏ လှည့်ပတ်ကြည့်ရှုနေပါတယ်"ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တွင် လက်ခံကျင်းပမည့် အားကစားနည်းများအနက် အလေးမအားကစားနည်းကို သိမ်ဖြူအားကစားရုံတွင်လည်းကောင်း၊ ကာယဗလပြိုင်ပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) တွင်လည်းကောင်း၊ နပန်းနှင့် ကမ်ပိုအားကစားနည်း နှစ်မျိုးအား အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်လည်းကောင်း၊ သေနတ်ပစ်အားကစားနည်းအား ဒဂုံ(မြောက်)သေနတ်ပစ်ကွင်းတွင် လည်းကောင်း၊ ဟော်ကီအားကစားနည်းအား သိမ်ဖြူဟော်ကီကွင်းနှင့် မြန်မာအသင်းပါဝင်သည့် အမျိုးသားဘောလုံးအုပ်စုပွဲစဉ်များကို သုဝဏ္ဏဘောလုံးကွင်း၌လည်းကောင်း လက်ခံကျင်းပမည်ဖြစ်သည်။

မူလက ကြက်တောင်အားကစားနည်းကိုလည်း ရန်ကုန်မြို့ရှိ ကြက်တောင်အားကစားရုံ (မော်တင်)တွင် လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း အားကစားဝန်ကြီးဌာန၏ နောက်ဆုံးအတည်ပြုချက်အရ နေပြည်တော်၌သာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမျိုးသမီး ဘောလုံးအားကစားနည်းကိုမူ မန္တလေးမြို့နှင့် ရွှက်လှေအားကစားနည်းကို ငွေဆောင်ကမ်းခြေတွင် လက်ခံကျင်းပမည်ဖြစ်သည်။ အဆိုပါ အားကစားနည်းများ လက်ခံကျင်းပရန်အတွက်မန္တလေးအဆင့်မြင့်ဘောလုံးကွင်းနှင့် ငွေဆောင်ရွက်လှေကလပ်များကိုလည်း တည်ဆောက်လျက်ရှိသည်။

# လူ့အခွင့်အရေးအဖွဲ့နှစ်ခုက ဘာရိန်းဘောလုံးအဖွဲ့ချုပ်အကြီးအကဲကို ဖီဖာသို့တိုင်ကြား


**လန်ဒန်၊ မေ-၂၇**

လူ့အခွင့်အရေးအဖွဲ့နှစ်ဖွဲ့ဖြစ်သော ဘာရိန်းလူ့အခွင့်အရေးစင်တာနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာရိန်းလူငယ်အဖွဲ့တို့က ဘာရိန်းဘောလုံးအဖွဲ့ချုပ်အကြီးအကဲ ရှိတ်ဆာလ်မန်သည် ၎င်း၏ရာထူးနှင့် သင့်တော်သူမဟုတ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌထံ စာရေးသားပေးပို့ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ဥက္ကဋ္ဌ ဆပ်ဘလတ္တာထံ မေ ၂၇ရက်က ပေးပို့သောစာထဲတွင် အဆိုပါအဖွဲ့နှစ်ခုက "ရှိတ်ဆာလ်မန်ဟာ သူ့ရုံးအဖွဲ့ကလူတွေ၊ အကြံပေးတွေရဲ့ အကူအညီနဲ့ ၂၀၁၁ ဖေဖော်ဝါရီက ဒီမိုကရေစီရေး ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တဲ့ဘောလုံးသမားတွေ၊ ဒိုင်တွေ၊ ကလပ်အသင်းတွေနဲ့ အုပ်ချုပ်သူတွေကို လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်ရာမှာ ပါဝင်ခဲ့ပါတယ်။ အားကစားနဲ့မျှတစွာ ယှဉ်ပြိုင်ခြင်းတို့ရဲ့ အခြေခံသဘောတရားတွေက လူ့အခွင့်အရေးတွေကို လေးစားခြင်းဖြစ်ပြီး၊ လူ့အခွင့်အရေး ချိုးဖောက်သူတွေကို သိက္ခာကြီးမားတဲ့ အားကစားနေရာတွေမှာ မပါဝင်စေရေး၊ သူတို့ရဲ့နာမည်ဆိုးပုံရိပ်တွေ မထင်ဟပ်စေရေးတို့ကို လူကြီးမင်းစိတ်ထဲမှာ အလေးအနက်ထားလိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု ဖော်ပြထားသည်။

ဘာရိန်းဘောလုံးအဖွဲ့ချုပ်အကြီးအကဲ ရှိတ်ဆာလ်မန်သည် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရွေးကောက်ပွဲဝင်ရန်အတွက် ပြင်ဆင်နေပြီး၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာတွင်လည်းကာတာမှ ဟာဆန်အယ်လ်သဝါဒီနှင့်ယှဉ်ပြိုင်၍ ဖီဖာအမှုဆောင်ကော်မတီတွင်တစ်နေရာရရန် ကြိုးပမ်းနေသည်။

ရှိတ်ဆာလ်မန်ဘက်ကမူ ၎င်းအပေါ် စွပ်စွဲချက်များကို ပြင်းထန်စွာငြင်းဆိုခဲ့ပြီး၊ ဘာရိန်းဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်နှင့် ဖီဖာတို့၏ စံနှုန်းများနှင့်အညီပွင့်လင်းမြင်သာစွာ အုပ်ချုပ်နေကြောင်း၊ ဘောလုံးအသိုင်းအဝိုင်းတွင်းမှ မည်သူ့ကိုမဆို ညွှန်ကြားချက်ဖြင့် ဆန့်ကျင်လုပ်ဆောင်ခဲ့မှုများမရှိကြောင်း မေ ၂၅ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ —Ref: Reuters



7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# မာဆေးဆိုက်ဒါဘီ၊ မန်ယူ–ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံမှု၊ နာပိုလီ–အင်တာ ပွဲကောင်းတွေနဲ့ ဥရောပလိဂ်ပွဲစဉ်များ



ANDY RAIN/ EPA

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေကတော့ အကြိတ်အနယ်ပြိုင်ရမယ့်ပွဲတွေ ရှိနေဆဲပါ။ ပရီးမီးယားလိဂ်မှာ လီဗာပူး-အဲဗာတန် မာဆေးဆိုက်ဒါဘီပွဲ၊ မန်ယူ-ချယ်လ်ဆီးပွဲတွေကသေချာစောင့်ကြည့်ရမယ့်ပွဲတွေဖြစ်နေပြီး ကျူပီအာ-အာဆင်နယ် လန်ဒန်ဒါဘီပွဲကလည်း မထင်မှတ်ဘဲ အကြိတ်အနယ် ရှိလာနိုင်ပါတယ်။ စီးရီးအေမှာတော့ နာပိုလီ-အင်တာပွဲ၊ လာလီဂါမှာတော့ရီးရဲလ်၊ဘာကာ၊ ဗလင်စီယာသုံးသင်းစလုံးရဲ့ အိမ်ကွင်းပွဲတွေကို ကြည့်ရမှာပါ။

**ပရီးမီးယားလိဂ်**

၄၊ မေ၊ စနေ။

**ဆွမ်းဆီး - မန်စီးတီး**
(ည ၁၀း၀၀ နာရီ)
ပကျော့ရလဒ် (၀-၁)

အိမ်ရှင်ဆွမ်းဆီးတို့ ခြေကျနေတဲ့အတွက် ညွှသည်အသင်းကိုအိမ်ကွင်းမှာသရေရရင်တောင်ကျေနပ်ရမယ့် အနေအထားပါ။ ပထမအကျော့က ရလဒ်ထက်ပိုပြီး မန်စီးတီး ဂိုးပိုရနိုင်ခြေရှိပါတယ်။ ၂-၁၊၃-၁လောက်ဖြစ်နိုင်ပါတယ်။

**၅၊ မေ၊ တနင်္ဂနွေ။**

**ကျူပီအာ-အာဆင်နယ်**
(နံနက် ၀၀း၃၀ နာရီ)
ပကျော့ရလဒ် (၀-၁)

ကျူပီအာတို့ လန်ဒန်အခြေစိုက် အသင်းဖြစ်တာနဲ့အညီ လန်ဒန်အသင်းကြီးတွေနဲ့ တွေ့တိုင်း ခံကစားလေ့ရှိပါတယ်။ ဒါကြောင့် ရလဒ်ပိုင်း ပြတ်သားဖို့မရှိဘဲ အာဆင်နယ် တစ်ဂိုးအသာလောက်နဲ့နိုင်လည်းဖြစ်သင့်တဲ့ ရလဒ်ပါပဲ။

**လီဗာပူး-အဲဗာတန်**
(ည ၁၀း၃၀ နာရီ)
ပကျော့ရလဒ် (၂-၂)

အကြိတ်အနယ် ကစားရမယ့်ပွဲပါ။ မာဆေးဆိုက်ဒါဘီတိုင်းဟာ ခန့်မှန်းရခက်လေ့ရှိပေမယ့် အိမ်ကွင်းမာတဲ့ အဲဗာတန်တို့ အနည်းဆုံး သရေရနိုင်ခြေရှိတယ်။ ချယ်လ်ဆီးပွဲလိုမျိုး လီဗာပူးတို့ ကစားခဲ့ရင် ကပ်နိုင်ပါမယ်။ အပြန်အလှန်သွင်းဂိုးတွေများနိုင်တယ်။

**မန်ယူ - ချယ်လ်ဆီး**
(ည ၁၁း၀၀ နာရီ)
ပကျော့ရလဒ် (၃-၂)

မန်ယူအတွက်ချယ်လ်ဆီးနဲ့ အကဲဖြတ်ဖေဖလား ရှုံးကြွေးပြန်ဆပ်ဖို့အခွင့်အရေးဖြစ်ပါတယ်။ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဂိုးမပြတ်ခဲ့တာကြောင့် မန်ယူတို့ တိုက်စစ်ဖွင့်ကစားမလားကြည့်ရမယ်။ အိမ်ကွင်းရလဒ်ကောင်းတဲ့ မန်ယူယူရိုပါလိဂ်မှာ ကစားခဲ့တဲ့ ချယ်လ်ဆီးကို ဂိုးအသာရဖို့ မလွယ်ပါဘူး။ မန်ယူကပ်နိုင်ဖို့ ရှိပေမယ့် သရေလည်း ဖြစ်နိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေများနိုင်ပါတယ်။

**စီးရီးအေ**

၅၊ မေ၊ တနင်္ဂနွေ။

**ဖီအိုရင်တီးနား-ရိုးမား**
(နံနက် ၀၀း၃၀ နာရီ)
ပကျော့ရလဒ် (၂-၄)

ပထမအကျော့ကတော့ ဂိုးများခဲ့တယ်။ လက်ရှိဇယားမှာ ရပ်တည်မှုအရအဆင့်မကွာသလိုနိုင်ပွဲတွေလည်း ရနေကြတဲ့ အသင်းတွေပါ။ အိမ်ကွင်းမှာ ရလဒ်ပိုကောင်းတဲ့ ဖီအိုရင်တီးနားကို ကြိုက်ပါတယ်။ ဖီအိုရင်တီးနား တစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်သွားနိုင်တယ်။

**ဂျူဗင်တပ် - ပါလာမို**
(ည ၉း၀၀ နာရီ)
ပကျော့ရလဒ် (၁-၀)

နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်အရ ဂျူဗင်တပ်တို့ချည်း နိုင်ထားတာပါ။ ပါလာမို ဂျူဗီကို သူ့အိမ်ကွင်းမှာ နိုင်ခြေနည်းနေပြီး အနိမ့်ဆုံးတစ်ဂိုးနဲ့ရှုံးဖို့ ရှိနေတယ်။

**၆၊ မေ၊ တနင်္လာ။**

**နာပိုလီ - အင်တာ**
(နံနက် ၂း၄၅ နာရီ)
ပကျော့ရလဒ် (၁-၂)

နာပိုလီဟာအင်တာအတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်ပါတယ်။ နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုမှာ အင်တာတို့ နိုင်ပွဲမရှိခဲ့ပါဘူး။ အင်တာ ကပ်နိုင်ရင် ကျေနပ်ရမှာဖြစ်ပြီး နာပိုလီလည်း ကပ်နိုင်ခြေနည်းနည်းရှိနေတယ်။ အိမ်ရှင်ကို အလေးပေးမှု အနေအထားအပေါ် တွက်ပြီး အားပေးမယ့်ဘက် ရွေးသင့်ပါတယ်။

**လာလီဂါ**

၅၊ မေ၊ တနင်္ဂနွေ။

**ရီးရဲလ်မက်ဒရစ်-ဗယ်လာဒိုလစ်**
(နံနက် ၂း၀၀ နာရီ)
ပကျော့ရလဒ် (၃-၂)

ရီးရဲလ်တို့ ချန်ပီယံလိဂ် မျှော်လင့်ချက် ကုန်ဆုံးပြီးနောက် ပြည်တွင်းလိဂ်ကို အာရုံစိုက်ရပါမယ်။ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ရီးရဲလ် လေးကြိမ်နိုင်ပြီး ဒီတစ်ကြိမ်မှာလည်း နိုင်ခြေများနေပါတယ်။ ရီးရဲလ်အိမ်ကွင်းမှာ နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲပါ။

**ဗလင်စီယာ - အိုဆာဆူနာ**
(ည ၁၀း၀၀ နာရီ)
ပကျော့ရလဒ် (၁-၀)

ဗလင်စီယာတို့ အိမ်ကွင်းမှာ အသာရနိုင်ပါတယ်။ အိုဆာဆူနာ သရေပွဲများနေတာကြောင့်နိုင်ခြေနည်းလှပြီး အိမ်ရှင်တို့ပဲ နှစ်ဂိုးလောက်နဲ့ နိုင်သွားနိုင်ပါတယ်။

**၆၊ မေ၊ တနင်္လာ။**

**ဘာစီလိုနာ-ရီးရဲလ်ဘက်တစ်**
(နံနက် ၃း၀၀ နာရီ)
ပကျော့ရလဒ် (၂-၁)

ဘက်တစ်တို့သူ့အိမ်ကွင်းမှာ ဘာကာကို ခံကစားနိုင်ပေမယ့် ဘာကာအိမ်ကွင်း ချူးကမ့်မှာ ဘက်တစ်နိုင်ဖို့ မလွယ်ပါဘူး။ ဘာစီလိုနာ ဂိုးအရင်ရရင် ဂိုးများနိုင်ပြီး နှစ်ဂိုးလောက် အသာရသွားနိုင်တဲ့ပွဲပါ။









7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013


# တရားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သင့်ဟု အီဂျစ်အစ္စလာမ်မစ်ခေါင်းဆောင် ပြောကြား

**ကိုင်ရို၊ မေ- ၂၇**

တရားသူကြီးများ၏ ပုန်ကန်မှုကြုံတွေ့ခဲ့သော တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အစ္စလာမ်မစ်များ စိုးမိုးထားသော အီဂျစ်ပါလီမန်က အလျင်အမြန်အတည်ပြုရမည်ဟု မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ နိုင်ငံရေးဌာန ဒုတိယအကြီးအကဲက ပြောကြားသည်။

ယင်းအဆိုပြုထားသော ပြုပြင်ပြောင်းလဲမှုများအရ တရားသူကြီးများ ပင်စင်ယူသော အသက်ကို လျှော့ချလိုက်ပြီး တရားသူကြီး ၃,၀၀၀ ကျော်ကို ဖယ်ရှားပစ်မည်ဖြစ်ရာ အီဂျစ်သမ္မတ မိုဟာမက်မော်စီအစိုးရနှင့် ၂၀၁၁ ခုနှစ် တော်လှန်ရေးအတွင်း ပြုတ်ကျခဲ့သော အစိုးရဟောင်း၏ နောက်ဆုံးခံတပ်ဟု ဝေဖန်သူများက ရှုမြင်သော တရားရေးမဏ္ဍိုင်ကြား အာဃာတများဖြစ်ပေါ်လာခဲ့သည်။

ဥပဒေပြုလွှတ်တော်အား လွှမ်းမိုးထားသော လွတ်လပ်မှုနှင့် တရားမျှတရေးပါတီမှ ပါလီမန်အမတ်ဖြစ်သူ အက်ဆန်အယ်လ်အီရီယန်က တရားရေး မဏ္ဍိုင်၏ အာဏာပါဝါများကို ဖွင့်ဆိုသော ဥပဒေသစ်အတည်ပြုရေးကို မရွှေ့ဆိုင်းသင့်ဟု ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

ယင်းကို အထက်လွှတ်တော်က ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်ဟု မစ္စတာအက်ဆန်က ဆိုသော်လည်း အတိုက်အခံများက အငြင်းပွားပြောဆိုကြသည်။ အောက်လွှတ်တော်ကိုလည်း တရားရုံးဆုံးဖြတ်ချက်အရ ဖျက်သိမ်းထားပြီးဖြစ်သည်။ အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲများကို လာမည့်အောက်တိုဘာလတွင် ကျင်းပနိုင်ဖွယ် ရှိသည်ဟု သမ္မတ မော်စီက ပြောကြားထားသည်။

အီဂျစ်နိုင်ငံတွင် အာဏာရှင်ဟုဆိုသော သမ္မတဟောင်းမူဟာရက်ပြုတ်ကျပြီး ၂ နှစ်ကျော် ကြာမြင့်လာသော်လည်း နိုင်ငံရေး၊ စီးပွားရေးဒုက္ခအများအပြား ကြုံတွေ့နေရဆဲဖြစ်သည်။

*—Ref: Reuters*

# ဘိုးရင်း ၇၈၇ Dreamliner လေယာဉ်များ ပျံသန်းမှု ပြန်လည်စတင်

**အဒစ်အဘာဘာ၊ မေ- ၂၇**



Photo: AFP

အီသီယိုးပီးယား လေကြောင်းလိုင်းမှ Boeing 787 Dreamliner လေယာဉ်တစ်စီးသည် အီသီယိုးပီးယားမြို့တော် အဒစ်ဘာဘာမှ ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီသို့ ပျံသန်းခဲ့သည်။ ယင်းမှာ Dreamliner လေယာဉ်များ အားလုံးကို ယခုနှစ် ဇန်နဝါရီလတွင် ပျံသန်းမှု ရပ်နားထားပြီးနောက်ပိုင်း ခရီးသည်များတင်ဆောင်၍ ပထမဆုံးပြန်လည် ပျံသန်းခြင်းဖြစ်သည်။

Dreamliner လေယာဉ်များတွင် ဘက်ထရီချို့ယွင်းမှုများ ရှိနေပြီး အမေရိကန်နိုင်ငံ၌ လေယာဉ်တစ်စီး ဘက်ထရီမီးလောင်ကျွမ်းမှုဖြစ်ပေါ်ပြီးချိန်မှစ၍ ကမ္ဘာတစ်ဝန်းယင်းလေယာဉ်ပေါင်း ၅၀ ခန့်ကို ပျံသန်းမှု ရပ်နားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ဘိုးရင်းကုမ္ပဏီ အင်ဂျင်နီယာများက လေယာဉ်များတွင် ဘက်ထရီအသစ်များ တပ်ဆင်ခဲ့သည်။ အသစ်တပ်ဆင်မည့် ဘက်ထရီများကိုလည်း စောစောပိုင်းတွင် လေယာဉ်ပျံသန်းမှု အာဏာပိုင်များက အတည်ပြုပေးခဲ့သည်။

အီသီယိုးပီးယား လေကြောင်းလိုင်းမှ Dreamliner လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထွက်ခွာခဲ့ပြီး နှစ်နာရီအကြာ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ဆင်းသက်ခဲ့သည်။

*—Ref: BBC*

# မိုက်ခရိုဝေ့ဖ်မီးဖိုထဲ ပလတ်စတစ်ခွက်ဖြင့် အစားအစာများထည့်မနွှေးသင့်

**တမ်ပီ၊ အရီဇိုးနား၊ မေ- ၂၄**

မိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့ ဟင်းကျန်ထမင်းကျန်များ ထည့်နွှေးခြင်းဖြင့် ဘက်တီးရီးယားများ ခိုအောင်းရာဖြစ်နိုင်သော အေးခဲသောနေရာများနှင့် အစားအစာတွင် အဆိပ်အတောက်များ ကျန်ရှိနိုင်သည်ဟု အမေရိကန်ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။

အစားအစာများကို မိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့ ထည့်နွှေးစဉ် အစားအစာများအတွင်းသို့ ပျော်ဝင်သွားသော ဓာတုပစ္စည်းပါဝင်မှုနှုန်းသည် မိုက်ခရိုဝေ့ဖ်ထဲထည့်လိုက်သော ပလတ်စတစ်ခွက် အမျိုးအစား၊ ခွက်ကိုအပူပေးချိန်နှင့် ခွက်ကိုယ်ထည်ပေါ် မူတည်ကြောင်း အရီဇိုးနားပြည်နယ် ဘိုင်အိုဒီဇိုင်းတက္ကသိုလ်ရှိ ပတ်ဝန်းကျင်လုံခြုံရေးဆေးပညာ ဒါရိုက်တာ ရိုဟယ်ဒန်က Wall Street Journal သို့ ပြောကြားသည်။

“ပလတ်စတစ် အသုံးပြုမှုကြောင့် လူဘယ်လောက်သေဆုံးတယ်ဆိုတာကိုတော့ မသိပါဘူး။ ဒါပေမဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပျံ့နှံ့မှုနည်းနေသေးတဲ့ ရင်သားကင်ဆာ၊ အဝလွန်ခြင်းနှင့် အရွယ်ရောက်စောခြင်းစတဲ့ရောဂါတွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ခံစားနေရပါတယ်။ အဲဒီလိုဖြစ်ရတာကလည်း လူနေမှုဘဝပုံစံကြောင့်ပါပဲ။ အပူပေးခံရတဲ့ပလတ်စတစ်ခွက်ကနေ အန္တရာယ်ရှိတဲ့ ဓာတ်ပစ္စည်းတွေ ထွက်လာပါတယ်။ ဒါကြောင့်ပြည်သူ့ကျန်းမာရေး ရှုထောင့်ကနေကြည့်မယ်ဆိုရင် ပလတ်စတစ်ကို မသုံးသင့်ပါဘူး” ဟုရိုဟယ်ဟန်က ပြောကြားသည်။

ပလတ်စတစ်ခွက်ထဲရှိဓာတ်ပစ္စည်းများ အစားအစာထဲသို့ ပျော်ဝင်သွားသောအခါ ဟော်မုန်းမညီမျှခြင်းနှင့် မွေးဖွားလာသော ကလေးများ ချွတ်ယွင်းခြင်းများ ဖြစ်စေကြောင်းနှင့် ၎င်းဓာတ်ပစ္စည်းများသည် မည်သည့်အတိုင်းအတာအထိ ဆိုးကျိုးသက်ရောက်ဦးမည်ကို မသိရသေးကြောင်း ရိုဟယ်ဒန်က ပြောကြားသည်။

ဟောင်းနွမ်း အက်ကွဲနေသော ပလတ်စတစ်ခွက်များကို အပူပေးသောအခါ အဆိပ်အတောက်များပိုမိုထွက်လာကြောင်း၊ မိုက်ခရိုဝေ့ဖ်ထဲသို့ ထည့်၍ အပူပေးရာတွင် ပလတ်စတစ်ပစ္စည်းများကို အသုံးမပြုဘဲ ဖန်ထည်ပစ္စည်း၊ ကြွေထည်မြေထည်ပစ္စည်းများကို အသုံးပြုသင့်ကြောင်းနှင့် ဟင်းနွှေးလိုလျှင် မိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့ ထည့်၍ နွှေးခြင်းကိုရှောင်ကာ ရိုးရိုးမီးဖိုဖြင့်သာ နွှေးသင့်ကြောင်း ရိုဟယ်ဒန်က အကြံပေးထားသည်။

*—Ref: UPI*



7 DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# မငြိမ်သက်မှုများဖြစ်ပွားခဲ့ရာ ရှင်ကျန်းပြည်နယ်တွင် အကြမ်းဖက်သမားများကို ထပ်မံဖမ်းဆီး

**ဘေဂျင်း၊ မေ- ၂၉**


တရုတ်အစိုးရသည်ပြီးခဲ့သည့် သီတင်းပတ်က အကြမ်းဖက်မှုများ ဖြစ်ပွား ခဲ့ရာရှင်ကျန်းပြည်နယ်တွင် ထပ်မံအကြမ်းဖက်သမားများကို ဖမ်းဆီးထားကြောင်း နိုင်ငံပိုင် ဆင်ဟွာ သတင်းက ထုတ်ပြန်သည်။

လူပေါင်း ၂၁ ဦး သေဆုံးခဲ့သည့် အဆိုပါအကြမ်းဖက်မှုများတွင် နောက်ထပ်အကြမ်းဖက်သမားအုပ်စုတစ်ခုကို ထပ်မံဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင် စီစီတီဗီရုပ်သံကလည်း ဖော်ပြသည်။ သတင်းတွင် လူဦးရေမည်မျှကို ဖမ်းဆီးထားကြောင်း ဖော်ပြခြင်း မရှိသော်လည်း လူ့အခွင့်အရေး အဖွဲ့များကမူ အကြမ်းဖက်မှုစွပ်စွဲချက်များကို ပယ်ချထားသည်။ ဒေသခံအာဏာပိုင်များက အူဂါ မွတ်ဆလင်မျိုးနွယ်ရှစ်ဦးကိုဖမ်းဆီးထားကြောင်း အေအက်ဖ်ပီအား ပြောသည်။ သို့သော် အူဂါနိုင်ငံရေးတက်ကြွလှုပ်ရှားမှုအဖွဲ့ "ကမ္ဘာ့ အူဂါ ကွန်ဂရက်" ကမူ အကြမ်းဖက်မှုကြောင့် ဖမ်းဆီးထားသည်ဆိုသော စွပ်စွဲချက်မှာ အူဂါလူမျိုးများကို နှိပ်ကွပ်ရန်သာဖြစ်ကြောင်း တုံ့ပြန်ထားသည်။ အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်က တရားရေးအာဏာပိုင်များသည်အကြမ်းဖက်မှုစွဲချက်များကို လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးပြုလုပ်ကာ ပုံနှိပ်ဖော်ပြသင့်ကြောင်း ပြောသည်။

တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်တွင် မွတ်ဆလင်ဘာသာဝင်ဖြစ်သော အူဂါလူမျိုးမှာ အနည်းစုဖြစ်ပြီး လူများစု ဟန်လူမျိုးများနှင့် ထိပ်တိုက်တွေ့ဆုံမှုများမကြာခဏဖြစ်ပွားလေ့ရှိသည်။ အူဂါလူမျိုးများကလည်းဎင်းတို့အပေါ် တရုတ်အာဏာပိုင်များ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအရေး ဖိနှိပ်မှုများရှိကြောင်း ပြောကြားပြီး ဤအချက်မှာ ရှင်ကျန်းပြည်နယ်တွင် မငြိမ်သက်မှုများ ဖြစ်ပွားရာ အဓိက အကြောင်းရင်းဖြစ်ကြောင်း ဆိုသည်။

—*Ref: AFP*




## စာမျက်နှာ(၄၈)မှ
## အစိုးရအလုပ်နေရာ ၁၅,၀၀၀ လျှော့ချရန် ဂရိပါလီမန် အတည်ပြု

နေသော လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

သို့သော် အလုပ်နေရာများ ပြတ်တောက်ခြင်းကို ကန့်ကွက်ဆန္ဒပြသူများက ပါလီမန်ပြင်ပ၌ ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြသည်။

ဥပဒေသစ်ကြောင့် အစိုးရအလုပ်သမားများအား တစ်သက်တာ အလုပ်ခန့်အပ်ရေး အခြေခံဥပဒေအရ အာမခံပေးထားမှုကို ပြောင်းပြန်လန်သွားစေမည်ဖြစ်ကြောင်း အေသင်မြို့ရှိ ဘီဘီစီ သတင်းထောက် မာ့ခ်အိုဝင်က ပြောသည်။

ပြည်သူ့ဝန်ထမ်းကဏ္ဍကို ၁၉၇၀ နှင့် ၁၉၈၀ ကျော်နှစ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ခဲ့ပြီး အစိုးရအဆက်ဆက်ကလည်း ၎င်းတို့၏ လူများကို ခန့်အပ်ခဲ့ကြကြောင်း သိရသည်။ ယခု ပြဋ္ဌာန်းလိုက်သော ဥပဒေအရလာမည့် ဇွန်လကုန်တွင် အစိုးရ အလုပ်သမား ၂,၀၀၀ အလုပ်ဆုံးရှုံးမည်ဖြစ်ကာ နှစ်ကုန်ပိုင်း၌ နောက်ထပ် ၂,၀၀၀ နှင့် ရှေ့လာမည့် နှစ်ကုန်တွင် ၁၁,၀၀၀ အလုပ်အကိုင်ဆုံးရှုံးမည်ဖြစ်သည်။

—*Ref: BBC*

## စာမျက်နှာ(၄၈)မှ
## ပြင်သစ်တပ်မတော် စစ်ဘက်ဝန်ထမ်း ၂၀,၀၀၀ လျှော့ချမည်

၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြင်သစ်နိုင်ငံ၏ စစ်သုံးစရိတ်ကို အကြမ်းဖျင်းဖော်ပြထားသည်။

ပြင်သစ်သတင်းစာ လက်စ်အက်ကိုးတွင် ဖော်ပြခဲ့သော သတင်းအရ အလုပ်နေရာ ၂၀,၀၀၀ လျှော့ချရေးအတွက် ၂၀၁၆ မှ ၂၀၁၉ ခုနှစ်အကုန်အထိ တစ်နှစ်လျှင် ပျမ်းမျှအလုပ်နေရာ ၅,၀၀၀ ခန့် လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် ပြင်သစ်ကာကွယ်ရေး အသုံးစရိတ်ကိုငါးနှစ်တာကာလအတွင်း တစ်နှစ်လျှင် ယူရိုငွေ ၁၇၉ ဒသမ ၂ ဘီလီယံခန့် ကန့်သတ်သွားမည်ဟု စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

—*Ref: France24*

## စာမျက်နှာ(၄၈)မှ
## ဘော်စတွန်ဗုံးခွဲမှုနှင့် ဆက်နွယ်နေသူများကို ကန်အာဏာပိုင်များရှာဖွေ

တာမာလန်တီဆာနက်ဗ်(၂၆)နှစ်သည် ၂၀၁၂ ခုနှစ် ရုရှားနိုင်ငံသို့ လည်ပတ်စဉ်သိသိသာသာပြောင်းလဲသွားပြီး အစွန်းရောက်ဖြစ်သွားခဲ့ကြောင်း ယုံကြည်ရသည်ဟုမိုက်ရော်ဂျားစ်က အေဘီစီ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တွင် ပြောသည်။

အမေရိကန်အာဏာပိုင်များသည် ယခုရက်ပိုင်းအတွင်း တာမာလန်တီဆာနက်ဖ်နှင့် မိခင်ဖြစ်သူ ဇူဆီဒက်တီဆာနေဗာကြားတွင် အသံဖမ်းထားသော ဆွေးနွေး ပြောဆိုမှုရှိခဲ့သည်ကို သိရှိခဲ့ကြောင်း CBS သတင်းဌာနက ပြောကြားသည်။ ရုရှားအရာရှိများက မှတ်တမ်းတင်ထားခဲ့သော ဖုန်းခေါ်ဆိုမှုတွင် တာမာလန်က ၎င်း၏မိခင်အား ဂျီးဟတ်အကြောင်း ပြောခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုများမှတစ်ဆင့် သိရှိခဲ့ရသည်။

"ကျွန်တော်တို့အနေနဲ့သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို ရှာဖွေဖော်ထုတ်ပြီး စကားပြောလိုပါတယ်" ဟု မစ္စတာ ရော်ဂျားစ်က ပြောကြားသော်လည်း ယင်းသက်ဆိုင်ရာ ပုဂ္ဂိုလ်အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

—*Ref: Reuters*




## စာမျက်နှာ(၄၈)မှ
## သူပုန်များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားဟု ဖိလစ်ပိုင်အစိုးရပြောကြား

ဖိလစ်ပိုင်နိုင်ငံတွင် ကွန်မြူနစ်များနှင့် နှစ်ပေါင်းများစွာတိုက်ခိုက်ခဲ့မှုကြောင့် ခန့်မှန်းခြေ လူပေါင်း ၃၀,၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။ အစိုးရနှင့် သူပုန်များသည် ၂၀၁၁ နှစ်ဆန်းပိုင်းတွင် နော်ဝေးနိုင်ငံ၌ ထိပ်တန်းအဆင့် စေ့စပ်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ၂၀၁၂ ဇွန်လတွင် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးနိုင်ရန် မျှော်မှန်းခဲ့သော်လည်း ပျက်ပြယ်ခဲ့သည်။

ဖိလစ်ပိုင်စစ်တပ်က ကွန်မြူနစ်သူပုန်အရေအတွက်သည် လက်ရှိတွင် နိုင်ငံအဝန်း အင်အား ၄,၀၀၀ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ၁၉၈၀ ပြည့် နှစ်များက အင်အား ၂၆,၀၀၀ ခန့်ရှိကြောင်း သိရသည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.8 • MAY 2 , 2013

# တိုက်တန်းနစ်–၂ သင်္ဘော အကုန်ကျခံတည်ဆောက်မည့် သြစတြေးလျဘီလီယံနာ ပါတီထောင်၍ရွေးကောက်ပွဲဝင်မည်

**ဆစ်ဒနီ၊ မေ–၂၇**

တိုက်တန်းနစ်သင်္ဘော ပုံတူနောက်တစ်စီးကိုတည်ဆောက်မည့်ပုဂ္ဂိုလ်အဖြစ် လူသိများသော သြစတြေးလျ ဘီလီယံနာသူဌေးကြီး ကလိုက်ဗ်ပါလ်မောသည် နိုင်ငံရေးပါတီအသစ်တစ်ရပ်တည်ထောင်၍ စက်တင်ဘာလတွင်ကျင်းပမည့်သြစတြေးလျရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရှေးရိုးစွဲပါတီဖြစ်သည့် ဘစ်ဘရယ်နေရှင်နယ်ပါတီကို အဓိကငွေထောက်ပံ့သူဖြစ်သောပါလ်မာသည် ယမန်နှစ်ကစ၍ ပါတီကို မကျေနပ်၍ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ပါတီသစ်ကို ယူနိုက်တက်သြစတြေးလျပါတီဟုအမည်ပေးထားပြီး ဟန်ပြသဘောထက် လက်ရှိပါတီကြီးများကို စိန်ခေါ်နိုင်ရန် ရည်ရွယ်ကြောင်း ဆိုသည်။

“ကျွန်တော်သြစတြေးလျဝန်ကြီးချုပ်အဖြစ် အရွေးခံသွားမှာပါ။ ကျွန်တော်ရပ်တည်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ကျွန်တော်က လူ့အဖွဲ့အစည်းကို အခြားသူတွေထက်ပိုပြီးဝန်ဆောင်မှုကောင်းကောင်းပေးနိုင်လို့ပါ”ဟု ဆိုသည်။

ကလိုက်ဗ် ပါလ်မာသည် သတ္တုတွင်းလုပ်ငန်းများကိုလည်း ပိုင်ဆိုင်ပြီး ယခုနှစ်အစောပိုင်းတွင် တိုက်တန်းနစ်သင်္ဘော-၂ ကိုတည်ဆောက်မည်ဟု ကြေညာခဲ့ရာ နိုင်ငံတကာသတင်းများတွင် နာမည်ကြီးခဲ့သည်။ အဆိုပါသင်္ဘောကို တရုတ်နိုင်ငံပိုင် CSC Jinling သင်္ဘောကျင်းတွင် အဆင့်မြင့်နည်းပညာများဖြင့် ဒေါ်လာသန်း ၂၀၀ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင်ရေချမည်ဟုကြေညာခဲ့သည်။

*—Ref: NYTimes*



Photo: AFP



Photo: AFP

*မေ ၂၇ ရက် ညနေပိုင်းက ကရာချီမြို့ရှိ နိုင်ငံရေးပါတီရုံးတစ်ခုကို ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပြီးနောက် ဒဏ်ရာရခဲ့သော လူနာတစ်ဦးကို ဆေးရုံသို့သယ်ဆောင်လာသောလူများ။ ယခုပေါက်ကွဲမှုသည် လာမည့်လတွင် ရွေးကောက်ပွဲကျင်းပကာနီး၌ နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် တိုက်ခိုက်မှုတစ်ခုဖြစ်သည်။*

# ပါကစ္စတန်တွင် နိုင်ငံရေးပစ်မှတ်များကို ရည်ရွယ်သော ဗုံးများပေါက်ကွဲ၍ လူလေးဦးသေဆုံး

**ကရာချီ၊ မေ–၂၈**

ပါကစ္စတန်နိုင်ငံကရာချီမြို့တောင်ပိုင်းတွင် နိုင်ငံရေးပစ်မှတ်များကို ရည်ရွယ်၍ ဗုံးနှစ်လုံးသီးခြား ပေါက်ကွဲခဲ့သောကြောင့် လေးဦး သေဆုံးပြီး လူ ၄၀ကျော် ဒဏ်ရာရရှိခဲ့သည်ဟုပါကစ္စတန် ရဲတပ်ဖွဲ့ကပြောကြား သည်။

မေလ ၁၁ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ပေါက်ကွဲခြင်း ဖြစ်သည်။

မည်သည့်အဖွဲ့အစည်းကမှ ပေါက်ကွဲမှုနှင့် ပတ်သက်၍ ဝန်ခံပြောကြားခြင်း မရှိသေးသော်လည်း ပိုမိုလွတ်လပ်ပြီး ဘာသာရေးအစွန်းရောက်မှုများမရှိသော နိုင်ငံရေးပါတီသုံးခုကို တာလီဘန်များက ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့သည်။

နိုင်ငံရေးအစည်းအဝေး ကျင်းပချိန်တွင် ဆိုင်ကယ်တစ်စီး၌တပ်ဆင်ထားသည့်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သောကြောင့် လူ ၃ ဦး သေဆုံးပြီး ၂၁ ဦးဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်ရဲအရာရှိ အေဇမ်ဘလို့ချ်က ပြောကြားသည်။

အခြားဗုံး တစ်လုံးသည် မူကာဟီဒါကွာမီ လှုပ်ရှားမှုအဖွဲ့ရုံးခန်းကို ပစ်မှတ်ထားခဲ့ပြီး ယင်းပေါက်ကွဲမှုကြောင့် လူတစ်ဦး သေဆုံးကာ ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ ဇဟစ်ဟက်စိန်းက ပြောကြားခဲ့သည်။

*—Ref: AP*



7 DAY NEWS JOURNAL

# International

VoVol. 1, No. 19 · 8 OCTOBER, 2010

## ပြင်သစ်တပ်မတော် စစ်ဘက်ဝန်ထမ်း ၂၀,၀၀၀ လျှော့ချမည်

**ပါရီ၊မေ-၂၉**

ပြင်သစ်သမ္မတ ဖရန့်ဆွာ ဟော်လန်ဒီအား တင်ပြရန် စီစဉ်ထားသော ပြင်သစ်နိုင်ငံ၏ စစ်အသုံးစရိတ်အတွက် ငါးနှစ်တာ စီမံချက်တွင် ကြည်း၊ ရေ၊ လေ တပ်မတော် အတွင်းရှိ အလုပ်နေရာ ၂၀,၀၀၀ ကို ဖျက်သိမ်းရန် တင်ပြထားကြောင်း ပြင်သစ် မီဒီယာက ပြောကြားသည်။

ပြင်သစ်မီဒီယာ၏ သတင်းပေးပို့ချက်အရ ပြင်သစ်ကာကွယ်ရေး အသုံးစရိတ်လျှော့ချခြင်းကြောင့် ၂၀၁၉ ခုနှစ်တွင် စစ်တပ်အတွင်းရှိ အလုပ်နေရာ ၂၀,၀၀၀ ခန့် ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

ပြင်သစ်သမ္မတအား တင်ပြရန် စီစဉ်ထားသော ကာကွယ်ရေးဝန်ကြီးဌာန၏ စက္ကူဖြူစာတမ်းတွင် ၂၀၁၄ ခုနှစ်မှစ၍

**စာမျက်နှာ(၄၆)သို့**



*၂၀၁၀ ဇူလိုင် ၁၄ ရက် Bastille day ချီတက်ပွဲ ကျင်းပစဉ်က Champs-Elysees လမ်းမကြီးပေါ်တွင် စီတန်းချီတက်နေကြသော ပြင်သစ်လေထီးတပ်သားများ*

Photo: AFP

## အစိုးရအလုပ်နေရာ ၁၅,၀၀၀ လျှော့ရန် ဂရိပါလီမန် အတည်ပြု

**အေသင်၊မေ-၂၉**

လာမည့် နှစ်ကုန်တွင် အစိုးရ အလုပ်သမား ၁၅,၀၀၀ အလုပ်ဆုံးရှုံးမည့် ဥပဒေကြမ်းတစ်ရပ်ကို ဂရိ ပါလီမန်က အတည်ပြုလိုက်သည်။

ဥပဒေကြမ်းအား ၁၆၈ မဲ ၁၂၃ မဲဖြင့် အတည်ပြုခဲ့ပြီး လက်ရှိ အာဏာရ ညွန့်ပေါင်းပါတီ သုံးခုက ထောက်ခံခဲ့သည်။ ယင်းမှာ ကုန်ကျစရိတ်များ လျှော့ချရေးနှင့် နိုင်ငံတကာငွေချေးငှားသူများထံမှ ကယ်ဆယ်ရေးငွေကြေးများရရှိနိုင်ရေး ဗဟိုနှင့်လက်ယာယိမ်း အစိုးရက ဆက်လက် လုပ်ဆောင်

**စာမျက်နှာ(၄၆)သို့**

## ဘော်စတွန်ဗုံးခွဲမှုနှင့် ဆက်နွှယ်နေသူများကို ကန်အာဏာပိုင်များရှာဖွေ

**ဘော်စတွန်၊ မေ-၂၉**

အမေရိကန်အာဏာပိုင်များသည် ဘော်စတွန်မာရသွန်ဗုံးခွဲမှုများနှင့် ပတ်သက်၍ ဆက်နွှယ်နေသူများကို ရှာဖွေနေကြကြောင်း ကန်လွှတ်တော် ထောက်လှမ်းရေး ကော်မတီခေါင်းဆောင်များက ပြောကြားပြီး ရုရှားထောက်လှမ်းရေးအေဂျင်စီများ၏ အကူအညီကိုလည်း တောင်းခံလိုက်သည်။

အမေရိကန်အောက်လွှတ်တော်ထောက်လှမ်းရေးကော်မတီ ဥက္ကဋ္ဌ မိုက်ရော်ဂျားစ်က ဗုံးခွဲမှု မသင်္ကာသူများ၏ လတ်တလော ဆက်သွယ်ခဲ့သူများနှင့် လှုပ်ရှားမှုအပေါ် ဝါရှင်တန်စုံစမ်းစစ်ဆေးမှုတွင် ရုရှားနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်ကြောင်း ပြောကြားသည်။



Photo: Boston.com

ဧပြီ ၁၅ ရက် ဗုံးခွဲမှုမှ မသင်္ကာသူနှစ်ဦးအနက် အစ်ကိုဖြစ်သူ

**စာမျက်နှာ(၄၆)သို့**

## သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားဟု ဖိလစ်ပိုင်အစိုးရပြောကြား

**မနီလာ၊မေ-၂၉**

ကွန်မြူနစ်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားခဲ့၍ ၂၀၁၆ တွင် လက်နက်ကိုင် တိုက်ပွဲများ ချုပ်ငြိမ်းရေးရည်မှန်းချက်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဘင်နစ်နို အကွီနို အစိုးရသည် ကွန်မြူနစ်များနှင့် ငြိမ်းချမ်းရေးရရှိရန် ချဉ်းကပ်နည်းအသစ်ဖြင့် ကြိုးစားခဲ့ပြီးနောက် သုံးနှစ်နီးပါးကြာအောင် စေ့စပ်ဆွေးနွေးခဲ့သော်လည်း လူသေဆုံးသည့် အကြမ်းဖက်တိုက်ခိုက်မှုအသစ် တစ်ရပ် မကြာသေးမီကထပ်မံပေါ်ပေါက်ခဲ့သည်။ အစိုးရ၏ အဓိကစေ့စပ်ညှိနှိုင်းရေးမှူးဖြစ်သူ အဲလက်စ်ပက်ဒီလာက "ကျွန်တော်တို့ အခုလမ်းပျောက်နေပါတယ်။ ကျွန်တော်တို့ ဆွေးနွေးသည်ဖြစ်စေ၊ မဆွေးနွေးသည်ဖြစ်စေ အကြမ်းဖက်မှုတွေ ဆက်ဖြစ်နေပြီး ဘာမှမပြောင်းလဲခဲ့ပါဘူး။ ဒီတော့ ကျွန်တော်တို့ ဘာကြောင့် ဆွေးနွေးဖို့ တွန်းအားပေးနေမှာလဲ"ဟု အေအက်ဖ်ပီအား ပြောသည်။

ဖိလစ်ပိုင်သမ္မတ အကွီနိုက ကွန်မြူနစ်သူပုန်များ၏ ၄၄ နှစ်ကြာ ပုန်ကန်မှုကို အဆုံးသတ်လိုကြောင်း ပြောခဲ့ပြီး ၎င်း၏ ရာထူးသက်တမ်း ကုန်ဆုံးချိန် ၂၀၁၆ တွင် ငြိမ်းချမ်းရေးရရန် ရည်မှန်းခဲ့သည်။

**စာမျက်နှာ(၄၆)သို့**

